# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေဖြော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)


၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၂ ရက်၊ တနင်္လာနေ့။ | Monday 7 January 2019 | ၉၅၂၄


# အိမ်မဲမြို့နယ်၌ ကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်သို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန့်ကြင်ကြည် တက်ရောက်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်ကို ဖားစည်တီး၍ ဖွင့်လှစ်ပေးစဉ်။

**အိမ်မဲ ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနနှင့် ကရင်အမျိုးသားစာပေနှင့် ယဉ်ကျေးမှုဦးစီးကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကရင်သက္ကရာဇ် ၂၇၅၈ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်ကို ယနေ့ နံနက် ၈ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တောင်စုကျေးရွာ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန့်ကြင်ကြည်တို့ တက်ရောက်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ နိုင်သက်လွင်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ရဲဝင်းဦး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ဒုတိယဥက္ကဋ္ဌ ဖဒိုစောကွယ်ထူးဝင်းနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐


# ကမ္ဘာ့စိတ်ဝင်စားစရာအကောင်းဆုံး မြို့ကြီးသုံးမြို့တွင် ရန်ကုန်မြို့ပါဝင်

**ရန်ကုန် ဇန်နဝါရီ ၆**

ရင်းနှီးမြှုပ်နှံသူများအပါအဝင် ကမ္ဘာ့ပြည်သူများ စိတ်ဝင်စားမှုအကောင်းဆုံး မြို့ကြီးသုံးမြို့တွင် ရန်ကုန်မြို့သည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သာကေတမြို့တည် နှစ် (၆၀) ပြည့် အခမ်းအနားတွင် ထည့်သွင်းပြောကြားသည်။

**ကမ္ဘာပေါ်မှာ လူအများဆုံး စိတ်ဝင်စားမှုအရှိဆုံး မြို့သုံးမြို့**

"မကြာသေးမီက ကိုရီးယားသံအမတ်ကြီးက ကျွန်တော့်ဆီကို စာတစ်စောင်ပို့ပါတယ်။ ကမ္ဘာပေါ်မှာ လူအများဆုံး စိတ်ဝင်စားမှုအရှိဆုံး မြို့သုံးမြို့ရှိပါတယ်။ အဲဒါတွေကတော့ မြို့အကြီးကြီးတွေထက် နောက်ထပ်ဖွံ့ဖြိုးတိုးတက်လာမယ့်မြို့တွေကို စိတ်ဝင်စားနေကြပါတယ်။ အဲဒီမြို့သုံးမြို့ဟာ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ဖြစ်ပါတယ်။ နောက်ထပ်တစ်ခုကတော့ မြန်မာနိုင်ငံ ရန်ကုန်မြို့ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ စပိန်နိုင်ငံ ဘာစီလိုနာမြို့ဖြစ်ပါတယ်။ ဒီသုံးမြို့ဟာ သူတို့ရဲ့ နောက်ဆုံးစစ်တမ်းကောက်ယူမှုအရ စိတ်ဝင်စားဖွယ် အကောင်းဆုံးအခြေအနေသို့ ရောက်ရှိနေပါတယ်တဲ့။ ဒီအခြေအနေကို အမိအရဆုပ်ကိုင်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဆွဲဆောင်ပြီးတော့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံက အရှိန်အဟုန်မြင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။


**စာမျက်နှာ ၈ ကော်လံ ၄ သို့** ❖




**အထပ်မြင့်တိုက်တာများ ပေါ်ထွက်လာနေသော ရန်ကုန်မြို့၏ မြင်ကွင်းတစ်နေရာ။**

ဓာတ်ပုံ-တင်စိုး




ကြေးမုံ

# အထက်မြက်ဆုံးလက်နက်သည် စုပေါင်းအင်အား

ယနေ့ကာလသည် တိုင်းရင်းသားပြည်သူများ၊ နိုင်ငံသူ နိုင်ငံသားများ၏ ငြိမ်းချမ်းပျော်ရွှင်မှုအပေါင်းကိုစုစည်းဖော်ထုတ်ပြသသည့် အချိန်ကာလဟု ဆိုနိုင်သည်။ နှစ်ဟောင်းကုန်ဆုံးပြီး နှစ်သစ်သို့ကူးပြောင်းသည့် အချိန်ကာလ၌ တစ်တိုင်းပြည်လုံးနှင့်သက်ဆိုင်သည့် နှစ်သစ်ကူးနေ့၊ လွတ်လပ်ရေးနေ့တို့ကို ငြိမ်းချမ်းပျော်ရွှင်စွာ ဖြတ်သန်းခဲ့ကြပြီးနောက် ဇန်နဝါရီလ ၆ ရက်နေ့တွင် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးဖြစ်သည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို နိုင်ငံတစ်ဝန်းတွင် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲကျင်းပကြသည်။

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားလူမျိုးများသည် သက်ဆိုင်ရာတိုင်းရင်းသားဒေသအသီးသီးကိုကိုယ်စားပြု၍ နိုင်ငံတစ်ဝန်းတွင် အတူလက်တွဲကာ ပျံ့နှံ့နေထိုင်လျက်ရှိနေခြင်းသည် ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း ညွှန်းဆိုပြသနေခြင်းဖြစ်သည်။ တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံများကို နိုင်ငံတစ်ဝန်းတွင် လွတ်လပ်ပျော်ရွှင်စွာဖြင့် ဖော်ထုတ်ပြသခွင့်ရရှိကြသည်မှာလည်း တစည်းတလုံးတည်းအင်အားရှိသော ပြည်ထောင်စုကြီးအဖြစ် ဖော်ညွှန်းပြသခြင်းပင် ဖြစ်သည်။

ယင်းနှင့်ပတ်သက်၍ "ယခုကဲ့သို့သောကောင်းမြတ်သည့် ဓလေ့စရိုက်များသည် ဒီမိုကရေစီပြည်ထောင်စုကြီးတည်ဆောက်ရန်အတွက် တန်ဖိုးကြီးလှသော အရင်းအမြစ်များဖြစ်ပါသည်။ ပြည်တွင်း၊ ပြည်ပ စိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည့် အချိန်အခါသမယမှာ တိုင်းရင်းသားအားလုံး၏ တစ်ဦးချင်း၊ တစ်ဦးချင်းအရည်အသွေး၊ စိတ်ဓာတ်တို့သည် များစွာအရေးကြီးလှပါသည်။ အားလုံးညီညွတ်စွာ စုပေါင်းလိုက်သော အင်အားသည် နိုင်ငံကာကွယ်ရေး၊ လုံခြုံရေးအတွက် အထက်မြက်ဆုံးလက်နက်ဖြစ်ပါသည်"ဟု နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အတွက်ပေးပို့သော သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

ကရင်တိုင်းရင်းသားဘိုးဘေးဘီဘင်များ၏ ကောင်းမြတ်သော လက်ဆင့်ကမ်းအမွေမှာ ရိုးသားခြင်း၊ ကြိုးစားခြင်း၊ သစ္စာရှိခြင်း သန္နိဋ္ဌာန်ဖြင့် တိကျပြတ်သားစွာလုပ်ကိုင်တတ်ခြင်းနှင့် ပေါင်းစည်းခြင်း၊ ပျော်ရွှင်ခြင်း၊ စည်းလုံးခြင်း၊ အနာဂတ်အတွက် ကောင်းမွန်စွာမျှော်လင့်ခြင်းတို့ဖြစ်ရာ ယင်းစိတ်ဓာတ်နှင့်အရည်အသွေးတို့ဖြင့် တစ်နိုင်ငံလုံးတွင် ပျော်ရွှင်စွာဆင်နွှဲကြခြင်းသည် ပြည်ထောင်စုနိုင်ငံအတွက် တန်ဖိုးကြီးသောအားအင်များပင် ဖြစ်သည်။ အလားတူပင် အခြားသော တိုင်းရင်းသားလူမျိုးအသီးသီးတို့သည်လည်း နိုင်ငံတစ်ဝန်းတွင် ၎င်းတို့၏ ကောင်းခြင်းလက္ခဏာများကို ထုတ်ဖော်ပြသနိုင်ကြပေသည်။

ယင်းသည် ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ တစုတစည်းတည်း ပျော်ရွှင်စွာနေထိုင်ကြသည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။ ထိုသို့စုစည်းညီညွတ်စွာ စုပေါင်းလိုက်သောအင်အားသည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်မည်ဆိုသည့် အထက်မြက်ဆုံးလက်နက်ဖြစ်သည်။ ထိုလက်နက်ဖြင့်ပင် ပြည်ထောင်စုကြီးကို နှစ်ပေါင်းထောင်ချီစုစည်းတည်ထောင်နိုင်ခဲ့ပြီး လွတ်လပ်သော နိုင်ငံတော်အဖြစ် ဖန်တီးနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများ ပြည်ထောင်စုကြီးအတွင်း ဤကဲ့သို့ လွတ်လပ်ပျော်ရွှင်စွာဖြင့် မိမိတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်များကို ဖော်ထုတ်နိုင်သော်လည်း ပြည်တွင်းစစ်၏ဆိုးကျိုးများကို ခံစားနေကြရသော တိုင်းရင်းသားပြည်သူများအတွက် ကိုယ်ချင်းစာမိမည်ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးကိုမဖြစ်မနေရယူရန် လိုအပ်သည်ဟု လေးနက်စွာ နားလည်ယုံကြည်ကြမည်ဖြစ်သည်။ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများတွင် ဖြောင့်မတ်တည်ကြည်သော ကရင်တိုင်းရင်းသားများ၏ စွမ်းရည်သတ္တိကဲ့သို့ အားလုံးသော တိုင်းရင်းသားအပေါင်းတို့ကလည်း ထုတ်ဖော်နိုင်ကြလိမ့်မည်ဟု ယုံကြည်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး နှစ်ပေါင်းထောင်ချီ ကမ္ဘာတည်သရွေ့ ရေတွက်၍မရနိုင်သော မျိုးဆက်များ စိတ်ချမ်းသာ၊ ကိုယ်လုံခြုံစွာရှိစေရေးအတွက် ဘိုးဘွားများ ချမှတ်ခဲ့သည့် မွန်မြတ်သော အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း အထက်မြက်ဆုံး လက်နက်ဖြစ်သည့် စုပေါင်းအင်အားဖြင့် နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ကြပါရန် ဆန္ဒပြုပါကြောင်း။ ။

# အပူပိုင်းမုန်တိုင်း ပါဘက် အခြေအနေတည်ငြိမ်အေးချမ်း၍ ကော့သောင်းမြို့တွင် ခရီးသွားလုပ်ငန်းနှင့် နှစ်နိုင်ငံနယ်စပ်ဖြတ်သန်းဂိတ်များ ပြန်လည်ဖွင့်လှစ်

**ကော့သောင်း ဇန်နဝါရီ ၆**

အပူပိုင်းမုန်တိုင်းပါဘက် ဖြတ်သန်းရာလမ်းကြောင်းနှင့် အနီးဆုံးမြို့ဖြစ်သည့် ကော့သောင်းမြို့တွင် စိုးရိမ်ဖွယ်မုန်တိုင်းအန္တရာယ်ကြောင့် ရပ်နားပိတ်သိမ်းထားခဲ့သည့် ပင်လယ်ကျွန်းအပန်းဖြေခရီးစဉ်များနှင့် မြန်မာ-ထိုင်းနှစ်နိုင်ငံ ဖြတ်သန်းသွားလာမှုနယ်စပ်ဂိတ်များ ယနေ့နံနက်ပိုင်းတွင် ပြန်လည် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ကော့သောင်းမြို့နယ် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ သိရသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ဇန်နဝါရီ ၆ ရက် မြန်မာစံတော်ချိန် ၇ နာရီအချိန် ထုတ်ပြန်ချက်အရ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း ပါဘက် (Pabuk)သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ တောင်၊ အရှေ့တောင်ဘက် ၂၃၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်း၏ တောင်၊ အရှေ့တောင်ဘက်မိုင် ၃၃၀ ခန့်၊ အိန္ဒိယနိုင်ငံ ပို့ဘလဲယားမြို့၏ အရှေ့တောင်ဘက်မိုင် ၁၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေးသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ထားကြောင်း၊ ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ နှုန်းဖြစ်ကာ နောက် ၂၄ နာရီအတွင်း အနောက်၊ အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ကပ္ပလီကျွန်းစုသို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရကြောင်း ထုတ်ပြန်ထားကြောင်း သိရသည်။



မုန်တိုင်းအခြေအနေ ငြိမ်သက်မှုဖြစ်စဉ်ကြောင့် လွန်ခဲ့သည့် ရက်ပိုင်းအတွင်းက ရပ်နားပိတ်သိမ်းထားသည့် ပင်လယ်ကျွန်းအပန်းဖြေခရီးစဉ်များနှင့် မြန်မာ-ထိုင်းနယ်စပ်ဖြတ်သန်းဂိတ်များ ပြန်လည်ဖွင့်လှစ်ခဲ့သဖြင့် လာရောက် လည်ပတ်ကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွားများအား သက်ဆိုင်ရာ ခရီးသွားကုမ္ပဏီများမှ ပင်လယ်ကျွန်း အပန်းဖြေစခန်းများသို့ စတင်ပို့ဆောင်ပေးလျက်ရှိသည်။

နှစ်နိုင်ငံ ကူးသန်းရောင်းဝယ်ဖောက်ကားနေကြသည့် မြို့နေပြည်သူများနှင့် ကော့သောင်း-ရနောင်း ပြေးဆွဲ ပို့ဆောင်ပေးလျက်ရှိသည့် ကူးတို့ပွဲချိတ်လှေများ ပြန်လည်သက်ဝင်လှုပ်ရှား သွားလာနေကြသည်ကို ယနေ့နံနက်ပိုင်းတွင် တွေ့ရသည်။

လက်ရှိ ကော့သောင်းမြို့၏ နံနက်ပိုင်း ရာသီဥတုအခြေအနေမှာ နေသာ၍ အေးချမ်းတည်ငြိမ်ကာ ပါချန်ပင်လယ်ဝနှင့် ထိုင်း-မြန်မာ နယ်ခြား ပါချန်မြစ်ကြောင်းတစ်လျှောက်လှိုင်း၊ လေငြိမ်သက်လျက် မြို့နေပြည်သူများ ပုံမှန်ရောင်းဝယ်ဖောက်ကား သွားလာလျက်ရှိကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# (၈၁)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပ

**မုဒုံ ဇန်နဝါရီ ၆**

မုဒုံမြို့ မြို့မ ၄ ရပ်ကွက် ကျွန်းရွာလမ်း အထကခွဲ ဗိုလ်တေဇကျောင်းဝင်းအတွင်း၌ (၈၁)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ယနေ့ နံနက် ၆ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်း၊ အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများတက်ရောက်ကြပြီး နိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံတို့အား အလေးပြုခဲ့ကြသည်။

ထို့နောက် (၈၁)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူး သဝဏ်လွှာကို ဦးစောစိန်သောင်းက ဖတ်ကြားခဲ့ပြီး ကော်မတီအဖွဲ့ဝင် နန်းနီနီလင်းထွန်းက ကရင်အမျိုးသားနှစ်သစ်ကူး ဖြစ်ပေါ်လာပုံအကြောင်းကို လည်းကောင်း၊ စောသိန်းသန်းထွန်းက ပိုးကရင်ဘာသာဖြင့် ကရင်နှစ်သစ်ကူးဆုမွန်လွှာကို လည်းကောင်း၊ နန်းဂျူးဂျူးဝင်းထက်က မြန်မာဘာသာဖြင့်လည်းကောင်း ဖတ်ကြားပြီး ဥက္ကဋ္ဌ ဦးမြင့်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာသူများက ကရင်နှစ်သစ်ကူးသီချင်းအား စုပေါင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မုဒုံ(ပြန်/ဆက်)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



# ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း သင်တန်းဖွင့်

**အထက်မင်းလှ ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် သစ်တောဦးစီးဌာနမှ မြန်မာပြည် သစ်တောများ ပြန်လည်ထူထောင်ရေး (MRPP) အထောက်အကူပြု ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းသင်တန်းကို ယနေ့ နံနက် ၉ နာရီက မင်းလှမြို့ ရုံးရပ်တောင်ရပ်ကွက် လယ်ပြင်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သရက်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့က အမှာစကားပြောကြားပြီး မင်းလှမြို့နယ် သစ်တောဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သရက်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့က သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြသည်။ အဆိုပါ သင်တန်းတွင် ဘာသာရပ် ၁၉ မျိုး သင်ကြားပို့ချပေးမည်ဖြစ်ပြီး မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာမှ သင်တန်းသား ၅၀ အား ငါးရက်ကြာသင်တန်း ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာဇာ( အထက်မင်းလှ)**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၆၂၇

### ❐ ရွှေဖုံးမှ

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် မန်းဂျော်နီ၊ ကရင်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး ဂျိမိုးမြတ်မြတ်သူ၊ ကရင်အမျိုးသားအစည်း အရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ဒုတိယဥက္ကဋ္ဌ ဖဒိုစောကွယ်ထူးဝင်းတို့က အခမ်းအနားကို ဖားစည်တီး၍ ဖွင့်လှစ်ပေးကြသည်။

### နှုတ်ခွန်းဆက်သဝဏ်လွှာ ဖတ်ကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အတွက် ပေးပို့သော နှုတ်ခွန်းဆက်သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်း ခိုင်သန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဆိုသည်မှာ ကရင် တိုင်းရင်းသားတို့၏ သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်ပါကြောင်း၊ မြန်မာပြည် အင်္ဂလိပ်လက်အောက်ကျရောက်ခဲ့စဉ် ၁၈၈၁ ခုနှစ်တွင် "ဒေါကလု" ဆိုသည့် ကရင်အမျိုးသား အသင်းကြီး (Karen National Association) ပေါ်ပေါက် လာပြီး ကရင်အမျိုးသားတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးတိုးတက်မြင့်မားစေရန် ရည်သန်ကာ အသင်းကြီး၏ ကြိုးပမ်းမှုနှင့်အတူ အမြော်အမြင်ကြီးမားသည့် ဒေါက်တာတီသံပြာကဲ့သို့ ကရင် အမျိုးသားခေါင်းဆောင်များ၏ ဦးဆောင်ကြိုးပမ်းမှုကြောင့် ၁၉၃၇ ခုနှစ် ဩဂုတ် ၂ ရက်တွင် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ မူကြမ်းကို အင်္ဂလိပ်ခေတ် မြန်မာ့ပါလီမန် တွင် အသိအမှတ်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

ပါလီမန်လွှတ်တော်အမတ်များ၏ ညီညီညွတ်ညွတ် ကြိုးပမ်းအားထုတ်မှုကြောင့် သလေးထိုင်ခုတ်ဖို ပြာသိုလ ဆန်း ၁ ရက်နေ့သည် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အဖြစ် သတ်မှတ်ခံရသည့်အတွက် ပထမဆုံး ကရင် အမျိုးသားနှစ်သစ်ကူးနေ့မိန့်ခွန်းကို ၁၉၃၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် အသံလွှင့်ခဲ့ပါကြောင်း၊ အဆိုပါ မိန့်ခွန်းတွင် "ကျွန်ုပ်တို့သည် ကရင်တစ်မျိုးသားလုံး၏ စည်းလုံး ညီညွတ်မှုကို တည်ဆောက်ရင်း ညီညွတ်သော မြန်မာနိုင်ငံ အဖြစ်သို့ ပါဝင်ဆောင်ရွက်ကြိုးပမ်းကြမည်။ ကျွန်ုပ်တို့ ကရင်အမျိုးသား ခေါင်းဆောင်များအနေဖြင့် ကိုယ်ကျိုး မဖက်၊ မကြောက်မရွံ့ဘဲ လူမျိုးရေးနှင့် ဘာသာရေး အာဃာတ အလျှဉ်းကင်းစင်သောစိတ်ထားဖြင့် တိုင်းပြည်၊ နိုင်ငံတော်အကျိုးစီးပွားကို ဆောင်ရွက်ကြမည်"ဟု ပါရှိပါ ကြောင်း။

### လူမျိုးဘာသာ မခွဲခြား

ယနေ့ကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သတ်မှတ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြသော ကရင်အမျိုးသားခေါင်းဆောင်ကြီးများ၏ အမြော်အမြင် ကြီးမားမှု၊ ကိုယ်ကျိုးမဖက်သည့်စိတ်ထား၊ လူမျိုးဘာသာ မခွဲခြားဘဲ အာဃာတကင်းစင်သည့် စိတ်ဓာတ်များနှင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်လိုသည့် စိတ်ဆန္ဒများရှိနေကြောင်း ကို အသံလွှင့်မိန့်ခွန်းတွင် အထင်အရှား တွေ့မြင်နိုင်ပါ ကြောင်း။

ကရင်တိုင်းရင်းသားများသည် ရိုးသားကြကြောင်း၊ သစ္စာရှိကြောင်း၊ ကရင်အမျိုးသားများသည် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြောင်း၊ ကောက်ပဲသီးနှံများ ပေါ်ထွန်းလာချိန်တွင် ကောက်သစ်စားပွဲများကျင်းပကာ ကွဲကွာနေသောမိသားစုများ၊ ဆွေမျိုးသားချင်းများ ပြန်လည်ဆုံစည်းကြပြီး နှစ်သစ်ဆုမွန်များတောင်းကြ ကြောင်း၊ စားကောင်းသောက်ဖွယ်များဖြင့် တည်ခင်း ဧည့်ခံကာ စည်းလုံးခြင်း၊ ပျော်ရွှင်ခြင်း၊ ပေါင်းစည်းခြင်း၊ အနာဂတ်ကို ယုံကြည်မျှော်လင့်ခြင်းများစွာဖြင့် ကောက်သစ်စားပွဲ နှစ်သစ်ကူးအခါဟုလည်း ဆိုနိုင်ပါ ကြောင်း။

### ပူးပေါင်းရင်ဆိုင်

ယနေ့ကဲ့သို့ ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော် အခမ်းအနားများကို မြန်မာ နိုင်ငံတစ်ဝန်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ယခု ဆိုလျှင် ၈၁ နှစ်ရှိခဲ့ပြီဖြစ်ပြီး စည်းလုံးညီညွတ်ခြင်းသက်သေ ဟု ဆိုနိုင်ပါကြောင်း၊ ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်း ရေးအတွက် နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ အပစ်အခတ်ရပ်စဲရေး၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ ဒေသအသီးသီးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုင်း တွင်လည်း တခြားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ နှင့်အတူ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် ဖြင့် အတူတကွ ပူးပေါင်းရင်ဆိုင် ဖြေရှင်းကြရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း။

### ဆုမွန်ကောင်းတောင်း

နိဂုံးချုပ်အနေဖြင့် ကရင်အမျိုးသားတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ် အလာကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ကြပါစေ ကြောင်း၊ ကရင်အမျိုးသားများသည် ပြည်ထောင်စုကြီး အတွက် ကြီးမားခိုင်မာသော အင်အားတစ်ရပ်ဖြစ်ပါစေ ကြောင်း၊ ရရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုး တိုးတက်မှုအခြေခံကောင်းများနှင့်အတူ ဖွံ့ဖြိုးတိုးတက် သည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးဆီသို့ အတူ လျှောက်လှမ်းနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ် ပါကြောင်း ပြောကြားသည်။

**စာမျက်နှာ ၄ သို့ ❖**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်တွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်တို့ ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်တွင် ပါဝင်ဆင်နွှဲကြစဉ်။





ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တောင်စုကျေးရွာ၌ ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော် ကျင်းပစဉ်။



ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်

❖ စာမျက်နှာ ၃ မှ

ယင်းနောက် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးက ကောက်သစ်စားပွဲသည် ယခုမှ ပြုလုပ်ကျင်းပခြင်းမဟုတ်ဘဲ ဘိုး၊ ဘေး၊ ဘီ၊ ဘင် လက်ထက်ကတည်းက ကျင်းပလာသည့် ကရင်ရိုးရာဓလေ့ ဖြစ်ပါကြောင်း၊ ကျင်းပသည့်နေ့ရက်ကို သတ်မှတ်မထား သော်လည်း ဒေသအလိုက်၊ အဖွဲ့အစည်းအလိုက် အခက် အခဲအမျိုးမျိုးကြားမှ ကောက်သစ်စားပွဲကို မပြတ်မနေ ကျင်းပလာခဲ့ကြပါကြောင်း၊ ကရင်တိုင်းရင်းသားများအနေ ဖြင့် စွဲကိုင်ထားသည့် ရိုးရာဓလေ့များကို ဆက်ပြီး ကမ္ဘာတည်သရွေ့ ကျင်းပသွားစေလိုပါကြောင်း ပြောကြား သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကမ္ဘာတစ်ဝန်းတွင် ကောက်သစ်စားပွဲတော်များ ကျင်းပ သည်ကို တွေ့ရပါကြောင်း၊ ကောက်သစ်စားပွဲကို ကောက်ရိတ်သိမ်းပွဲဟုလည်း ခေါ်ဆိုကြပါကြောင်း၊ မြန်မာနိုင်ငံတွင် တခြားတိုင်းရင်းသားများလည်း အလားတူ ပွဲများ ကျင်းပကြပါကြောင်း၊ ယနေ့ကျင်းပသည့် ကရင် အမျိုးသားများ၏ ကောက်သစ်စားပွဲတော်မှာ ထူးခြား စည်ကားလှသည်ကို တွေ့ရပါကြောင်း၊ ကောက်သစ်စားပွဲ များသည် လူမျိုးအသီးသီး၏ ယဉ်ကျေးမှုသမိုင်းတွင် ရှိသည့် ကနဦးအစ ယဉ်ကျေးမှုပွဲတော်များဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရှေးယခင်ကတည်းက ကရင်တိုင်းရင်းသားများအနေဖြင့် ကောက်သစ်ပေါ်ချိန်တွင် ကောက်သစ်စားပွဲများကို မိသားစုဝင်များစုံညီစွာဖြင့် ပျော်ပျော်ပါးပါး ကျင်းပလာခဲ့ သည့် အစဉ်အလာနှင့်ကိုက်ညီစွာ ယခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အခါသမယတွင်လည်း ကရင်တစ်မျိုးသားလုံး ပေါင်းစည်းခြင်း၊ ပျော်ရွှင်ခြင်း၊ စည်းလုံးခြင်း၊ အနာဂတ် အတွက် ကောင်းမွန်စွာ မျှော်လင့်ခြင်းများဖြင့် ပြည့်စုံပါစေ ဟု ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း၊ ကရင်အမျိုးသား များသည် တခြားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် လက်တွဲပြီး ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရရှိထားသည့် အစဉ်အလာ ကောင်းများနှင့်အတူ ဝန်းရံဆောင်ရွက်သွားကြစေလိုပါ ကြောင်း ပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ**

ထို့နောက် အခမ်းအနား ကျင်းပရာနေရာတွင် ကောက်သစ်စားပွဲကို ကရင်ရိုးရာဓလေ့အတိုင်းကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်း ဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီးနှင့် တက်ရောက်လာသူများက ကရင်ရိုးရာအဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ကရင်စာပေနှင့် တူရိယာ ပစ္စည်းများ၊ ကရင်တိုင်းရင်းသားခေါင်းဆောင်များနှင့် ကရင်လူမျိုးများ လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေး ကြိုးပမ်းမှု တွင် ပါဝင်ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ခင်းကျင်း ပြသထားသည့် ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်း-မင်းသစ် (MNA)**

**ဓာတ်ပုံ- နေလင်း၊(ခရိုင် ပြန်/ဆက်)**

# အိမ်မဲမြို့နယ်၌ ကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်တွင် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများ ကျင်းပ

**အိမ်မဲ ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ကရင် တိုင်းရင်းသားရေးရာဝန်ကြီးဌာနနှင့် ကရင် အမျိုးသားစာပေနှင့် ယဉ်ကျေးမှုဦးစီးကော်မတီ တို့ ပူးပေါင်းပြီး ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာ အုပ်စု တောင်စုကျေးရွာတွင် ကျင်းပသည့် ကရင်သက္ကရာဇ် ၂၇၅၈ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်တွင် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ထည့်သွင်း ကျင်းပရာ အားပေးသည့် ပရိသတ်များပြားမှု ကြောင့် ရုံလျှံသွားကြောင်း လက်ဝှေ့ပွဲကျင်းပ ရေးအဖွဲ့မှ သိရသည်။

"လက်ဝှေ့ပြိုင်ပွဲတွေကို ညပိုင်းမှာကျင်းပ တယ်။ လက်ဝှေ့ပွဲမှာ ၂၀၁၈ ခုနှစ် ရွှေခါးပတ် ချန်ပီယံ လက်ဝှေ့ကစားသမားတွေပါတယ်။ ပွဲတွေကတော့ တော်တော် အကြိတ်အနယ် ရှိတယ်။ ကြည့်လို့လည်းကောင်းတယ်။ မကျေ ပွဲတွေတောင်ပါတယ်။ လာအားပေးတဲ့ ပရိသတ်ကတော့ ရုံတောင်လျှံသွားတယ်"ဟု လက်ဝှေ့ပွဲကျင်းပရေးအဖွဲ့မှ ဒေါက်တာ မန်းအောင်မြတ်ကျော်က ပြောသည်။

ကရင်အမျိုးသား နှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်တွင် ထည့်သွင်းကျင်းပ သည့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲတွင် အမျိုးသားလက်ဝှေ့ပြိုင်ပွဲများသာမက အမျိုး သမီးလက်ဝှေ့ပွဲများကိုလည်း ထည့်သွင်း ကျင်းပခဲ့ကြောင်း သိရသည်။

"မနှစ်က ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ပုသိမ်မှာ လက်ဝှေ့ပွဲသုံးည ထည့်သွင်းကျင်းပ ခဲ့တယ်။ ဒီမှာတော့ ဇန်နဝါရီ ၄ ရက်နဲ့ ၅ ရက် နှစ်ရက်ပဲကျင်းပတယ်။ ဆုကြေးကတော့ ပွဲတစ်ပွဲလုံး သိန်းတစ်ရာ့ငါးဆယ်လောက် သုံးမယ်လို့ သတ်မှတ်ထားတယ်" ဟု ဒေါက်တာမန်းအောင်မြတ်ကျော်က ပြော သည်။

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ပထမနေ့ ကို ဇန်နဝါရီ ၄ ရက် ညပိုင်းတွင် ကျင်းပသည့် အမျိုးသားလက်ဝှေ့ပွဲ၌ ယျူးခလိန်းမင်း (မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် လက်သီးမိုး (ရွှေသထုံ)၊ အောင်ထက်(မြိုင်ကလေးဘိလပ် မြေစက်ရုံ)နှင့် အောင်ကျော်ဟိန်း (တိုက်ဂါး၊ ဘားအံ)၊ ဆလိုင်းချမ်းမြေ့ကို (ရွှေဘားလား၊ ဘားအံ)နှင့် ရဲသွေးအောင်(အဖြူရောင်သွေး သစ်၊ရန်ကုန်)၊ သားဒိန်း (ဖိုးရာဇာ၊ရန်ကုန်) နှင့် ချိုတူးအောင်(ဓမ္မဟောဝန်၊ဘုရားသုံးဆူ)၊ ရွှေမိုးပျံ(ရွှေသထုံ၊သထုံ)နှင့် သိန်းစိုး (အဖြူရောင် သွေးသစ်)၊ကျောက်ရိုင်း(ဓမ္မဟောဝန်၊ဘုရား သုံးဆူ)နှင့် ဟိန်းထွန်းကျော် (ဥဿမင်း၊ပဲခူး)၊ ရှိုင်းကိုကို(ဥဿမင်း၊ပဲခူး)နှင့် ရဲကျော်သူ (RAY) တို့ ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသမီးလက်ဝှေ့ပွဲ တွင် မာရီးနား(ခြသေ့်မင်း)နှင့် သော်နေထူး (ဇာနည်မောင်)တို့ ယှဉ်ပြိုင်ကြသည်။



ဒုတိယနေ့ ဇန်နဝါရီ ၅ရက် ညပိုင်းတွင် ကျင်းပသည့် အမျိုးသားလက်ဝှေ့ပွဲ၌ စောဆဝါး (ဒို့ရိုးရာ၊သထုံ)နှင့် ပိုက်ထွေး (ရွှေသထုံ၊သထုံ)၊ ကောင်းကောင်း(မြိုင်ကလေး ဘိလပ်မြေစက်ရုံ)နှင့် ထွန်းလင်းအောင် (ဒို့ရိုးရာ၊ သထုံ)၊ ကျော်နိုင်(တိုက်ဂါး၊ ဘားအံ) နှင့် စည်သူအောင် (ရွှေဘားလား၊ ဘားအံ)၊ ဆလိုင်းဟိန်းထက်ကို (ရွှေဘားလား၊ဘားအံ) နှင့် ကြယ်စင်ထွန်း (အဖြူရောင်သွေးသစ်)၊ ရွှေချော( ရွှေဒေါပုံ၊ရန်ကုန်)နှင့် လျှမ်းတောက် (A.M.T.2)၊ စောချစ်သဲ(ဇာတိမာန်၊ရန်ကုန်) နှင့်ချောညို (ရွှေဒေါပုံ)၊မိုးလွင်ဦး(ခြသေ့်မင်း၊ ရန်ကုန်)နှင့်ရဲကျော်သူ(RAY)တို့ ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသမီးလက်ဝှေ့ပွဲတွင် စိန်တစ်ပွင့် (ဇာတိမာန်၊ရန်ကုန်)နှင့် ငြိမ်းအိ(တိုက်ဂါး၊ ဘားအံ) တို့ ယှဉ်ပြိုင်ခဲ့ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-မင်းသစ်(MNA)**

**❋ ရန်ကုန်မြို့မှ**

ရန်ကုန်မြို့တော်ခန်းမ၌ အစည်းအဝေးပြုလုပ်ခဲ့ကြောင်း၊ ရန်ကုန်မြို့တော်ဝန်က ရန်ကုန်တိုင်းဒေသကြီးတစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်ရေးစီမံချက်ကို အကောင် အထည်ဖော်ဆောင်ရွက်မည်ဟု ကြေညာပြီး ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့က ရန်ကုန်မြို့တစ်ခွင်ဆေးလိပ်ငွေ့ ကင်းစင်ရေး၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၃၃ မြို့နယ် တွင် ဆေးလိပ်ငွေ့ကင်းစင်ရေး ငါးနှစ် စီမံချက်ချမှတ်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တကယ်အကောင်အထည်ဖော်ရမယ်**

"ကျောက်တံတားမြို့နယ်ကို စံပြမြို့နယ်အဖြစ် အကောင်အထည်ဖော်မယ်ဆိုပြီးတော့ ဆွေးနွေးပွဲတွေ၊ တွေ့ဆုံပွဲတွေ၊ လေ့လာစမ်းစစ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ပြုလုပ်ခဲ့တဲ့ အတွေ့အကြုံအရ ဆေးလိပ် သောက်ခွင့်မရှိတဲ့နေရာမှာ ၃၀ ရာခိုင်နှုန်းလောက်က ဆေးလိပ်မသောက်တာကို တွေ့ရပြီး ၇၀ ရာခိုင်နှုန်းက ဆေးလိပ်သောက်တာကို တွေ့ရတယ်။ အထူးသဖြင့် စားသောက်ဆိုင်တွေ၊ ရုံးဌာနတွေမှာ ဆေးလိပ်သောက် တာကို တွေ့ရတဲ့အတွက် ဆေးလိပ်ငွေ့ကင်းစင်ရေးကို တကယ်အကောင်အထည်ဖော်ရမယ်ဆိုတာ ပေါ်လွင် သွားတာဖြစ်ပါတယ်။ အဲဒါကြောင့် လူထုလှုပ်ရှားမှုပွဲတွေကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ဒေါက်တာသန်းစိန်က ပြောသည်။

**အကောင်အထည်ဖော်သွားမည်**

အဆိုပါ ဆေးလိပ်ငွေ့ကင်းစင်နယ်မြေသတ်မှတ်နိုင် ရန် လွန်ခဲ့သည့်နှစ်နှစ်ကျော်မှစ၍ ရှမ်းပြည်နယ်၊ ကရင် ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်း၊ မကွေး၊ မန္တလေးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဆောင်ရွက် လျက်ကြောင်း၊ ရှမ်းပြည်နယ် ပင်းတယမြို့နယ်ရှိ ပင်းတယ လိုဏ်ဂူ၊ တောင်ကြီး အင်းလေးဒေသ၊ မန္တလေးတိုင်း ဒေသကြီးရှိ တန်ခိုးကြီးဘုရားများတွင် ဆေးလိပ်ငွေ့ ကင်းစင်ရေး သတ်မှတ်ဆောင်ရွက်ရာ အောင်မြင်ကြောင်း၊ ပုဂံယဉ်ကျေးမှုနယ်မြေတွင်လည်း အကောင်အထည်ဖော် သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ ဇာနည်မောင်၊အေးမင်းသူ**

**○ ကျော့ဖုံးမှ**

ရန်ကုန်အသင်း ချေပဂိုးပြန်ရခဲ့ပြီး မိုကာလူးက ပြစ်ဒဏ်ဘောမှတစ်ဆင့် ခေါင်းတိုက် သွင်းယူခဲ့ခြင်းဖြစ်သည်။

ယင်းနောက်ပိုင်းတွင် နှစ်သင်း စလုံး တိုက်စစ်မြှင့်ခဲ့သော်လည်း ဂိုးရနိုင်သည့် အခွင့်အရေးများကို အသုံးမချနိုင်၍ တစ်ဂိုးစီသရေကျ နေသည်။ အချိန်ပိုဆက်မကစားဘဲ ပင်နယ်တီဖြင့် တိုက်ရိုက်ဆုံးဖြတ်ခဲ့ သည်။

**ကာကွယ်နိုင်**

ရှမ်းယူနိုက်တက်အသင်းမှ မေကွန်၊ ဂူစတာပို၊ နန္ဒကျော်နှင့် ဒေးဗစ်ဒန်းတို့ ဂိုးဝင်ပြီး ဇွဲသက်ပိုင်၏ကန်သွင်းမှုကို ရန်ကုန်ဂိုးသမား ဆန်းဆက်နိုင် ကာကွယ်နိုင်ခဲ့သည်။

ရန်ကုန်အသင်းမှ ဆယ်လာ၊ မိုကာလူးနှင့် ရန်လင်းအောင်တို့ ဂိုးဝင်ပြီး ကြည်လင်းနှင့် ယာမာဇာကီတို့၏ ကန်သွင်းမှုများကို ရှမ်းဂိုးသမား သီဟစည်သူ ကာကွယ် နိုင်ခဲ့၍ ရှမ်းအသင်းက လေးဂိုး- သုံးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**စုပေါင်းလှူဒါန်း**

ယခုပွဲတွင် ကွင်းဝင်ကြေးကျပ် ၂၅ သိန်းကျော်ရခဲ့ပြီး မြန်မာ နေရှင်နယ် ကလပ်အသင်းများမှ စုပေါင်းလှူဒါန်းငွေများကို ပွဲအပြီးတွင် လှူဒါန်းခဲ့သည်။ မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် ကွင်းဝင်ကြေးများနှင့် ကလပ်အသင်းများမှ လှူဒါန်းငွေ များကို ကျိုက်ဝိုင်းလူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်း၊ ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံ၊ သဘာဝခေါ် သံဖောင်ဒေးရှင်း၊ ရန်ကုန်အခြေစိုက် ပရဟိတလူငယ်များ ကွန်ရက်နှင့် မဟာဓမ္မရက္ခိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့ကို တစ်ခုလျှင် ကျပ်သိန်း ၃၀ စီဖြင့် ရန်ကုန်တိုင်း ဒေသကြီး လွှတ်တော်ဒုဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ရှမ်းယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးခွန် နောင်မြင့်ဝေနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ချာရတီဖလားပြိုင်ပွဲ တွင် ဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက် အသင်းအား မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ချန်ပီယံဆုဖလား ပေးအပ်ချီးမြှင့် သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**

# (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ့ခေါင်းဆောင်များမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

**၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။**

*(ယမန်နေ့မှအဆက်)*

**ဘူတန်နိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘူတန်နိုင်ငံ ဘုရင်မင်းမြတ် ဂျင်မီ ခေဆာ နမ်းဂျဲလ် ဝမ်ချွတ်ထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ်လွတ်လပ်ရေးနေ့ အခါသမယတွင် ဘူတန်ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောစေရေး အတွက်လည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ပေါ်တူဂီသမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ မာဆယ်လို ဟယ်ဘယ်လို ဒီဆိုဆာထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အဆွေတော် ကျန်းမာပျော်ရွှင်၍ မြန်မာပြည်သူများ ဖွံ့ဖြိုးတိုးတက်သာယာဝပြောပါစေကြောင်း မိမိအနေဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဆလိုဗက်သမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဆလိုဗက်သမ္မတနိုင်ငံ သမ္မတ အန်းဒရစ် ကစ္စကာထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဆလိုဗက် သမ္မတနိုင်ငံ ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မြန်မာပြည်သူပြည်သားများ တည်ငြိမ်အေးချမ်း၍ ကြွယ်ဝချမ်းသာပြီး ဒီမိုကရေစီ လူ့အဖွဲ့အစည်း ပိုမိုတောင့်တင်းခိုင်မာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့သည် အပြန်အလှန် အားရကျေနပ်မှုရှိစွာ ဆက်လက်ဖွံ့ဖြိုးတိုးတက်နေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော်အား မိမိအနေဖြင့် ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ကျူးဘားသမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကျူးဘားသမ္မတနိုင်ငံ သမ္မတ မဂဲလ် ဒီရယ်ကယ်နယ် ဘာရယ်မူဒဲလ်ထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် ကျူးဘားနိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ပိုမိုခိုင်မာစေရန် ဆန္ဒရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော် သဘာပတိအဖွဲ့ ဥက္ကဋ္ဌ ကင်ယုံနမ်ထံမှ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများ အားလုံးထံသို့ နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးအတွက် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆန္ဒပြုပါသည်။

**ကမ္ဘောဒီးယားနိုင်ငံ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာပါတိုင်းတဲ့ချို ဟွန်ဆင်ထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း အဆွေတော်နှင့် မြန်မာပြည်သူများအား ပြောကြားလိုပါသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်များစွာကတည်းက မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့သည့်ကာလမှ စတင်၍ တည်ရှိခဲ့သည့် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးအပေါ် မိမိအနေဖြင့် နှစ်ထောင်းအားရဖြစ်မိပါသည်။ နှစ်နိုင်ငံ လက်တွဲကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် လာမည့်နှစ်များအတွင်း နှစ်နိုင်ငံဆက်ဆံရေးမှာ ပိုမိုခိုင်မာကျယ်ပြန့်လာပြီး နှစ်နိုင်ငံပြည်သူများမှာလည်း ပိုမိုကြွယ်ဝချမ်းသာလာမည်ဟု ယုံကြည်လျက်ရှိပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်၍ လုပ်ငန်းဆောင်တာများတွင် ပိုမိုအောင်မြင်မှု ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများလည်း ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မာရှယ်ကျွန်းစုသမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သမ္မတ Hilda C.Heine, Ed.D ထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

မြန်မာနိုင်ငံ၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မာရှယ်ကျွန်းစုသမ္မတနိုင်ငံ အစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်၊ မြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူများအား ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မာရှယ်ကျွန်းစုသမ္မတနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြားနှင့် နိုင်ငံတကာစာမျက်နှာတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ခြင်းဖြင့်လည်းကောင်း၊ အနာဂတ်မျှော်မှန်းချက်များ အောင်မြင်ရေးကို ရှေးရှု၍လည်းကောင်း မိမိတို့နှစ်နိုင်ငံအကြား တည်ရှိနေသည့် မိတ်ဖက်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထောက်ခံသွားရန် သန္နိဋ္ဌာန်ချထားပါသည်။

မြန်မာနိုင်ငံ၏မင်္ဂလာရှိသည့် နေ့ထူးနေ့မြတ်အခါသမယ၌ အဆွေတော်အား အနာဂတ်တွင် ဆက်လက်၍ ကြီးပွားတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။ အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

**မွန်ဂိုလီးယားသမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ မွန်ဂိုလီးယားနိုင်ငံသမ္မတ KHAL TMAAGIIN BATTULGA ထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် မိမိအနေဖြင့် အဆွေတော်နှင့် ခင်မင်နှစ်လိုဖွယ်ကောင်းသည့် မြန်မာနိုင်ငံပြည်သူများအား ဝမ်းမြောက်ဂုဏ်ယူပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေရေး၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီတန်ဖိုးများ ပိုမိုမြှင့်တင်နိုင်ရေးတို့အတွက် မွန်ဂိုလီးယား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မြဲလာစေရန် မိမိအနေဖြင့် အဆွေတော်နှင့်အတူလက်တွဲ၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

**ဖင်လန်သမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဖင်လန်သမ္မတနိုင်ငံ သမ္မတ ဆူလီ နီနီတိုထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအားလုံးအတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဆားဘီးယားသမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဆားဘီးယားသမ္မတနိုင်ငံ သမ္မတ အဲလက်ဇန္ဒြား ဗူစစ်ထံမှ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဆားဘီးယားသမ္မတနိုင်ငံ ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ ဆက်လက်ဖွံ့ဖြိုးတိုးတက်သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဘက်မလိုက်လှုပ်ရှားမှုမူများအပေါ်တွင် အခြေခံပြီး ဆယ်စုနှစ်များစွာ တည်တံ့ခဲ့သည့် မြန်မာ-ဆားဘီးယား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့ဖြင့် ဖော်ညွှန်းလျက်ရှိပါသည်။ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် အပြန်အလှန် စိတ်ဝင်စားမှုရှိသည့် နယ်ပယ်ပေါင်းစုံ၌ ထိရောက်သော ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပိုမိုမြှင့်တင်နိုင်လိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

မိမိတို့နှစ်နိုင်ငံသည် နိုင်ငံရေးဆွေးနွေးပွဲများနှင့် အပြန်အလှန်စိတ်ဝင်စားမှုရှိသည့် နယ်ပယ်ပေါင်းစုံ၌ နက်ရှိုင်းစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် ဆားဘီးယားနိုင်ငံ၏ သမ္မတတစ်ဦးအနေဖြင့် နှစ်နိုင်ငံပြည်သူများအကျိုးအတွက် အထောက်အကူပြုသွားရန် အသင့်ရှိပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*

## ရသေ့တောင်မြို့နယ် ဆင်ခုန်းတိုင်ကျေးရွာစာသင်ကျောင်းသို့ ရောက်ရှိနေသော စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်



**ရသေ့တောင် ဇန်နဝါရီ ၆**

ရသေ့တောင်မြို့နယ် ဆင်ခုန်းတိုင်ကျေးရွာ စာသင်ကျောင်းသို့ ဘူးသီးတောင်မြို့နယ် စည်တောင်ကျေးရွာ၊ စပါးထားကျေးရွာ၊ ကံပြင်ကျေးရွာတို့မှ ရောက်ရှိလာသော စစ်ဘေးရှောင်ပြည်သူများအား ယနေ့ နံနက် ၁၁ နာရီတွင် အလိုတော်ပြည့်ဆရာတော်ကြီးက ကြီးမှူးပြီး ရသေ့တောင်နွယ်ဖွား ရန်ကုန်ရောက်ကျောင်းထိုင်ဆရာတော်များက လှူဒါန်းသည့် ပစ္စည်းများကို လှူဒါန်းရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေနှင့်အဖွဲ့၊ ရသေ့တောင်မြို့နယ် ကြက်ခြေနီအသင်းတပ်ဖွဲ့များက စစ်ဘေးရှောင်ပြည်သူများအား အားပေးစကားပြောကြားကာ ဆင်ခုန်းတိုင်ကျေးရွာစာသင်ကျောင်းတွင် နေရပ်စွန့်ခွာတိမ်းရှောင်သူ အိမ်ထောင်စု ၂၅ စု၊ လူဦးရေ ၈၇ ဦးတို့အား ဆန်၊ တာလပတ်၊ ပလတ်စတစ်ဘူး၊ ဒယ်အိုး၊ ရေခွက်၊ ဇွန်း၊ ခြင်ထောင်၊ စောင်၊ စတီးလင်ပန်း၊ စတီးဇလုံ၊ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် အောက်ကျောင်းတောင် လူငယ်ပရဟိတ အသင်းနှင့် မေယုရင်ငွေ့ လူမှုကူညီရေးအသင်းတို့မှလည်း ဆန်၊ ငါးခြောက်၊ မုန့်လာဥ၊ ဆီတို့ကို လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေနှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးအေးအောင်တို့က စစ်ဘေးရှောင်ပြည်သူများအား အသိပညာပေးဗဟုသုတများ ပြောကြားကာ ကလေးများအားပုံပြင်များ ပြောကြားပြီး စာအုပ်များလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြန်မာ့စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအခြေအနေ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်

■ Dr.မောင်အောင်

**အတိတ်ကာလ မြန်မာ့စီးပွားရေး**

မြန်မာ့နောက်ဆုံး ကုန်းဘောင်မင်းဆက်ဖြစ်သည့် မင်းတုန်းမင်းအလွန် သီပေါမင်းပါတော်မူပြီးနောက် ၁၈၈၆ ခုနှစ်တွင် ဗြိတိသျှကိုလိုနီဘဝမှစပြီး နောက်ပိုင်း ကိုလိုနီစီးပွားရေးခေတ် (စစ်ကြိုနှင့် စစ်ပြီးကာလ) လွတ်လပ်ရေးရပြီး ပါတီစုံဒီမိုကရေစီခေတ်၊ တော်လှန်ရေး အစိုးရလက်ထက် ဆိုရှယ်လစ်စီးပွားရေးခေတ်၊ တပ်မတော် အစိုးရခေတ်၊ ပါတီစုံဒီမိုကရေစီခေတ်ဟူ၍ ပိုင်းခြားနိုင်ပါသည်။ စစ်ကြိုခေတ် မြန်မာ့စီးပွားရေးကို ဗြိတိသျှတို့က လွတ်လပ်စွာလုပ်ကိုင်ခွင့်ရှိပြီး ဝင်ရောက် စွက်ဖက်မှုနည်းသည့် (Laissez-Faire Policy) လေစေဖဲယားပေါ်လစီကိုကျင့်သုံးခဲ့ပြီး ဆန်စပါးကို စီးပွားဖြစ် ဇောက်ချထုတ်လုပ်တင်ပို့စေခြင်းဖြင့် ကမ္ဘာ့ဆန်အများဆုံးတင်ပို့သူဖြစ်ခဲ့ပြီး အာရှနိုင်ငံများအကြား စီးပွားရေး ထွန်းကားခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် သဘာဝအရ ပေါများစွာတည်ရှိသည့် သစ်နှင့်သစ်တောထွက်ပစ္စည်း၊ ရေနံတို့သည်လည်း အရေးပါသည့် ကုန်စည်များ ဖြစ်ခဲ့သည်။ ကမ္ဘာ့ဝယ်လိုအားကောင်းခဲ့သည့် ဆန်စပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် အောက်မြန်မာပြည်တွင် အိန္ဒိယလူမျိုးများကို လယ်ယာလုပ်သားအဖြစ် ဖိတ်ခေါ်၍ စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ခြင်းကြောင့် စစ်ကြိုခေတ် ဆန်တန်ချိန် နှစ်စဉ် သုံးသန်းကျော် တင်ပို့နိုင်ခဲ့သည်။ ဆိုလိုသည်မှာ ကိုလိုနီခေတ် မြန်မာ့စီးပွားရေး တိုးတက်မှုသည် အာရှရှိအခြားနိုင်ငံများထက် သာလွန်ခဲ့ခြင်းမှာ လွတ်လပ်သောကုန်သွယ်မှုအပေါ် မူတည်၍ နှိုင်းယှဉ် အကျိုးကျေးဇူးသဘောတရားအရ ပေါပေါများများ တည်ရှိခဲ့သည့် မြေနှင့်သဘာဝသယံဇာတအပေါ် မူတည်ပြီး တိုးတက်ခဲ့ခြင်းပင်ဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါတီစုံဒီမိုကရေစီခေတ်တွင် ယခင်ကျင့်သုံးခဲ့သည့် လေစေဖဲယားပေါ်လစီကို ဆက်လက်ကျင့်သုံးခဲ့သည့်အတွက် စီးပွားရေးအရ ကောင်းမွန်ခဲ့သော်လည်း နိုင်ငံရေးခေါင်းဆောင်များနှင့် ပါတီများအကြား ဝေဖန်တိုက်ခိုက်မှုများ ပြင်းထန်ခဲ့သည်။ တစ်ဖက်တွင်လည်း ဗြိတိသျှအစိုးရ၏ ခွဲခြားအုပ်ချုပ်မှုစနစ်ဟောင်း အကျိုးဆက်အနေဖြင့် တိုင်းရင်းသားများအကြား သွေးကွဲမှုများ ဖြစ်ပေါ်ခဲ့သည်။ နိုင်ငံရေးမတည်ငြိမ်မှုကို အကြောင်းပြကာ အိမ်စောင့်အစိုးရကို တပ်မတော်အခြေခံ ဖွဲ့စည်းခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် စစ်တပ်ကို အခြေပြုသည့် တော်လှန်ရေးကောင်စီအစိုးရက အာဏာကိုရယူခဲ့သည်။

တော်လှန်ရေးကောင်စီအစိုးရအနေဖြင့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကြေညာခဲ့ပြီး အရှိန်ရနေသည့် စီးပွားရေးလုပ်ငန်းများအား ပြည်သူပိုင်သိမ်းခြင်းဖြင့် လွတ်လပ်သော ကုန်သွယ်ရေးဝါဒနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ရပ်ဆိုင်းခဲ့သည်။ တစ်နည်းအားဖြင့် တိုးတက်မှုကိုရှာဖွေရာတွင် "မိမိခြေထောက်ပေါ် မိမိရပ်တည်ရေး" ဖြစ်သည့် အတွင်းကြည့်မူဝါဒ (Inward Looking Policy) ကို ကျင့်သုံးသည့်အတွက် သွင်းကုန်အစားထိုး စက်မှုထူထောင်ရေးလမ်းစဉ် လုပ်ဆောင်ခဲ့သည်။ တိုက်ဆိုင်သည့်အချက်မှာ အခြားအာရှနိုင်ငံများလည်း လွတ်လပ်ရေးရကြပြီး နိုင်ငံပြန်လည်ထူထောင်နေသည့် အချိန်အခါလည်းဖြစ်သည်။ မြန်မာလူမျိုး ဘောဂဗေဒပါမောက္ခ ဒေါက်တာလှမြင့်၏ ဖွံ့ဖြိုးဆဲနိုင်ငံများ တိုးတက်ဖွံ့ဖြိုးရေးအတွက် အပြင်ကို ကြည့်သည့်မူဝါဒ (Outward Looking Policy) ကို မလေးရှား၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ စင်ကာပူ စသည့်နိုင်ငံများ ယုံကြည်လက်ခံကျင့်သုံးကြကြောင်း တွေ့ရသည်။

နိုင်ငံပိုင်လုပ်ငန်းများ စီမံအုပ်ချုပ်မှုအားနည်းခြင်း၊ စွမ်းဆောင်ရည်မပြည့်ဝခြင်း၊ ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် မထုတ်လုပ်နိုင်သည့်အတွက် မှောင်ခိုဈေးကွက်ကြီးမားလာခြင်း၊ သွင်းကုန်အစားထိုး စက်မှုကုန်ကြမ်းများ နိုင်ငံခြားအပေါ် မှီခိုမှုများသည် နိုင်ငံခြားငွေမလုံလောက်၍ လျော့တင်သွင်းခြင်း၊ ထုတ်လုပ်မှုကျဆင်းခြင်း စသည်တို့ကြောင့် အထွေထွေကုန်ဈေးနှုန်းကြီးမြင့်လာမှုနှင့်အတူ တိုင်းပြည်စီးပွားရေး ကျဆင်းလာခဲ့သည်။ ၁၉၆၀ ပြည့်နှစ်များမတိုင်မီ အရှေ့တောင်အာရှ၏ ဦးဆောင်နေသည့် အခြေအနေမှ ၁၉၈၇ ခုနှစ်တွင် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဆင့်အထိ စီးပွားရေးတွင် ဆုတ်ယုတ်ခဲ့သည်။ ပြည်သူများ၏ အစိုးရအပေါ် မကျေနပ်မှုကြီးထွားနေချိန်တွင် လူအများသုံးသည့် ငွေစက္ကူများ တရားမဝင်ဖျက်သိမ်းမှုတို့ကြောင့် ၁၉၈၈ လူထုအုံကြွမှုကြီး ပေါ်ပေါက်ခဲ့ကာ တပ်မတော်အစိုးရမှ အာဏာလွှဲပြောင်းယူခဲ့သည်။ တစ်ချိန်တည်းမှာပင် အပြင်ကြည့်သည့် မူဝါဒကျင့်သုံးသည့် အခြားအာရှနိုင်ငံများ အနေဖြင့် ဆယ်စုနှစ် သုံးစုကျော်အတွင်း သိသိသာသာ စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာခဲ့ကြသည်။ အရေးကြီးသည့် သင်ခန်းစာမှာ နိုင်ငံတစ်နိုင်ငံ စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေး အတွက် အရေးအပါဆုံးမှာ မှန်ကန်သည့်စီးပွားရေး ပေါ်လစီ ရွေးချယ်နိုင်ရေးပင်ဖြစ်သည်။

**၁၉၈၈ နောက်ပိုင်း တပ်မတော်အစိုးရ**

တပ်မတော်အစိုးရ တက်လာပြီးသည့်နောက်ပိုင်း ဆိုရှယ်လစ်စီးပွားရေးစနစ်ဖျက်သိမ်းပြီး ဈေးကွက်စီးပွားရေးစနစ်ကို စတင်ခဲ့သည်။ စီးပွားရေးတွက်ခြေမကိုက်သည့် နိုင်ငံပိုင်လုပ်ငန်းများ ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခြင်းပြုလုပ်လာသလို ပြည်ပကုန်သွယ်ရေး ယခင်ကထက် အားပေးလုပ်ဆောင်မှုများ တွေ့ရသည်။ ဈေးကွက်ပွင့်လာမှုနှင့်အတူ တချို့သောလယ်ယာသီးနှံ ပို့ကုန်သစ်များပေါ်ထွက်လာခဲ့သည်။ အထူးသဖြင့် အိန္ဒိယဈေးကွက်ပွင့်လာမှုကြောင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်တင်ပို့သည့်လုပ်ငန်း ထွန်းကားလာသည့်အတွက် ယခင် ဆန်ပို့ကုန်အဓိကမှ ပဲမျိုးစုံအဓိကသို့ ပြောင်းလဲလာခဲ့ပြီး လယ်သမားများအတွက် ငွေဝင်သည့်သီးနှံဖြစ်လာခဲ့သည်။ စစ်အစိုးရလက်ထက် ယခင်ကထက် နိုင်ငံတကာအကူအညီ၊ ချေးငွေ၊ ဒေသဆိုင်ရာ ပရောဂျက်များပိတ်ပင်ထားခဲ့သော်လည်း တိုင်းပြည်စီးပွားရေးအခြေအနေမှာ ယခင်ဆိုရှယ်လစ်စီးပွားရေးခေတ်ထက် ကောင်းမွန်ခဲ့သည်။ တစ်ဖက်တွင်လည်း အရင်းရှင်ကြီးများနှင့် အုပ်ချုပ်သူအခွင့်ထူးခံများရှိလာသည့်အတွက် ပြည်သူများ၏ သဘောကျနှစ်သက်မှုများလျော့နည်းလာမှုကြောင့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရေး အစိုးရမှလုပ်ဆောင်ခဲ့သည့်အတွက် တပ်မတော်အစိုးရအုပ်ချုပ်မှု ၂၀၁၀ ခုနှစ်တွင် ပြီးဆုံးခဲ့သည်။ သင်ခန်းစာအနေဖြင့် နိုင်ငံတကာ ပိတ်ဆို့ထားသည့် အခြေအနေမှာပင် ဈေးကွက်စီးပွားရေးစနစ်ကို စတင်ခြင်းဖြင့် ယခင်ဆိုရှယ်လစ်စီးပွားရေးစနစ်ထက် ကောင်းမွန်စေကြောင်းတွေ့ရသည်။

**ပထမ ဒီမိုကရေစီကာလ (၂၀၁၀-၂၀၁၅)**

တပ်မတော်အစိုးရအလွန် ပထမဒီမိုကရေစီကာလတွင် တပ်မတော်ခေါင်းဆောင်များဦးဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) က အများဆုံးရရှိခဲ့သည့်အတွက် အစိုးရဖွဲ့စည်းအုပ်ချုပ်ခဲ့ရာတွင် ဈေးကွက်စီးပွားရေးစနစ်ကို ဆက်လက်ကျင့်သုံးခဲ့ပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပုဂ္ဂလိကသို့ လွှဲပြောင်းခြင်းကို အရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပြဋ္ဌာန်းခြင်း၊ အထူးစီးပွားရေးဇုန်များ စတင်နိုင်ရန်ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုဆိုင်ရာပြုပြင်ပြောင်းလဲမှုများ၊ ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများလည်း ဖော်ဆောင်ခဲ့သည်။ ယခင်အစဉ်အဆက်ပိတ်ဆို့ထားသည့် မော်တော်ကားတင်သွင်းခွင့်ဖွင့်ပေးခြင်း၊ တယ်လီဖုန်း အော်ပရေတာများ လုပ်ကိုင်ခွင့်ပေးခြင်းဖြင့် ဈေးနှုန်းချိုသာမှုနှင့်အတူ ဖုန်းအသုံးပြုမှု သိသိသာသာများလာခြင်းတို့တွေ့ရသည်။ ယခင်က ဥရောပနှင့် အမေရိကန် ပိတ်ဆို့ထားသည့် ကုန်သွယ်မှုအထူးအခွင့်အရေး (GSP) ပြန်လည်ဖွင့်လှစ်ပေးခြင်းတို့ရှိခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ယခင်ကထက် ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍများ၌ ဝင်ရောက်လာမှုများရှိပြီး အထူးသဖြင့် GSP ကြောင့် အထည်ချုပ်လုပ်ငန်းများ ပိုမိုဝင်ရောက်လာမှုများ တွေ့ရသည်။ သို့သော် အခြေခံအဆောက်အအုံဆိုင်ရာ အခက်အခဲများဖြစ်သည့် လျှပ်စစ်၊ မြေနှင့် စက်ရုံအဆောက်အအုံငှားရမ်းခကြီးမြင့်မှု၊ သယ်ပို့ထောက်ပံ့စရိတ် (Logistics Cost) ကြီးမြင့်မှုတို့ကြောင့်လည်း မျှော်မှန်းသလောက်ဝင်ရောက်မလာခဲ့ပေ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုဖိတ်ခေါ်ခဲ့သော်လည်း အချို့သောကဏ္ဍများတွင် နိုင်ငံတကာနှင့် စီးပွားရေးပေါင်းစည်းမှု ခွင့်ပြုမထားပေ။ ဆိုလိုသည်မှာ ဈေးကွက်စီးပွားရေးစနစ်နှင့် အပြင်ကိုကြည့်သည့် ပေါ်လစီ (Outward Looking Policy) ကို ယခင်ကထက် ပိုမိုကျင့်သုံးလာခဲ့သည့်အတွက် ပထမသုံးနှစ် စီးပွားရေးတိုးတက်မှုမြင့်ခဲ့သော်လည်း ကျန်နှစ်နှစ်တွင်မူ ပြန်လည်တုံ့နှေးခဲ့ကြောင်း တွေ့ရသည်။

**ယခုဒီမိုကရေစီကာလ (၂၀၁၆-၂၀၂၀)**

ပြည်သူတစ်ရပ်လုံးမှ ရွေးချယ်တင်မြှောက်လိုက်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် အရပ်သားအစိုးရဖြစ်ပြီး စီးပွားရေးမူဝါဒ ၁၂ ချက်ကြေညာကာ ဈေးကွက်စီးပွားရေးစနစ်နှင့် အပြင်ကိုကြည့်သည့်ပေါ်လစီ (Outward Looking Policy) ပီပီပြင်ပြင်ဖြစ်လာစေရန် ဇောင်းပေးဖော်ဆောင်မှုများရှိလာပြီဖြစ်သည်။ NLD အစိုးရလက်ထက် ဈေးကွက်စီးပွားရေးစနစ်ကို ဆက်လက်ကျင့်သုံးခဲ့ပြီး ပီပီပြင်ပြင်ဖြစ်စေရန် အစိုးရမှဝင်ရောက်စွက်ဖက်မှုများလျှော့ချလာခဲ့သည်။ ထို့အပြင် ကာလရှည်စီမံကိန်း (၂၀၁၈-၂၀၃၀) အနေဖြင့် မြန်မာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Myanmar Sustainable Development Plan - MSDP) ကို ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။ MSDP ကို ကမ္ဘာ့ကုလသမဂ္ဂက ထုတ်ပြန်သည့် Sustainable Development Goals (SDG) များနှင့် ချိတ်ဆက်ထားသည့်အတွက်က ပေါင်းစုံအကျုံးဝင်ပြီး ကျယ်ပြန့်သည့် စီမံကိန်းပင်ဖြစ်သည်။

MSDP တွင် မဏ္ဍိုင်ကြီး သုံးရပ်၊ ရည်မှန်းချက်ငါးရပ်၊ မဟာဗျူဟာ ၂၈ ရပ်နှင့် လက်တွေ့အကောင်အထည်ဖော်ရေးအစီအစဉ် ၂၃၈ ခုပါဝင်သည့်အတွက် အားလုံးလွှမ်းခြုံမှုရှိသည့် ရေရှည်စဉ်ဆက်မပြတ် တိုးတက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ စီးပွားရေးမူဝါဒ ၁၂ ရပ်ကို လက်တွေ့အကောင်အထည်ဖော်ရာတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်ရေးနှင့် ပို့ကုန်မြှင့်တင်ရေးကို အလေးထားလုပ်ဆောင်နေကြောင်း တွေ့ရသည်။ အထူးသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်လာရေးအတွက် ပွင့်လင်းမြင်သာမှုနှင့် ဆွဲဆောင်မှုများပါဝင်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ် ပြဋ္ဌာန်းပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများပိုမိုလွယ်ကူချောမွေ့စေရန် ကြိုးနီစနစ်နှင့် အဆင့်များလျှော့ချခြင်း၊ အချိန်တိုအတွင်း အမြန်ဆုံးရင်းနှီးမြှုပ်နှံနိုင်ရေး ဆောင်ရွက်ခြင်း၊ ထို့အပြင် မူမမှန်သည့် စီးပွားရေးလုပ်ငန်းများကို မူမှန်သည့်လုပ်ငန်းများသို့ ပြောင်းလဲခြင်း၊ ဌာနဆိုင်ရာအဂတိကင်းစေရန် လုပ်ဆောင်ခြင်းကို တစိုက်မတ်မတ် လုပ်ဆောင်ခဲ့သည်။ ကုန်စည်အုပ်စု ၂၄ ခု၌ လက်လီလက်ကားရောင်းဝယ်ခြင်း လုပ်ငန်းများကို နိုင်ငံခြားသားများအား လုပ်ခွင့်ပေးလိုက်ပြီဖြစ်သည်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် နိုင်ငံတကာသို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် ဆောင်ရွက်နေသလို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ် ရေးဆွဲပြဋ္ဌာန်းပြီး မြန်မာကုမ္ပဏီများသို့ အရင်းအနှီး၏ ၃၅ ရာခိုင်နှုန်းအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရန် လုပ်ဆောင်ခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု သိသိသာသာ တိုးမြှင့်နိုင်စေရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသစ် ဖွဲ့စည်းပေးခြင်းစသည်တို့ နှစ်နှစ်ကျော်ကာလအတွင်း ပြုပြင်ပြောင်းလဲမှုများ အဆက်မပြတ်လုပ်ဆောင်ခဲ့သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကြောင့် လာမည့်နှစ်များအတွင်း သိသာသည့် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာမှုနှင့်အတူ နိုင်ငံတကာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင်တွေ့ရမည်ဖြစ်သလို တိုင်းပြည်စီးပွားရေးကိုလည်း ပိုမိုမြှင့်တင်နိုင်မည်ဖြစ်သည်။

> ❛ အတွင်းကြည့် ပေါ်လစီကျင့်သုံးခဲ့သည့်အချိန် တိုင်းပြည်စီးပွားရေး ယိုယွင်းကျဆင်းခဲ့သော်လည်း အပြင်ကြည့်ပေါ်လစီ ကျင့်သုံးခဲ့သည့်ကာလများ၌ တိုင်းပြည်စီးပွားရေးအတက်ဘက်တွင် ရှိနေခဲ့ကြောင်း သမိုင်းက သက်သေခံနေသည် ❜

ကုန်သွယ်မှုမြှင့်တင်ရေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အလေးထားဆောင်ရွက်မှုကြောင့် ကုန်သွယ်မှုတန်ဖိုး ယခင်ကထက်မြှင့်တင်နိုင်ခဲ့သလို ယခင်နှစ်များကဖြစ်ပေါ်ခဲ့သည့် ကုန်သွယ်မှုလိုငွေကို တဖြည်းဖြည်းလျှော့ချနိုင်ခဲ့ခြင်းမှာ ပို့ကုန်တန်ဖိုး ယခင်ကထက်များလာခြင်းကြောင့်ဖြစ်သည်။ အထူးသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဆန်ပို့ကုန်တန်ဖိုး တန်ချိန် သုံးသန်းကျော် ပို့နိုင်သဖြင့် နှစ်ပေါင်း ၇၀ ကျော်အတွင်း စံချိန်တင်ခဲ့ကာ စစ်ကြိုခေတ် ဆန်ပို့ကုန်ကိုမီခဲ့သည်။ ယခုအခါ ဒေသဆိုင်ရာ ဆက်သွယ်သည့်လမ်းများ ပိုမိုကောင်းမွန်လာမှုကြောင့် လည်းကောင်း၊ ပို့ကုန်နှင့်ဆက်စပ်ရသည့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာလျှင် တန်ဖိုးမြှင့်ပို့ကုန်များ ပိုထွန်းကားလာမည်ဖြစ်သလို ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း (Global Supply Chain) နှင့်ဆက်စပ်နေသည့် စက်မှုလုပ်ငန်းများ ပိုမိုပေါ်ပေါက်လာလျှင်လည်း ကုန်သွယ်မှုတန်ဖိုး သိသိသာသာတိုးတက်လာမည်ဖြစ်သည်။

SMEs များအတွက် အပေါင်မပါဘဲ ချေးငွေပိုမိုရရှိရေးဆောင်ရွက်ခြင်း၊ လယ်သမားများအတွက် အခြားသီးနှံများချေးငွေတိုးမြှင့်ပေးခြင်း၊ ဝန်ထမ်းများ၏ အခြေခံလစာတိုးမြှင့်ပေးသလို အခြေခံလုပ်သားများအတွက် အနိမ့်ဆုံးလုပ်ခတိုးမြှင့်ပေးခြင်း၊ နိုင်ငံအတွင်း ဘဏ္ဍာငွေကြေးပုံ့ပိုးမှု ပိုမိုရရှိစေရန် နိုင်ငံခြားဘဏ်လုပ်ငန်းစတင်ခွင့်ပြုခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ထို့အတူ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာဖြစ်သည့် လျှပ်စစ်ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင်လည်း ယခင်ကထက် တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်။ ရေရှည်တိုးတက်ဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေးအသုံးစရိတ်များ သိသိသာသာမြှင့်တင်သုံးစွဲခဲ့သည်။

**အတိတ်၏သင်ခန်းစာများ**

မြန်မာနိုင်ငံ၏ စီးပွားရေးသမိုင်းကို စစ်ကြိုခေတ်၊ စစ်ပြီးခေတ်တို့၏ ဈေးကွက်စီးပွားရေးစနစ်၊လွတ်လပ်ရေးရပြီးနောက် ပါတီစုံဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ်၊ တပ်မတော်အစိုးရ၊ ပထမပါတီစုံဒီမိုကရေစီကာလ၊ ယခုဒီမိုကရေစီကာလတို့ကို ကြည့်လျှင် ယေဘုယျအားဖြင့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကာလတွင်သာ အတွင်းကြည့်စီးပွားရေးပေါ်လစီကျင့်သုံးခဲ့ပြီး ကျန်ကာလများတွင် အပြင်ကြည့်သည့်စီးပွားရေးပေါ်လစီကိုသာကျင့်သုံးခဲ့သည်။ ကောက်ချက်ပြုနိုင်သည်မှာ အတွင်းကြည့် ပေါ်လစီကျင့်သုံးခဲ့သည့်အချိန် တိုင်းပြည်စီးပွားရေး ယိုယွင်းကျဆင်းခဲ့သော်လည်း အပြင်ကြည့်ပေါ်လစီ ကျင့်သုံးခဲ့သည့်ကာလများ၌ တိုင်းပြည်စီးပွားရေးအတက်ဘက်တွင် ရှိနေခဲ့ကြောင်း သမိုင်းက သက်သေခံနေသည်။

အထူးသဖြင့် သတိပြုရမည့်အချက်မှာ တိုင်းပြည်အဆင့်စီးပွားရေး (Macro Economy) နှင့် လုပ်ငန်းအဆင့်စီးပွားရေး (Micro Ecomony) တစ်နည်းအားဖြင့် လက်တွေ့ပြည်သူများ၏စီးပွားရေးဟူ၍ ခွဲခြားနိုင်သည်။ စီးပွားရေးတိုးတက်မှု အကျိုးကျေးဇူးကိုပြည်သူအများခံစားနိုင်မှသာ ရေရှည်တည်တံ့နိုင်မည်ဖြစ်သည်။ စစ်ကြိုခေတ် မြန်မာ့စီးပွားရေးကောင်းခဲ့သော်လည်း အကျိုးရလဒ်အများစုကို နိုင်ငံခြားသားလုပ်ငန်းရှင်များကသာရရှိခံစားခဲ့ကြပြီး ပြည်သူများ အတွက်အကျိုးမပြုခဲ့ပေ။ ထို့အတူ ဆိုရှယ်လစ်စီးပွားရေးစနစ်လက်ထက် တိုင်းပြည်အဆင့်စာရင်းအင်းများ လှည့်စားခဲ့ပြီး တစ်နေ့တခြား ဆင်းရဲလာခဲ့သည့် ပြည်သူ့ဘဝ လျစ်လျူရှုခဲ့၍လည်း ကျဆုံးခဲ့ရသည်။ ဆိုလိုသည်မှာ တိုင်းပြည်အဆင့်စီးပွားရေးသာမကဘဲ ပြည်သူများ လက်တွေ့အမှန်တကယ်တွေ့နေရသည့် စီးပွားရေးအခြေအနေများကိုလည်း စဉ်ဆက်မပြတ်လေ့လာပြီး လိုအပ်သည့် ဖြေရှင်းမှုများအချိန်ကိုက် တုံ့ပြန်ရမည်ဆိုသည့် သင်ခန်းစာပင်ဖြစ်သည်။

ထို့နည်းတူ ကမ္ဘာ့စီးပွားရေးသမိုင်းတို့လည်း ခြုံငုံသုံးသပ်လေ့လာမည်ဆိုလျှင် ကမ္ဘာ့စီးပွားရေး အံ့မခန်းပြောင်းလဲတိုးတက်ဖြစ်ပေါ်မှု နှစ်ကြိမ်ရှိခဲ့ပြီး ပထမအကြိမ်မှာ ၁၇၅၀ ပြည့်နှစ်များဝန်းကျင် ဥရောပနိုင်ငံများ၏ ပထမစက်မှုတော်လှန်ရေးမပေါ်မီ ဇောက်ချထုတ်လုပ်မှု၊ ကုန်သွယ်မှုတို့မထွန်းကားသေးဘဲ ထုံးတမ်းစဉ်လာဖူလုံမှုစီးပွားရေးပုံစံသာရှိခဲ့ပြီး စက်မှုတော်လှန်ရေးကြောင့် စက်ယန္တရားများ၊ မီးရထား၊ မီးသင်္ဘောများပေါ်လာသည့်အတွက် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုသိသိသာသာ တိုးတက်လာခဲ့၍ အဆိုပါ နိုင်ငံများချမ်းသာလာခဲ့ကြသည်။

(ဆက်လက်ဖော်ပြပါမည်)

# ရွှေအင်းလေးက ဖိတ်ခေါ်ပါသည်

■ရေချမ်း(မန်း)



**ဘာသာတရားကိုင်းရှိုင်းပြီး ရှေးဘုန်းတော်ကြီးကျောင်းများနှင့် ဗုဒ္ဓဆင်းတု၊ ရုပ်ပွားတော်စေတီတော်များ ပေါများရာ၊ ရှုမငြီးသည့် သဘာဝတောတောင်ရေမြေနှင့် စင်ရော်ငှက်တို့ ပျော်မြူးရာ၊ တစိမ့်စိမ့်ကြည့်မဝ၍ အေးချမ်းသည့် ရေပြင်ကျယ်ကြီးရှိရာ အင်းလေးဒေသသို့ ရေပေါ်ဆိုင်လေးများတွင် အနားယူအပန်းဖြေလေ့စီးရင်း အလည်လာရောက်ကြပါရန် ဖိတ်ခေါ်လိုက်ရပါသည်။**

တောင်တွေကြားက ပင်လယ်၊ ကုန်းမြင့်တွေကြားက ပြင်ညီလို့တင်စားရမလို ဖြစ်သည့် တောင်ပြာညို့ညို့များ ဝန်းရံထားသည့်ကြားက ရေပြင်ကျယ်ကြီး၊ အမြင်ဆန်း၊ အသွင်ဆန်းကာ တအံ့တဩငေးကြည့်ရလောက်သည့် ရေပြင်ပြာကြီးပေါ်က ခြေတံရှည်အိမ်တွေ မြောက်မြားစွာရှိသည့် ရေပေါ်မှာ ခရမ်းချဉ်သီးလှလှတွေ ပြွတ်နေအောင်သီးသည့်မြင်ကွင်းဖြင့် လှချင်တိုင်းလှနေသည့် အင်းလေးရေပြင်ကျယ်ကြီးကား ရှုမောမဆုံးပါပင်။

စာရေးသူ ဆယ်စုနှစ်တစ်ခုကျော် မရောက်တာကြာပြီဖြစ်သည့် အင်းလေးဒေသကို ယခုရက်ပိုင်းအတွင်း ရောက်ခဲ့စဉ်မှာ ယခင်ကနှင့်မတူ ပြောင်းလဲနေသည့် အင်းလေးကန်ကြီး၏ ရေပေါ်မှာရော၊ အရှေ့ဘက် အနောက်ဘက်မှာရော ပြည်တွင်း၊ ပြည်ပခရီးသွားများ အပန်းဖြေနိုင်သည့် ဘန်ဂလိုများ၊ ဟိုတယ်များ၊ မိုတယ်များ၊ စားသောက်ဆိုင်များက အရောင်အသွေး အဆင်တန်ဆာစုံစွာ ပြည့်၍နေသည်။

**ခရီးသွားများကို ဖိတ်ခေါ်**

ဒါတင်မကသေး။ အင်းသူအင်းသားတို့က လှေလေးများဖြင့် ရောင်းချနေသည့် ရွှေ့လျားရေပေါ် ဈေးရောင်း ဈေးဝယ်လှေလေးများ၊ ရေပေါ်တည်ထားသည့် အင်းရွာများနှင့် ရေလမ်းခရီး ဝဲ၊ ယာတွင် အင်းလေးဓလေ့ ရိုးရာရက်ကန်းရုံများ၊ ပန်းထိမ်လုပ်ငန်းရုံများတွေ့ရသလို အပန်းဖြေအနားယူရင်း အင်းလေးဒေသထွက် ရိုးရာလက်မှုအနုပညာ၊ အထည်အလိပ်၊ အသုံးအဆောင်၊ အလှအပ၊ အမှတ်တရ ပစ္စည်းဆိုင်များနှင့် စားသောက်ဆိုင်များကလည်း အသွင်အပြင် လှပသည့်ဒီဇိုင်းအစုံဖြင့် ခရီးသွားများကို ဖိတ်ခေါ်နေသည်။

အင်းလေးရေပြင်ပေါ်မှာ ဈေးရောင်းလှေများသာမက အသွင်ဆန်းစွာ ခြေထောက်ဖြင့် လှေလှော်နေသည့် တစ်ရွာမှတစ်ရွာကူးလှေများ၊ စိုက်ခင်းလုပ်နေသည့်လှေများ၊ ကန်တော့ပုံပိုက်ကွန်များဖြင့် ငါးဖမ်းလှေများ၊ ဒိုက်ဆယ်နေသည့်လှေများ၊ ရေပေါ်မြေကြီးဩဇာ ပြန်လည်ဖန်တီးသည့် ပိန်းပင်၊ ဗေဒါပင်များသယ်ဆောင်လာသည့်လှေများလည်း တွေ့ရသည်။ ထို့အပြင် ခရီးသွားများကို တင်ဆောင်လာသည့် ညောင်ရွှေနှင့် ဖောင်တော်ဦး အပါအဝင် အခြားစိတ်ဝင်စားစရာ ဘုရားစေတီကျောင်းနှင့် ကျေးရွာများကို သွားနေသည့် စက်တပ်လှေများ အသွားအပြန် မောင်းနှင်နေသည်ကို တွေ့ရပြန်သည်။

ဘော်ငွေရောင် တိမ်သားတိမ်လိပ်ဝှမ်းစိုင် အဆုပ်အဆုပ်များဖြင့် အပြာနု၊ အပြာရင့် ယှက်သန်းနေသည့် မိုးကောင်းကင်အောက်ဝယ် တိမ်ရိပ်များဖြင့် ပြောက်ကျားဆင်လျက် အရှေ့နှင့် အနောက်ဘက်မှ အင်းရေပြင်၏ အသက်/ ရေဝေရေလဲနယ် ရှမ်းရိုးမတောင်စဉ်တောင်တန်းများ ဝန်းရံနေသည့် အင်းရေပြင်ကျယ်ကြီးကား နေခြည်အောက်တွင် လှချင်တိုင်းလှနေတော့သည်။

ထို့အပြင် အင်းရေပြင်ပေါ်မှာ ရှပ်တိုက်ပြေးကာ ရေပန်းဖွားများ ဖန်တီးလျက် ပြေးသွားနေသည့် စက်တပ်လှေငယ်များ၏ လှုပ်ရှားမှု၊ စင်ရော်ငှက်အုပ်များက လှေပေါ်မှအစာကျွေးသူများနောက်ကိုလိုက်ရင်း နိမ့်ချည်မြင့်ချည်၊ စုန်ချီ၊ ဆန်ချီ လေအဟုန်တွင် ဝဲကာစီးကာ ပျံသန်းနေပုံကို မြင်ရသည်မှာလည်း အင်းရေပြင်အလှတွင် အယဉ်ဆင့်၍နေပြန်ပါသည်။

**အပြန်အလှန်မျှဝေ**

ရေပေါ်အိမ်လေးတွေက ဘယ်ညာမှာ တရိပ်ရိပ်ကျန်ခဲ့သည်။ စာရေးသူတို့စီးလာသည့် စက်တပ်လှေက ရေပြင်ကိုထိုးခွဲစဉ် ဖြစ်ပေါ်လာသည့် ဘယ်ညာနိမ့်မြင့် လိမ့်ကာလိမ့်ကာ ခုန်ကာပြေးသွားသည့် ရေလှိုင်းငယ်များ အရှိန်ကြောင့် ရေလမ်းကြောင်းဝဲယာမှ ဗေဒါပင်များက နိမ့်ချီ၊ မြင့်ချီ လှိုင်းစီးနေသလို သူတို့၏ မိတ်ဖက်ပိန်းပင်များ၊ မြက်ရိုင်းပင်ရှည်များကလည်း အလိုက်သင့်ယိမ်းကာ လှုပ်ယမ်း၍ ကျန်နေခဲ့သည်။ စာရေးသူတို့လှေပေါ်ရှိ မိသားစုများကလည်း အစုန်အဆန်လှေများပေါ်မှ ခရီးသွားများနှင့် လက်များ ဝှေ့ယမ်းနှုတ်ဆက်ကာ ကြည်နူးအပျော်များကို အပြန်အလှန်မျှဝေကြသည်။

အင်းလေးဖောင်တော်ဦးမှ ပြန်အထွက်နှင့် ညောင်ရွှေလှေဆိပ်ကို ပြန်ဝင်ခါနီး ရေလမ်းကြောင်းနယ် အမှတ်အသားလက်ရန်းတန်းများပေါ် စင်ရော်ငှက်များ တန်းစီနားနေကြပုံကလည်း ထူးဆန်းပြန်ပါသည်။ ကန်ရေပြင်ပေါ် အချို့နေရာတွေမှာတော့ စင်ရော်ငှက်အချို့က ခရီးသွားများ အစာကျွေး၍လည်းကောင်း၊ ပစ်ခတ်ဖမ်းဆီးမှုမပြုခြင်းကြောင့်လည်းကောင်း၊ သူတို့သည် လူများ၊ လှေများနှင့်ယဉ်ပါးကာ လှေနှင့် မနီးမဝေးမှာပင် အေးဆေးတည်ငြိမ်စွာ ရေပြင်အလှကိုခံစားရင်း တည်တည်ငြိမ်ငြိမ်ပင် လှိုင်းစီး၍နေပုံကို မြင်ရတာကလည်း အေးချမ်းဖွယ်တစ်ခုပင်။ ရေဘဲ၊ ရေကြက်တို့ ကျက်စားကြောင်းသိရသလို အချို့နေရာများတွင် ရေဘဲနှင့် ရေကြက်တို့ကို စာရေးသူ မြင်တွေ့ခဲ့ရသည်။

ယခုအခါ ကမ္ဘာနှင့်အဝှမ်းအသုံးများလာသည့် အင်တာနက်စနစ်ကြောင့် ကမ္ဘာ့ရွာကြီး၏ နယ်ပယ်ဒေသအစုံတိုက်ကြီးများ၊ နိုင်ငံများအနှံ့ သတင်းအကြောင်းအရာအစုံကို အချိန်နှင့်တစ်ပြေးညီ သိရှိနေရကား မြန်မာ့မြေ၏ သဘာဝအလှ၊ ရေ၊ မြေ၊ ယဉ်ကျေးမှုတို့ကို နိုင်ငံတကာက ပို၍စိတ်ဝင်စားလာပါသည်။

မြန်မာ့မြေတွင် ဝင်ငွေကောင်းစေမည့် ခရီးသွားလုပ်ငန်းအတွက် အခြေခံကောင်းနေရာများ တိုင်းဒေသကြီးနှင့် ပြည်နယ်အတော်များများတွင် ရှိပါသည်။ မြောက်ပိုင်းမှစသော် မြစ်ဆုံဒေသ၊ အင်းတော်ကြီးကန်၊ ဗန်းမောက်နယ်မှ ဇလုံတောင်နှင့် ရေတံခွန်များ၊ အလယ်တွင်မူ ပုဂံ၊ အင်းဝ၊ မန္တလေး၊ စစ်ကိုင်း၊ ပုပ္ပါးဒေသများ၊ အရှေ့ဘက်တွင် တောင်ကြီး၊ အင်းလေး၊ ပင်းတယ ဒေသတို့မှ အင်းလေးရေပြင်ကျယ်ကြီးမှ သဘာဝအလှအပများ၊ ရိုးရာလက်မှုပစ္စည်းများနှင့် ရှေးဟောင်းဘုရားများ၊ ရွှေဥမင်နှင့် ပင်းတယဂူများမှာ ထင်ရှားပါသည်။

**စုံလင်ပေါကြွယ်လှ**

မြန်မာပြည်အောက်ပိုင်းတွင်မူ ဆောင်းခိုငှက်များ ကျက်စားသည့် စစ်ကိုင်းနှင့် ပဲခူးဒေသမှ အင်းများ၊ ရှေးဟောင်းယဉ်ကျေးမှုများလေ့လာနိုင်သည့် ရွှေတိဂုံ၊ မဟာမြတ်မုနိ၊ ရွှေမော်ဓော၊ ကျိုက်ထီးရိုးဘုရား၊ အနားယူအပန်းဖြေနိုင်သော ငပလီ၊ ကျိုက္ခမီ၊ စက်စဲ၊ မောင်းမကန်၊ ကမ်းသာယာ၊ မော်တင်စွန်း၊ ချောင်းသာကမ်းခြေများ၊ မြိတ်ဒေသမှကျွန်းစုများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဆင်စခန်းများ စသည်ဖြင့် သဘာဝအလှအပများနှင့် ထူးဆန်းသည့်မြင်ကွင်းများ စုံလင်ပေါကြွယ်လှပါသည်။

ထို့အပြင် နေဝင်ဆည်းဆာကို ခံစားအပန်းဖြေရင်း ဓာတ်ပုံရိုက်ကြသည့် မန္တလေးတောင်၊ ဦးပိန်တံတားနှင့် မကြာမီကမှ အသစ်ပေါ်ထွက်လာသည့် ကလောမှ Viewpoint at Kalaw နေရာများမှာလည်း နိုင်ငံခြားသားခရီးသွားများ စိတ်ဝင်စားကြသည့်အပြင် မိမိတို့နိုင်ငံအတွင်းမှ ဒေသခံများ၊ ပြည်တွင်းပြည်ပမှ ခရီးသွားများ အပန်းဖြေအနားယူရန်နှင့် သဘာဝရိုးရာနှင့် ယဉ်ကျေးမှုတို့ကို လေ့လာနိုင်သည့် နေရာကောင်းများပင်ဖြစ်ပါသည်။

**နာမည်ကြီးထင်ရှား**

စာရေးသူ ယခုအင်းလေးဒေသကိုရောက်ခိုက် ယခင်က လူသိနည်းခဲ့သော်လည်း ယခုအခါ လေ့လာချင်စရာ နေရာသစ်များအဖြစ် ငါးဖယ်ချောင်း ရှေးဟောင်းဘုန်းတော်ကြီးကျောင်း၊ ပေါ်တော်မူ အလိုတော်ပေါက်ဘုရား၊ တောင်သူဘုရား၊ အင်းတိမ်ရှေးဟောင်းဘုရားနှင့် မိုင်းသောက်တံတားတို့မှာ နာမည်ကြီးထင်ရှားသလို အခြားနေရာများလည်းရှိသေးကြောင်း သိရသည်။

အင်းလေးကန်သည် မြန်မာနိုင်ငံ၏ ကမ္ဘာကျော်ထင်ရှားသည့် အလှအပအထိမ်းအမှတ်နေရာဖြစ်သလို ရှမ်းပြည်နယ်၏ ထူးဆန်းသည့် အလှအပ၊ ထူးခြားသည့် ဂုဏ်ယူစရာနေရာလည်းဖြစ်သည်။ ထို့အပြင် အင်းလေးရေပြင်ပေါ်၌ပင် ရွာကြီး ရွာငယ်များ ရာချီရှိကြောင်းသိရပါသည်။ အင်းလေးဟူသည့်အခေါ်မှာ ယခင်က အင်းလေးအင်းရှိခဲ့၍ ယင်းကို ပေါင်းပြီး အင်းလေးအင်းရွာဟု ခေါ်တွင်ကြောင်း၊ နောက်ပိုင်းတွင်မူ အင်းလေးအင်းမှ နောက်ဆုံးအင်းကိုဖျောက်၍ အင်းလေးဟုသာ ခေါ်တွင်ကြကြောင်း မှတ်သားဖူးပါသည်။ အင်းလေးတွင် အိမ်ခြေတစ်ရာကျော်ရှိသည့် ရေပေါ်ရွာကြီးများအနက် ဖောင်တော်ဦးဘုရားအနီးရှိ နန်းပန်ရွာနှင့် ညောင်ရွှေအထွက် အနောက်ဘက်ခြမ်းမှ ကေလာရွာ၊ အင်းလေးကန်ကြီး၏ အရှေ့ဘက်ရှိ မိုင်းသောက်၊ ပီပင်၊ ပန်နွေး၊ အိမ်ထောင်ကြီး၊ ရှေ့ဝါကြီး ရွာများနှင့် အနောက်ဘက်ရှိ ခေါင်တိုင်ရွာ၊ ကျီးစားကုန်းရွာနှင့် ပွဲစားကုန်းရွာများမှာ ထင်ရှားသည်။

မြန်မာတိုင်းရင်းသားလူမျိုးစုများဖြစ်သော ဓနု၊ အင်းသား၊ ရှမ်း၊ ပအိုဝ်း၊ ဗမာတိုင်းရင်းသားတို့ ပျော်မွေ့ရာ၊ ဘာသာတရားကိုင်းရှိုင်းပြီး ရှေးဘုန်းတော်ကြီးကျောင်းများနှင့် ဗုဒ္ဓဆင်းတု၊ ရုပ်ပွား တော်စေတီတော်များ ပေါများရာ၊ ရှုမငြီးသည့် သဘာဝတောတောင်ရေမြေနှင့် စင်ရော်ငှက်တို့ ပျော်မြူးရာ၊ တစိမ့်စိမ့်ကြည့်မဝ၍ အေးချမ်းသည့် ရေပြင်ကျယ်ကြီးရှိရာ အင်းလေးဒေသသို့ ရေပေါ်ဆိုင်လေးများတွင် အနားယူအပန်းဖြေလှေစီးရင်း အလည်လာရောက်ကြပါရန် ဖိတ်ခေါ်လိုက်ရပါသည်။ ။

## နေပြည်တော်၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်ရှိ အားကစားခန်းမ၌ ၂၇၅၈ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဦးမင်းအေးကို၊ ဦးစောဗာလင်တိုင်းတို့က ကရင်အမျိုးသားနှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားပြီး ဦးစောထိုလွိထူးက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ထံမှ ပေးပို့သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာများကို ဖတ်ကြားသည်။

ဆက်လက်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဘောလုံးကွင်း၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အားကစားပြိုင်ပွဲများ ပြုလုပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

**၇-၁-၂၀၁၉ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၉း၃၀ ရတနာအလားကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "Troy" (Turkey)

၉း၄၅ "ညွှန်းဖွဲ့စာမမီအနုလက်ရာတို့ဆီ" (သမိုင်းဝင်ဖိုလ်ဝင်တောင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ)

၁၃း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း" (အပိုင်း-၉)

၁၄း၃၀ Tasty Trip

**ညပိုင်း**

၁၆း၂၅ "၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်စာမေးပွဲတွင်စတင်အသုံးပြုမည့်မေးခွန်းပုံစံသစ်ဆိုင်ရာသိမှတ်ဖွယ်ရာများ" (မြန်မာစာဘာသာရပ်)

၁၇း၃၅ Yes or No Talk Show

၁၈း၃၅ ဥပဒေရေးရာအဖြာဖြာ"အညှော်ဆိုတာ" (ဒိတ်ဒိတ်၊ ဦးစံပေါ၊ ကိုချစ်ဦး၊ တော်မီလှိုင်၊ သူရ၊ ခင်ဖြူဖြူသန့်၊ ဒေါ်အမာကြည်၊ မသန္တာ၊ ဒေါ်မို့မို့သိန်း) [ဒါရိုက်တာ-ဝေဠု(ဝသန်)]

၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၇၂)

၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

၂၀း၃၅ ဆင်ခြေထောက်ရောဂါကင်းဝေးရေး သန်ချဆေးပေါင်းတိုက်ကျွေးပေး (အပိုင်း-၁)

-နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်" (အပိုင်း-၃၀)

-ပြည်သူ့နီတိ "အဆိပ်"

-အစီအစဉ်ပြီး၏။

## ပြည်တွင်းရေးရာ

## နယ်စပ်ဒေသများမှ တိုင်းရင်းသား၊ တိုင်းရင်းသူလေ့လာရေးအဖွဲ့များ နေပြည်တော်သို့လာရောက်လေ့လာမည်

**နေပြည်တော် ဇန်နဝါရီ ၆**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ တိုင်းရင်းသား တိုင်းရင်းသူများသည် ဇန်နဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ နေပြည်တော်ရှိ အထင်ကရနေရာများသို့ လာရောက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလေ့လာရေးအဖွဲ့တွင် တိုင်းရင်းသား တိုင်းရင်းသူ ၁၅၀ နှင့် အုပ်ချုပ်သူ ၁၀ဦး စုစုပေါင်း လူဦးရေ ၁၆၀ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကော်မတီအစည်းအဝေး ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၆**

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို ဇန်နဝါရီ ၉ ရက်တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တက်ရောက်လာကြမည့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

### ■ မုန်တိုင်းငယ်မှ

မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ နောက်(၇၂)နာရီအတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင်(၄၀)အထိ တိုက်ခတ်နိုင်သည်။ ထို့ပြင် လေပြင်းတိုက်ခတ်ခြင်းနှင့် အချိန်အခါမဟုတ်မိုးရွာသွန်းခြင်းတို့ ဖြစ်ပေါ်နိုင်ပါသဖြင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရှောင်ရှားကြပါရန် အကြံပြုထားသည်။

**မိုး/ဇလ**

## ကြံ့ခိုင်မှုအားနည်းနေသည့် လေးကျွန်းရန်အောင်စေတီတော်မြတ်ကြီး၏ ထီးတော်ဟောင်းအား ထီးစေတီတည်ထားကိုးကွယ်ရန် ရင်ပြင်တော်ပေါ်သို့ပင့်ဆောင်ပူဇော်

**ပုသိမ် ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရေကြည်၊ ရေနောက်ကန်တော်နှစ်ကန်အနီးရှိ အလောင်းစည်သူမင်းကြီး၏ ဖောင်တော်ဦးစေတီကိုငုံ၍ ဌာပနာပြီး တည်ထားကိုးကွယ်သော လေးကျွန်းရန်အောင်စေတီတော်မြတ်ကြီး၏ ထီးတော်ဟောင်းမှာ ကြံ့ခိုင်မှုအားနည်းလာသည့်အတွက် ထီးတော်ဟောင်းအား ထီးစေတီတည်ထားကိုးကွယ်ရန်အတွက် ရင်ပြင်တော်ပေါ်သို့ပင့်ဆောင်ပူဇော်သည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါစေတီတော်ရင်ပြင်၌ ပြုလုပ်သည်။



ထီးတော်ဟောင်းအားစေတီတော်ရင်ပြင်သို့ ပင့်ဆောင်ခြင်းအခမ်းအနားကို ဒုတိယကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တနာဂဒီပ၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းဗဟို (ဥက္ကဋ္ဌ) ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ ဦးဆောင်သော တိုင်းနုဂ္ဂဟအဖွဲ့ဝင်များနှင့် ကျိုက်ထီးဆောင်းငါးသုံးလီမိသားစုတို့က ထီးတော်ဟောင်းအား ပင့်ဆောင်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ စေတီတော်မှာ သမိုင်းဝင်စေတီတော်မြတ်ကြီးတစ်ဆူဖြစ်ပြီး တတိယ သင်္ဂါယနာတင်ခဲ့သော အသောကမင်းကြီးလက်ထက်က ယင်းနေရာတွင် စေတီတော်တစ်ဆူရှိခဲ့သဖြင့် ထိုစေတီကိုဖူးမြော်လိုသည့် အလောင်းစည်သူမင်းကြီးက မော်တင်စွန်းဆံတော်ရှင်စေတီတော်ကို မွမ်းမံပြုပြင်ပြီးနောက် ပုသိမ်သို့အရောက် ဖောင်တော်ဆိုက်ရာနေရာတွင် ယခုစေတီတည်ထားသည့်နေရာတွင် ဖောင်တော်ဦးစေတီတော်ကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

ရှေးဟောင်းသမိုင်းဝင် လေးကျွန်းရန်အောင်စေတီတော်မြတ်ကြီးအား ထီးတော်အသစ် တင်လှူပူဇော်ရန်နှင့် ဘက်စုံပြုပြင်မွမ်းမံဆောင်ရွက်နေမှုများအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဇန်နဝါရီ ၅ ရက် ညနေပိုင်းတွင် လာရောက်ဖူးမြော်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ယခုအခါ ယင်းစေတီတော်မြတ်ကြီးအား သာသနာ(၂၅၀၀) မှ သာသနာ (၅၀၀၀)တည်တံ့နိုင်ရန် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်အသစ် တင်လှူပူဇော်ရန်နှင့် ဘက်စုံပြုပြင်မွမ်းမံမှုများအတွက် ဧရာဝတီတိုင်းဒေသကြီး သံဃာ့ဦးသျှောင် သံဃနာယကဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့၏ လမ်းညွှန်မှုဖြင့် ထီးတော်အသစ်တင်လှူပူဇော်ရန်နှင့် ဘက်စုံပြုပြင်မွမ်းမံမှုများဖြစ်သော စေတီတော်ရှိ မျက်နှာကြက် မိုးယိုစိမ့်နေမှုအား ခေတ်မီနည်းပညာများဖြင့် ရေယိုစိမ့်မှုကာကွယ်ဆေးထိုးခြင်းနှင့် ကတ္တရာလိပ်ခင်းခြင်း၊ ရေဆင်းပိုက်များ လဲလှယ်တပ်ဆင်ခြင်း၊ ဘုရားပရိဝုဏ်ပတ်ပတ်လည်အား ကျုံးရေကန်တူးဖော်ခြင်းနှင့် ကျုံးပတ်လမ်းတည်ဆောက်ခြင်း၊ရေကြည်၊ ရေနောက်ကန်အားသန့်ရှင်းမှုရှိစေရန် ပြန်လည်တူးဖော်ခြင်း၊ ဧက ၅၀ အကျယ်ရှိသော ဘုရားပရိဝုဏ်မြေအား ချုံနွယ်များရှင်းလင်း၍ အများသူငါစိတ်ချမ်းမြေ့စွာအနားယူနိုင်ရန်နှင့် ကြည်ညိုသဒ္ဓါပွားနိုင်စေရန် ဥယျာဉ်တော်တည်ဆောက်ခြင်း၊ ဘုရားအဝင်၊ အထွက်လမ်းအား ကွန်ကရစ်လမ်းခင်းခြင်းအပါအဝင် ဘက်စုံပြုပြင်မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိသည်။

ထီးတော်အသစ်အား တပေါင်းလတွင် တင်လှူပူဇော်ပြီး ဘက်စုံပြင်ဆင်ရေး လုပ်ငန်းများ ပြီးစီးသည့် ၂၀၂၀ ပြည့်နှစ်တွင် အလှူမင်္ဂလာအောင်ပွဲ အထိမ်းအမှတ်အဖြစ် ရဟန်း၊ သာမဏေ၊ သီလရှင်စုစုပေါင်း ၅၀၀၀ တို့အား သာသနာ့ဘောင်သို့ သွတ်သွင်းခြင်း အလှူတော်မင်္ဂလာကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဝဲကြီးရေလှောင်တမံမှ နွေစပါးဧက ၁၅၀၀၀ ကျော် ရေပေးဝေလျက်ရှိ

**ပေါင်းတည် ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း ပေါင်းတည်မြို့နယ်ရှိ ဝဲကြီးရေလှောင်တမံမှ ယခုနှစ်နွေစပါးစိုက်ရာသီတွင် နွေစပါးစိုက်ဧက ၁၅၀၀၀ ကျော်ကို ဇန်နဝါရီ ၁ ရက်မှစတင်ကာ စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးဝင်းက ပြောသည်။

ဝဲကြီးဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို JICA(ODA) ချေးငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်၍ ဆောင်ရွက်လျက်ရှိရာ ယခုအခါ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၉၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ဝဲကြီးရေလှောင်တမံမှ ၂၀၁၈-၂၀၁၉ မိုးစပါးစိုက်ရာသီတွင် မိုးစပါး ဧက ၁၂၀၀၀ကိုလည်း အောင်ရေပေးဝေနိုင်ခဲ့ပြီး ရေလှောင်တမံအတွင်း ရေပမာဏ ဧကပေ ၂၃၃၀၀၀ သိုလှောင်ထားရှိကြောင်းသိရသည်။

**ညာဏ်ကောင်းဆက်**

## ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကရင်အမျိုးသားများ၏ ကရင်သက္ကရာဇ် ၂၇၅၈ ခုနှစ် နှစ်သစ်ကူးပွဲတော်ကို ယနေ့ နံနက် ၆ နာရီ တွင် ပုသိမ်မြို့ အမှတ် ၃ နယ်မြေ မဟာသိမ်တော်ကြီးကျောင်းဝင်း၌ ကျင်းပရာ ရှေးဟောင်းကရင်အမျိုးသားများ၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်ပြကွင်း၊ပြကွက်၊ပြခန်းများဖြင့် စည်ကားသည်။

ထို့နောက် နှစ်သစ်ကူးအခမ်းအနားကို ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂေါ့မိုးမြတ်မြတ်သူထံမှ ပေးပို့သောသဝဏ်လွှာကို ကျင်းပရေးကော်မတီဥက္ကဋ္ဌ မန်းစံထွန်းက ဖတ်ကြားသည်။ ထို့နောက် မဟာသိမ်တော်ကြီးဆရာတော်ဘဒ္ဒန္တသုမနက နှစ်သစ်ကူးဩဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် သဘာပတိအဖွဲ့ဝင် စောဖရန်စစ်ခိုင်က အသက် ၇၅ နှစ်အထက် ကရင်အမျိုးသားအဘိုးအဘွား ၄၅ ဦးနှင့် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သောကျောင်းသား ကျောင်းသူ ၁၂ ဦးတို့အားလည်းကောင်း၊ ကျင်းပရေးကော်မတီဝင် စောကော်မူးက ပိုက်ကျော်ခြင်းအားကစားနှင့် ဘောလုံးအားကစားပြိုင်ပွဲ ပထမဆုရရှိသည့် အသင်းတို့အားလည်းကောင်း၊ ကျင်းပရေးနာယက မန်းထွန်းတင်က ကန်ကြီးထောင့်မြို့နယ် ဝဲကြီးကျေးရွာ ဒုံးယိမ်းအဖွဲ့နှင့် ငပုတောမြို့နယ် ကုန်းမြင့်သာ ကရင်ဒုံးယိမ်းအဖွဲ့တို့အား လည်းကောင်း ဂုဏ်ပြုလက်ဆောင်များ အသီးသီးချီးမြှင့်ခဲ့ကြသည်။

**ပုသိမ်လှကြည်**

### ❖ ကမ္ဘာ့စိတ်ဝင်စားစရာမှ

ရန်ကုန်မြို့ကို ၁၉၈၈ နောက်ပိုင်း အရှေ့ဘက်ကိုတိုးချဲ့ခဲ့ရာ ယခုအခါ သီလဝါအထူးစီးပွားရေးဇုန်အထိ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ရန်ကုန်အနောက်ဘက်ခြမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြည့်မြင်တိုင်တစ်ဖက်ကမ်း မြို့သစ်စီမံကိန်းတစ်ခုနှင့် ဒလမြို့တစ်ဖက်ကမ်း စက်မှုဇုန်တစ်ခု ထပ်မံတည်ဆောက်ပြီးပါက ရန်ကုန်မြို့သည်စက်ဝိုင်းပုံစံဖြစ်လာပြီး မည်သည့်နေရာသည်မြို့လယ်ကောင်ဟုပြောလို့မရအောင် တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယခုအခါ ရန်ကုန်မြို့ကြီးတွင် လူဦးရေ ခုနစ်သန်းကျော် ရှစ်သန်းနီးပါးနေထိုင်လျက်ရှိကြောင်း၊ အထူးစီးပွားရေးဇုန်တစ်ခုနှင့် စက်မှုဇုန် ၂၉ ခု ရှိပြီး ရွှေ့ပြောင်းလုပ်သားအများဆုံး လာရောက်လုပ်ကိုင်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုအပိုင်းတွင်လည်း တစ်နိုင်ငံလုံး၏ ဓာတ်အားသုံးစွဲမှုထက်ဝက်ကို ရန်ကုန်မြို့၌ သုံးစွဲလျက်ရှိကြောင်း၊မြို့ရေပေးဝေရေး စီမံကိန်းများကိုလည်း အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မြို့ပြခရီးသည်ပို့ဆောင်ရေး လွယ်ကူချောမွေ့စေရေးအတွက် မိုးပျံလမ်းစီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**

# မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ Panda Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က အဖွင့်အမှာစကားပြောကြားရာတွင် ရွှေလုပ်ငန်းရှင်အသင်းအနေဖြင့် ရွှေလုပ်ငန်းနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများအား ရေးဆွဲရန် လိုအပ်ကြောင်း၊ အသင်းအဖွဲ့များအနေဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြမှသာ ရွှေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းသည် အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံပြီး ကဏ္ဍအသီးသီးမှ ရွှေလုပ်ငန်းလုပ်ကိုင်နေသူများ၏ လူနေမှုဘဝလုံခြုံအေးချမ်းစေရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးကို နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက် မူဝါဒဘောင်အတွင်းမှနေ၍ အထောက်အကူပေးလျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အသင်းသူအသင်းသားများအကြား ပေါင်းကူးဆက်သွယ်၍ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အသင်းကြီးဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းရှင်များအားလုံးကို ရွှေလက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်ထားသော အနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို တရားဝင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင်လုပ်ကိုင်နိုင်ရန် စနစ်တကျ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး အသင်းအဖွဲ့၏ လုပ်ငန်းစဉ်များ အောင်မြင်အောင် ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းတို့ အစည်းအဝေးများပြုလုပ်ပြီး အားနည်းချက်၊ အားသာချက်များအား ဆွေးနွေးရန် လိုအပ်ကြောင်း၊ နိုင်ငံတကာမှ နည်းပညာ၊ အတတ်ပညာများ ရရှိအောင် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်သော အသင်းဖြစ်စေရေးအတွက် အသင်းအနေဖြင့် စည်းလုံးညီညွတ်ပြီး ရွှေကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းလုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဗဟန်းမြို့နယ် ကန်တော်ကြီး မျှော်စင်ကျွန်းတွင် ကျင်းပလျက်ရှိသော ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အသေးစား၊ အလတ်စား ထုတ်ကုန်ပစ္စည်းများပြသသည့် Made in Myanamr ကုန်စည်ပြပွဲသို့ ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## သတင်းထုတ်ပြန်ချက်အမှတ်(၁/၂၀၁၉)

၁။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်ရှိ ရဲကင်းစခန်း ၄ ခုအား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းတွင် AA သောင်းကျန်းသူအဖွဲ့က အင်အားအလုံးအရင်းဖြင့် တစ်ချိန်တည်းတစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ၁၃ ဦးကျဆုံးခဲ့ပြီး ၉ ဦး ဒဏ်ရာရရှိခဲ့သည့်အပြင် ဒေသခံပြည်သူများ အသက်အိုးအိမ် ထိခိုက်ပျက်စီးဆုံးရှုံးမှု၊ အိမ်မွေးတိရစ္ဆာန်များ သေဆုံးမှုများရှိခဲ့ကြောင်း သတင်းများအရ သိရှိရပါသည်။

၂။ နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ အလေးထားဆောင်ရွက်လျက်ရှိနေချိန်တွင် ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှု လုပ်ရပ်များကြောင့် အခြေအနေများကို ပိုမိုရှုပ်ထွေးစေပြီး တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ဆုံးရှုံးစေကာ ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းတည်ငြိမ်မှုကို ထိခိုက်စေနိုင်သည့်အပြင် နိုင်ငံတော်အစိုးရက ဖော်ဆောင်နေသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း များစွာထိခိုက်မှု ဖြစ်စေနိုင်ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များကို ပြင်းထန်စွာပြစ်တင်ရှုတ်ချပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်**

# ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် စည်ကားစွာ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီနှင့် ရန်ကုန်အရှေ့ပိုင်း ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပရေးဦးစီးကော်မတီတို့ ကြီးမှူးကျင်းပသည့် ကရင်သက္ကရာဇ် ၂၇၅၈ ခုနှစ် ပြာသိုလဆန်း ၁ ရက်တွင် ကျရောက်သည့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အခမ်းအနားကို ယနေ့ နံနက်က ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ နံနက်ပိုင်းတွင် ကရင်အမျိုးသား အလံတင်အခမ်းအနားကို ကျင်းပခဲ့ပြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်းရှိ ကရင်အိမ်တွင် ဆွမ်းကပ်လှူခြင်း၊ ပြည်ထောင်စုခန်းမတွင် ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ကရင်သက်ကြီးမိဘဘိုးဘွားများအား ပူဇော်ကန်တော့ကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစောချစ်မျိုးက "ဒီနှစ်မှာလည်း မနက်ပိုင်းမှာ အလံတင်အခမ်းအနားလုပ်တယ်။ နှစ်သစ်ကျေးဇူးတော်ချီးမွမ်းခြင်းလုပ်တဲ့အခါ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူရဲ့ ဇနီးနဲ့ မိသားစုလည်း တက်ရောက်ခဲ့ပါတယ်။ ကရင်နှစ်သစ်ကူးက နေရာအနှံ့အပြားမှာလုပ်ပေမယ့် ဒီတိုင်းရင်းသားကျေးရွာမှာလုပ်တဲ့ပွဲကလည်း အရင်နှစ်တွေကထက်မလျော့ဘဲ အကောင်းဆုံးဖြစ်အောင် လုပ်ခဲ့သလို လာတဲ့သူတွေကလည်း မနှစ်ကထက်ကို ပိုစည်တာကို တွေ့ရတဲ့အတွက် ဝမ်းသာကြည်နူးမိပါတယ်" ဟု ပြောသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်း ကရင်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုခန်းမ၌ ကျင်းပရာ မင်္ဂလာဖားစည်တီးကာ ကြွချို(ပဒိုး)မှုတ်၍ ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံတို့ကို တက်ရောက်လာသူများက အလေးပြုကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲ ပူးတွဲကော်မတီအဖွဲ့ဝင် ပဒိုဒေါက်တာစောထွန်းအောင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှပေးပို့သည့် သဝဏ်လွှာနှင့် ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်ထံမှ ပေးပို့သည့် သဝဏ်လွှာတို့ကို တာဝန်ရှိသူများက အသီးသီးဖတ်ကြားခဲ့သည်။



ယနေ့ကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်တွင် ထူးချွန်ကျောင်းသား ကျောင်းသူများအားဆုများချီးမြှင့်ခြင်း၊ ကရင်နှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံကို ဟောပြောခြင်း၊ ပြည်ထောင်စုတိုင်းရင်းသားအက၊ ကရင်ရိုးရာ ဒုံးယိမ်းအကများ၊ ပျားဖွပ်ဝါးညှပ် ကြိုးကျစ်အက၊ ဝါးထောက်အက၊ ကရင်တိုင်းရင်းသား တယောပညာရှင်၊ စောင်းပညာရှင်များ၏ ဖျော်ဖြေမှုတို့အပြင် နာမည်ကျော် တေးသံရှင်များဖြစ်သည့် တေးသံရှင် အက်စ်ကဲနက်နှင့် ဒေါ်ကေဂျာနူးတို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ထို့ပြင် ကရင်တိုင်းရင်းသားရိုးရာ တူရိယာပစ္စည်းများ၊ ကရင်ရိုးရာ လယ်ယာသုံးပစ္စည်းများ၊ ရိုးရာယဉ်ကျေးမှု၊ အဝတ်အထည်အသုံးအဆောင်၊ စာပေယဉ်ကျေးမှု ဆိုင်ရာ ပြခန်းများကို ဖွင့်လှစ်ပြသထားရာ ကြည့်ရှုလေ့လာသူများဖြင့် အထူးစည်ကားခဲ့သည်။

**သတင်း-သီသီမင်း၊ ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**

# ကရင်နှစ်သစ်ကူးပွဲတော် မော်ဘီမြို့နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မှော်ဘီ ဇန်နဝါရီ ၆**

ကရင်သက္ကရာဇ် ၂၇၅၈ ခုနှစ် ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီ(မှော်ဘီ)က ကြီးမှူးကျင်းပသည့် ကရင်နှစ်သစ်ကူးပွဲတော်ကို မှော်ဘီမြို့နယ် အင်းလျက်အုပ်စု ကျောက်ပုန်းကျေးရွာ၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက် ညနေ ၆ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်ရွှေ၊ ပွဲတော်ကျင်းပရေးနာယက ဆရာတော် ဦးအာစိဏ္ဏ၊ ဥက္ကဋ္ဌ စောချက်ကော့ကူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နာယကဆရာတော်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဇန်နဝါရီ ၆ ရက် နံနက် ၆ နာရီတွင် ကရင်အမျိုးသားအလံအား လွှင့်တင်ပြီး အလေးပြုကြသည်။ ထို့နောက် ပွဲတော်ကျင်းပရေး ကော်မတီဝင်တစ်ဦးက ကရင်လူမျိုး ဆင်းသက်လာပုံ၊ ကရင်နှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံ၊ ကရင်အလံနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို ဖတ်ကြားသည်။

ပွဲတော်တွင် သက်ကြီးပူဇော်ပွဲ၊ အားကစားပြိုင်ပွဲအမျိုးမျိုး၊ ကရင်ရိုးရာ အသုံးအဆောင်ပြပွဲ၊ ကရင်တိုင်းရင်းသား ခေါင်းဆောင်များပုံပြခန်းတို့ ပြသထားပြီး ယနေ့ညနေ ၆ နာရီတွင် ရိုးရာအက၊ ဒုံးအက၊ စတိတ်ရှိုးတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

**ငွေးကြိုင်**

■



**သတ္တမအကြိမ်မြောက် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ကရင်သက္ကရာဇ် ၂၇၅၈ ခုနှစ် ကရင်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက် ညနေ ၄ နာရီက တောင်ငူခရိုင် တောင်ငူမြို့ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်စေးနှင့် တာဝန်ရှိသူများက ကရင်နှစ်သစ်ကူးပွဲတော်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။** ဟိန်းထက်(ပဲခူး)

# ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ငပုတောမြို့နယ်အတွင်း၌ ကျင်းပ

**ငပုတော ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ရေငံသရက်ကုန်းကျေးရွာ ဘောလုံးကွင်းတွင် ကရင်သက္ကရာဇ် ၂၇၅၈ ခုနှစ် (၇၄)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အကြိုနေ့ ညဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညပိုင်းက ကျင်းပရာ ဟင်းအိုးချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး မန်းကျော်သက်က အဖွင့်အမှာစကားပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး ည ၁၂ နာရီအထိ ကရင်ဒုံးယိမ်းအကများ၊ တိုင်းရင်းသားတေးသီချင်းများဖြင့် နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။

ဆက်လက်၍ ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် (၇၄)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ကျင်းပရာ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ပွဲတော်သို့ တက်ရောက်လာကြသော တိုင်းရင်းသားများ၊ ဧည့်သည်တော်များအား ကရင်ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ကျွန်တော်တို့ IQA လို့ခေါ်တဲ့ အတွင်းအရည်အသွေးစစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်၊ EQA လို့ခေါ်တဲ့ အပြင်အရည်အသွေး စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်များနဲ့ ပါဝင်နိုင်ဖို့ ကျွန်တော်တို့က ဆောင်ရွက်ပေးလျက်ရှိပါတယ်

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာမောင်မောင်ဝင့်

## အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ဆောင်ရွက်နေမှုများ ပညာရေးစကားဝိုင်း ကျင်းပ

**အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ဆောင်ရွက်နေမှုများ ပညာရေးစကားဝိုင်း အပိုင်း(၂)ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါစကားဝိုင်း ဆွေးနွေးပွဲတွင် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမျိုးကြွယ်၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာမောင်မောင်ဝင့်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌ၊ မြိတ်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမြင့်ဆွေ၊ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်အဖွဲ့ဝင်၊ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ/ဌာနမှူး(ငြိမ်း) ဒေါက်တာခင်မာရီတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်-**

သတင်းအဖွဲ့

**အစီအစဉ်မှူး။** ။ **အမျိုးသားပညာရေးမူဝါဒကော်မရှင်က ဖွဲ့စည်းပေးထားတဲ့ ကော်မတီတွေအကြောင်းနဲ့ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းထားတယ်ဆိုတာ ပြောပြပေးစေလိုပါတယ်ရှင့်။**

**ဒေါက်တာမျိုးကြွယ်။** ။အမျိုးသားပညာရေး မူဝါဒကော်မရှင်က ဖွဲ့စည်းပေးထားတဲ့ ကော်မတီ သုံးခုရှိပါတယ်။

(၁) အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ (National Curriculum Committee, NCC)

(၂) အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေး ကော်မတီ (National Accreditation and Quality Assurance Committee, NAQAC)

(၃) ပါမောက္ခချုပ်များ ကော်မတီ (Rectors' Committee) တို့ပဲဖြစ်ပါတယ်။

### ပါဝင်ဖွဲ့စည်း

အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ (NCC) ကို အမျိုးသားပညာရေးမူဝါဒကော်မရှင်သည် အခြေခံပညာကဏ္ဍအတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်တဲ့ မူလတန်းအဆင့် ပထမတန်းကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဆရာကိုင်စာအုပ်များကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အမီ ပုံနှိပ်နိုင်ရန်၊ ကျောင်းသုံးစာအုပ်များကို စိစစ်အတည်ပြုနိုင်ရန်၊ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်ကို အချိန်မီ စိစစ်အတည်ပြုနိုင်ရန်၊ အမျိုးသားပညာရေးဥပဒေ အခန်း (၄)၊ ပုဒ်မ ၆ (ခ) အရ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကို အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) နဲ့ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့မှာ အဖွဲ့ဝင် ၁၅ ဦး ပါဝင်ဖွဲ့စည်းခဲ့ပါတယ်။ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီ (NAQAC) ကို အမျိုးသားပညာရေးဥပဒေ အခန်း(၁၀)၊ အရည်အသွေးအကဲဖြတ်မှု၊ အရည်အသွေးအာမခံမှုနှင့်စပ်လျဉ်းပြီး ပုဒ်မ ၅၄ မှာ "(က) ပညာရေးအဆင့်တိုင်းတွင် ပညာအရည်အသွေးအာမခံမှုအစီအစဉ်တစ်ရပ်ရှိရပါမယ်။ (ခ)ပညာအရည်အသွေးနှင့် အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်မှုတွင် အရည်အသွေးစစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်နှင့် ပြင်ပမှ အရည်အသွေးစစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်တို့ ပါဝင်ရပါမယ်။ (ဂ) ကော်မရှင်သည် အရည်အသွေးခိုင်မာမှုအတွက် စစ်ဆေးအကဲဖြတ်ရမည့် စံချိန်စံညွှန်းနှင့် နည်းလမ်းများကို သတ်မှတ်ပေးရမည်" ဆိုပြီး ဖော်ပြထားပါတယ်။

ဒ့ါအပြင် အမျိုးသားပညာရေးဥပဒေ အခန်း (၁၀)၊ ပုဒ်မ ၅၅ မှာ "ကော်မရှင်သည် ပုဒ်မ ၅၄ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီကို လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။" ဆိုပြီး ပါရှိတဲ့အတွက် အမျိုးသားပညာရေးဥပဒေ အခန်း (၄)၊ ပုဒ်မ ၆ (ခ)အရလည်းကောင်း၊ ပုဒ်မ ၅၅ အရလည်းကောင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်သည် လိုအပ်သည့် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီကို အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇)နဲ့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်မှာ အဖွဲ့ဝင် ဦးရေ ၂၀ ဖြင့် ဖွဲ့စည်းခဲ့ပါတယ်။

### ညှိနှိုင်းဆောင်ရွက်

ပါမောက္ခချုပ်များကော်မတီ (RC) ကို အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၇ မှာ "ကော်မရှင်သည် အဆင့်မြင့်ပညာရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့်

**အမျိုးသားပညာရေး ဥပဒေပြဋ္ဌာန်းချက်များဖြစ်တဲ့ ပညာရေးအဆင့်တိုင်းမှာ ပညာအရည်အသွေးအာမခံမှု အစီအစဉ်တစ်ရပ်ရှိဖို့နဲ့ ပညာအရည်အသွေးနဲ့ အဆင့်ကို တိုးတက်မှုစစ်ဆေးနိုင်ဖို့အတွက် ကျွန်တော်တို့ IQA လို့ခေါ်တဲ့ အတွင်းအရည်အသွေး စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ် EQA လို့ ခေါ်တဲ့ အပြင် အရည်အသွေး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်များနဲ့ ပါဝင်နိုင်ဖို့ ကျွန်တော်တို့က အထူးသဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။**

လွတ်လပ်စွာရပ်တည်သော ကော်မတီတစ်ခုကို ဖွဲ့စည်းပေးနိုင်သည်"ဟု ပြဋ္ဌာန်းထားပါတယ်။ အမျိုးသားပညာရေးမူဝါဒကော်မရှင်သည် အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၇ နှင့်အညီ ကော်မတီဖွဲ့စည်းနိုင်ရန် အဆင့်မြင့်ပညာကျောင်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၂-၃-၂၀၁၈ ရက်နေ့မှာ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပခဲ့ပါတယ်။

### ဆန္ဒပြုရွေးချယ်

"ပါမောက္ခချုပ်များကော်မတီ" အမည်ကို တက်ရောက်လာကြတဲ့ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး ၁၇၃ ဦးက လျှို့ဝှက်ဆန္ဒမဲနဲ့ အတည်ပြုနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၁၆၁ ကျောင်းက ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများအားလုံး အဖွဲ့ဝင်အဖြစ်ပါဝင်တဲ့ ပါမောက္ခချုပ်များ ကော်မတီကို ဖွဲ့စည်းခြင်း၊ အဖွဲ့ဝင် ၁၆၁ ဦးက လျှို့ဝှက်ဆန္ဒမဲနဲ့ အဖွဲ့ဝင် ၄၄ ဦးပါဝင်တဲ့ အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီနောက် အလုပ်အမှုဆောင်အဖွဲ့ဝင် ၄၄ ဦးက အဖွဲ့ဝင် ၁၅ ဦးပါဝင်တဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ထပ်မံရွေးချယ်ကြပါတယ်။ ၁၃-၃-၂၀၁၈ ရက်နေ့မှာ ပါမောက္ခချုပ်များကော်မတီရဲ့ အလုပ်အမှုဆောင်အဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နဲ့ အမျိုးသားပညာရေးမူဝါဒကော်မရှင်တို့ဟာ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းဆိုင်ရာကိစ္စရပ်များကို ဆက်လက်ဆွေးနွေးခဲ့ကြပြီး ၆-၄-၂၀၁၈ ရက်နေ့မှာ အမိန့်ကြော်ငြာစာ (၁/၂၀၁၈)နဲ့ ပါမောက္ခချုပ်များ ကော်မတီဖွဲ့စည်းခြင်းနှင့် အမိန့်ကြော်ငြာစာ (၂/၂၀၁၈)နဲ့ အလုပ်အမှုဆောင်အဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်းတို့ကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၇ အရ ဖွဲ့စည်းခဲ့တဲ့ ပါမောက္ခချုပ်များကော်မတီဟာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးက ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများကိုယ်တိုင် လွတ်လပ်စွာ ဆန္ဒပြုရွေးချယ်ဖွဲ့စည်းခြင်းဖြင့် ပေါ်ပေါက်လာခဲ့တဲ့ ကော်မတီတစ်ရပ် ဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ **အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီရဲ့ ဖွဲ့စည်းဖြစ်ပေါ်လာပုံနဲ့ ယခု လက်ရှိလုပ်ငန်းဆောင်ရွက်ချက်တွေကိုလည်း ပြောပြပေးပါဦးရှင့်။**

**ဒေါက်တာမောင်မောင်ဝင့်။** ။ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေး၊ လူမှုရေးလိုအပ်ချက်များနှင့်အညီ အမျိုးသားပညာရေးဥပဒေ ၂၀၁၅ အခန်း (၄)၊ ပုဒ်မ (၆)အရ ကျွန်တော်တို့ရဲ့ ကော်မတီကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့မှာ အမျိုးသားပညာရေးမူဝါဒကော်မရှင်က ဖွဲ့စည်းပေးခဲ့ပါတယ်။ ကျွန်တော်တို့ အဖွဲ့ဝင်ဦးရေအားလုံး ၂၀ ပါပါတယ်။ ကျွန်တော်ရဲ့ ကော်မတီမှာ ပညာရေးနယ်ပယ်အသီးသီးက ပညာရှင်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများအပြင် ဥပဒေပညာရှင်နဲ့ Professional Council များမှ ပုဂ္ဂိုလ်များ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များလည်း စုံစုံညီညီပါဝင်လျက်ရှိပါတယ်။ ကျွန်တော်တို့ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီရဲ့ လက်ရှိလုပ်ငန်းများကတော့ ကျွန်တော်တို့ကော်မတီမှာ လုပ်ငန်းစဉ် (၁၂)ချက် ချမှတ်ထားပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် အမျိုးသားပညာရေးဥပဒေ ပြဋ္ဌာန်းချက်များဖြစ်တဲ့ ပညာရေးအဆင့်တိုင်းမှာ ပညာအရည်အသွေးအာမခံမှု အစီအစဉ်တစ်ရပ်ရှိဖို့နဲ့ ပညာအရည်အသွေးနဲ့ အဆင့်ကို တိုးတက်မှုစစ်ဆေးနိုင်ဖို့အတွက် ကျွန်တော်တို့ IQA လို့ခေါ်တဲ့ အတွင်းအရည်အသွေးစစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ် EQA လို့ ခေါ်တဲ့ အပြင် အရည်အသွေးစစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်များနဲ့ ပါဝင်နိုင်ဖို့ ကျွန်တော်တို့က အထူးသဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါတင်မက ကျွန်တော်တို့ရဲ့ကော်မတီဟာ စစ်ဆေးအကဲဖြတ်နိုင်ဖို့အတွက် စံချိန်စံညွှန်းများနဲ့ နည်းလမ်းများကိုလည်း သတ်မှတ်ပေးရတဲ့ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ကော်မတီဟာ သုံးလတစ်ကြိမ် အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို အစီရင်ခံရပြီး ကော်မရှင်ကတစ်ဆင့် ပြည်ထောင်စုလွှတ်တော်ကို ခြောက်လ တစ်ကြိမ် အစီရင်ခံစာ ပို့ပေးရပါတယ်။ ဒီကျွန်တော်တို့ရဲ့ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီဟာ ပညာရည်တိုးတက်မြင့်မားမှု ဖြစ်ပေါ်လာဖို့ စိစစ်တဲ့နေရာမှာ အဆင့်သတ်မှတ်နိုင်ဖို့အတွက် ဝန်ကြီးဌာနအသီးသီးအောက်မှာရှိတဲ့ တက္ကသိုလ်များ၊ ကောလိပ်များ၊ ကျောင်းများကို ကျွန်တော်တို့ ပဏာမ Survey လုပ်ပါတယ်။ ကျောင်းမှာရှိနေတဲ့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများရဲ့ QA ဆိုင်ရာ အသိ၊ သူတို့ရဲ့ နားလည်ပုံ၊ သူတို့ရဲ့ အယူအဆ၊ အခက်အခဲပြဿနာ စသည်များကို ကျွန်တော်တို့က သိရှိနိုင်မှ သူတို့ကို ပိုမိုပြီးတော့ ထိထိရောက်ရောက် ကူညီနိုင်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ Survey များ ကောက်ခံခဲ့ပါတယ်။ အဲဒီ Data၊ အဲဒီ Survey များကို ဆက်လက်ပြီးတော့ ဒီ Professional Council တွေက ဥက္ကဋ္ဌများနဲ့ တက္ကသိုလ်တွေက ပါမောက္ခချုပ်များ၊ NAQAC ရဲ့ ဖိတ်ကြားချက်အရ ကျွန်တော်တို့ရုံးကို လာရောက်ပြီးတော့ ဆွေးနွေးရှင်းလင်းတင်ပြမှုတွေလည်း ရှိပါတယ်။

QA ကိစ္စနဲ့ပတ်သက်လို့ ပိုမိုပြီးတော့ တက္ကသိုလ်တွေ၊ ကျောင်းတွေ သိရှိနိုင်ဖို့အတွက် ကျွန်တော်တို့က အလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်တွင်း၊ ပြည်ပ ဆွေးနွေးနှီးနှောဖလှယ်ပွဲများ၊ ရှင်းလင်းတင်ပြချက်များ စသည်တို့ကို ဆင့်ကဲဆင့်ကဲများစွာလုပ်ကိုင်ပေးပြီး ဖြစ်ပါတယ်။ ဒါတင် မကသေးဘူး၊ ကျွန်တော်တို့ လိုအပ်တဲ့ References များ၊ စာအုပ်စာတမ်းများ၊ Computer Soft Copy များနဲ့ စာအုပ်များကိုလည်း ကျွန်တော်တို့က ပို့ပြီးဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ဒေသတွင်းနဲ့ နိုင်ငံတကာ QA ဆိုင်ရာ အဖွဲ့အစည်းများနဲ့ ကျွန်တော်တို့က ညှိနှိုင်းဆောင်ရွက်ဖို့အတွက် အင်မတန်ကို လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ အထူးသဖြင့်

- ASEAN University Network for QA(AUN-QA)
- ASEAN QA Network (AQAN)
- ASEAN QA Framework (AQAF)
- ASEAN QA Referencing Framework (AQRF)

စတာတွေအတွက် ကျွန်တော်တို့ ဆိုင်ရာဆိုင်ရာ ကော်မတီများနဲ့ ချိတ်ဆက်ညှိနှိုင်းပြီးတော့ အကြိမ်ကြိမ်ဆွေးနွေးပွဲများ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒါတင်မကသေးဘူး။ ကျွန်တော်တို့ ကျောင်းသားများ၊ ပညာရှင်များ၊ နည်းပညာများ၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အပြန်ပြန်အလှန်လှန် ကူးပြောင်းလေ့လာလုပ်ကိုင်နိုင်ဖို့အတွက် အချင်းချင်း အသိအမှတ်ပြုဖို့ Mutual Recognition အပြန်ပြန်အလှန်လှန် အသိအမှတ်ပြုဖို့ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာ Credit Transfer System လို နောက်တန်းညှိဖို့ကိစ္စတွေ အဲဒါတွေအတွက်ကိုလည်း အရေးတကြီးဆောင်ရွက်ပေးလျက်ရှိပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ပြည်ပအဖွဲ့အစည်းများကိုလည်း အနည်းငယ်အကျဉ်းချုပ်ပြီး တင်ပြလိုပါတယ်။

- Central European University (Hungary)
- EU SHARE (A consortium of British Council (Lead), Campus France, the German Academic Exchange Service (DAAD), Nuffi, The European Association for Quality Assurance in Higher Education (ENQA)
- UCL (University Collage of London) Workshop for Transforming of Higher Education Leadership & Management Program and Centre of excellence for equity in Higher Education
- My EQIP (Australia)
- UNICEF တို့ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တင်ပြချင်တဲ့အချက်က အရေးကြီးတာက မြန်မာနိုင်ငံ အမျိုးသားပညာရေးအရည်အသွေးသတ်မှတ်မှု မူဘောင် Myanmar National Qualification Framework (MNQF) လို့ ခေါ်ပါတယ်။ ဒါဟာ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်တော်တို့ စတင်ရေးဆွဲနေပြီးရုံသာမက ပြည်တွင်း ပြည်ပ ပညာရှင်များနဲ့လည်း စုပေါင်းလေ့လာဆွေးနွေးပြီးတဲ့နောက် အချောသပ်လုပ်ဆောင်ပေးလျက်ရှိပါတယ်။ အဆင့်မြင့်ကဏ္ဍအတွက်လည်း စံချိန်စံညွှန်းတွေ၊ Standard တွေ Criteria တွေ သတ်မှတ်ရေးဆွဲပြီးနောက် ၎င်းတက္ကသိုလ်များနဲ့လည်း ကျွန်တော်တို့ အပြန်အလှန် ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ဆောင်ရွက်ခဲ့ပါတယ်။ ASEAN Referencing အတွက်လည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို အကျဉ်းချုပ်ပြီး တင်ပြခြင်းဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ **အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီရဲ့ လက်ရှိ လုပ်ငန်းဆောင်ရွက်ချက်တွေကို သိချင်ပါတယ်။**

**ဒေါက်တာမြင့်ဆွေ။** ။ကျွန်တော်တို့ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီအဖွဲ့ကိုတော့ အမျိုးသားပညာရေးမူဝါဒကော်မရှင်ကနေ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့မှာစတင်ပြီး ဖွဲ့စည်းပေးခဲ့ပါတယ်။ အဖွဲ့ဝင်ကတော့ ၁၅ ဦးဖြစ်ပါတယ်။ အဲဒီ ၁၅ ဦးမှာတော့ ကျွန်တော်တို့ အငြိမ်းစားဆရာကြီး ဆရာမကြီး ၁၃ ဦးနဲ့ လက်ရှိ ပညာရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်ဆဲဖြစ်တဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်နဲ့ ညွှန်ကြားရေးမှူး နှစ်ဦး ပါဝင်ပါတယ်။

**စာမျက်နှာ ၁၁ သို့** ✪

# မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ် ဝတ္ထုရှည် အတွဲ (၁)၊ အတွဲ (၂)၊ အတွဲ (၃)ထုတ်ဝေဖြန့်ချိလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၆**

မြန်မာစာပေသမိုင်းတွင် အထူးခြားဆုံး၊ အကောင်းဆုံးလက်ရာများကို စုစည်းလျက် မြန်မာစာကောင်းပေမွန်များကို မျိုးဆက်သစ်များ အလွယ်တကူ ရှာဖွေထိတွေ့ခွင့်ရရှိရန်၊ စာပေကပေးသော သုတ၊ ရသများကို ခံစားရခြင်းနှင့်အတူ မြန်မာစာ၊ မြန်မာမှုတို့အပေါ် နှစ်သက်မြတ်နိုးသည့်စိတ်များ ဖြစ်ပေါ်စေရန်နှင့် ရှေးအစဉ်အဆက်ကရှိနှင့်ပြီးသော မြန်မာတို့၏ ဘဝအတွေ့အကြုံ၊ အသိပညာ၊ ဗဟုသုတ၊ မြန်မာ့ဉာဏ်၊ မြန်မာ့အတွေးအခေါ်၊ မြန်မာတို့၏ စိတ်နေစိတ်ထားနှင့် စရိုက်လက္ခဏာများ၊ မြန်မာ့ယဉ်ကျေးမှုများ၊ မြန်မာ့ထုံးဓလေ့ အစဉ်အလာများ၊ မြန်မာဘာသာစကားနှင့် မြန်မာစာပေအဆင့်အတန်းများကို နိုင်ငံတကာသုတေသီများ လေ့လာအကဲခတ်နိုင်ရန်ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်သည် မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်များကို ထုတ်ဝေရန် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ စာဖတ်သူတို့ကို ဘဝအသိအမြင် မြင့်မားစေရေးအတွက် ခံစားနှစ်သက်မှု "ရသ" ကို ဖော်ကျူးပေးစွမ်းမည့် မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ် ဝတ္ထုရှည်အတွဲ (၁)၊ အတွဲ (၂) နှင့် အတွဲ (၃) တို့ကို ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။ ဝတ္ထုရှည်စာစဉ် အတွဲ (၁) တွင် ဂျိမ်းစ်လှကျော် ရေးသားသည့် မောင်ရင်မောင် မမယ်မ (၁၉၀၄)၊ ဝန်စာရေးဦးကြီး ရေးသားသည့် ချဉ်ပေါင်ရွက်သည် မောင်မှိုင်း (၁၉၀၄)၊ မအေးခင် ရေးသားသည့် ချစ်ရိုးအမှန် (၁၉၀၇) စာအုပ်တို့ ပါဝင်ပါသည်။ အတွဲ (၂) တွင် ဦးလတ်ရေးသားသည့် ရွှေပြည်စိုး (၁၉၁၄)၊ ရွှေဥဒေါင်းရေးသားသည့် ရတနာပုံ (၁၉၁၇)၊ ဘီအေမောင်ဘသန်း ရေးသားသည့် ထာဝရမေတ္တာ သို့မဟုတ် ဘီအေမောင်ဘလွင် (၁၉၂၀) စာအုပ်တို့ ပါဝင်ပါသည်။ စာစဉ်အတွဲ (၃) တွင် ပီမိုးနင်းရေးသားသည့် နေရီရီ (၁၉၂၀)၊ ဦးလတ်ရေးသားသည့် တနန်းပျော်ရင်သွေးတော် (၁၉၂၀)၊ သခင်ကိုယ်တော်မှိုင်းရေးသားသည့် မှာတော်ပုံ (၁၉၂၁) စာအုပ်တို့ ပါဝင်သည်။ ဝတ္ထုရှည်အတွဲများအတွက် မောင်ခင်မင် (ဓနုဖြူ)က စာစဉ်မိတ်ဆက်ပြီး ဆရာဇော်ဂျီ၊ ဦးအေးချို(မဟာဝိဇ္ဇာ)၊ ရာပြည့် ဦးစိုးညွန့်၊ ဦးမြင့်ဆွေ (မြင့်ဆွေဦး)တို့က အတွဲနိဒါန်းများကို သေသပ် လှပစွာ ရေးသားထားသည်။

မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ် ဝတ္ထုရှည် အတွဲ (၁)၊ အတွဲ (၂)၊ အတွဲ (၃)တို့ကို တစ်တွဲလျှင် ငွေကျပ် ၁၂၀၀၀ နှုန်း၊ ကိုယ်စားလှယ်နှုန်း ၁၅ ရာခိုင်နှုန်းလျှော့ဖြင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးရှိ စာပေဗိမာန် စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန် အရောင်းကိုယ်စားလှယ်များမှတစ်ဆင့် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းဟောင်းများအသင်း အစည်းအဝေးကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းဟောင်းများအသင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ IDEA စားသောက်ဆိုင်၌ ကျင်းပရာ တတိယအကြိမ်မြောက် ဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည်အခမ်းအနား ပြုလုပ်မည့်ရက်ကို မတ် ၂၄ ရက်တွင် ကျင်းပရန် သတ်မှတ်ခဲ့ကြသည်။

ထို့နောက် အသင်းအမှုဆောင် ဘဏ္ဍာရေးမှူး ဦးထွန်းလင်းအောင်-ဒေါ်သီဂီဦး (မဟော်သဓာ Print & Pack ပုံနှိပ်လုပ်ငန်း)က ငွေကျပ်သုံးသိန်း၊ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက ငွေကျပ်တစ်သိန်း၊ အတွင်းရေးမှူး (၁) ဦးတင်မောင်လတ်နှင့် ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ်(ငြိမ်း) ဦးခင်မောင်ကျော်ဒင်တို့က ကျပ်တစ်သိန်းစီ၊ ကျန်အမှုဆောင်များက စုပေါင်းထည့်လှူငွေ ၃၄၀၀၀၀ စုစုပေါင်း အလှူငွေကျပ် ၉၄၀၀၀၀ ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# Black Peter ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊ သုံးသပ်ဆွေးနွေးခြင်း အစီအစဉ်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

Cinematheque Program ၏ ကဏ္ဍခွဲတစ်ခုဖြစ်သည့် ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းဖြင့် လာရောက်ကြည့်ရှုသူများအား အပြန်အလှန်ဆွေးနွေးခြင်း၊ ဝိုင်းဝန်းစဉ်းစားခြင်းတို့မှတစ်ဆင့် ခွဲခြမ်းစိတ်ဖြာလေ့လာသည့်အပိုင်းကို ပိုမိုဖွံ့ဖြိုးစေရန် ရည်ရွယ်ထားကြောင်း ဒါရိုက်တာ ဦးသိဒ္ဓိက ပြောသည်။



### သုံးသပ်ဆွေးနွေး

ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ် ၅၀ ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ (ရုပ်ရှင် အနုပညာရပ်ဝန်း) ရုပ်ရှင်ပြခန်းမ၌ ကျင်းပသည့် ဒါရိုက်တာ Milos Forman ၏ Black Peter ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊ သုံးသပ်ဆွေးနွေးခြင်းအစီအစဉ်တွင် ၎င်းက ထိုသို့ ပြောကြားခြင်းဖြစ်သည်။

ယနေ့ သုံးသပ်ဆွေးနွေးရာတွင် ဒါရိုက်တာ ဦးသိဒ္ဓိက ဇာတ်ကားနှင့် ပတ်သက်၍မိတ်ဆက်စကား ပြောကြားပြီး တက်ရောက်လာသူများ နှင့်အတူ ရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုကာ ဇာတ်ကားအပေါ် သုံးသပ်သည့် အမြင်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

### ဖန်တီးမှုအပိုင်း

"ရုပ်ရှင်တွေကို ကြည့်တဲ့အခါ အပြန်အလှန်စဉ်းစားတဲ့အပိုင်း ပိုပြီး ဖွံ့ဖြိုးလာစေချင်တယ်။ ကျွန်တော်က ချက်နိုင်ငံ ရုပ်ရှင်ကျောင်းမှာ တက်ရောက်ခဲ့ပါတယ်။ ဒီတော့ အဲဒီက လူနေမှုပုံစံကို နည်းနည်းပိုသိတယ်။ သူတို့ရဲ့ တွေးခေါ်ပုံ၊ ချက်နိုင်ငံ ရုပ်ရှင်လှုပ်ရှားမှုအကြောင်း၊ ဟာသပုံစံ ဖန်တီးမှုအပိုင်းတွေကို ဆွေးနွေးတာပါ၊ စကားလုံးတွေနဲ့ ဟာသလုပ်တာမဟုတ်ဘဲ လူ့ဘဝရဲ့ လှောင်ရယ်စရာ အဖြစ်အပျက်တွေကို ဖောင်းပေးရိုက်ကူးထားတာပါ။ ဒီလိုတင်ပြတာက ပိုပြီးထူးခြားပြီး ခက်ခဲတယ်ဆိုတာ ဆွေးနွေးတာပါ"ဟု ဒါရိုက်တာ ဦးသိဒ္ဓိက ပြောသည်။

ယနေ့ သုံးသပ်ဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတို့ ပူးပေါင်း၍ ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးရေးစင်တာမှ တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ စိတ်ဝင်စားသူ ကျောင်းသားကျောင်းသူများ၊ ရုပ်ရှင်ပညာကို စိတ်ဝင်စားသည့် လူငယ်များ၊ ပြင်ပမှ စိတ်ပါဝင်စားသည့် ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

### လူငယ်တွေလေ့လာတာတွေ့ရ

ဒါရိုက်တာ ဝင်းထွန်းထွန်းက " ဒစ်ဂျစ်တယ်နည်းပညာတွေ ပြောင်းလဲသွားချိန်မှာ စက်ပစ္စည်းတွေက ငွေနဲ့ ဝယ်လို့ရပါတယ်။ နည်းပညာပေါ်လိုက်ပြီး ဖန်တီးနိုင်စွမ်းက ကျွန်တော်တို့ဆီမှာ အားနည်းနေသေးတယ်။ အခုလိုမျိုး လူငယ်တွေက စိတ်ပါဝင်စားစွာ လေ့လာကြတာတွေ့တော့ မြန်မာ့ရုပ်ရှင်လောက အတွက် အထောက်အပံ့တွေ ပိုမိုရရှိမယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

ယနေ့ ပြသဆွေးနွေးသည့် ရုပ်ရှင်ဇာတ်ကားသည် ၁၉၆၄ ခုနှစ်က ချက်နိုင်ငံရှိ ဆယ်ကျော်သက်လူငယ်တစ်ဦး၏ အလုပ်၌တွေ့ကြုံရသည့် အခက်အခဲများ၊ ဖခင်ကြီး၏ အုပ်ထိန်းမှုအောက်တွင် နေထိုင်ရသည့်အနေအထား၊ ၎င်းစိတ်ဝင်စားသည့် မိန်းမပျိုကို ပိုးပန်းမှုများ စသည့် လူ့အဖွဲ့အစည်းတွင် နေထိုင်ဖြတ်သန်းသည့်အခါ ဖြစ်ပေါ်လာသည့် အကြောင်းအရာများကို ဟာသနှောကာ ရိုက်ကူးပုံဖော်ထားခြင်းဖြစ်သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားများနှင့်ပတ်သက်သည့် ကြည့်ရှုလေ့လာဆွေးနွေးမှုများကို လစဉ်ဒုတိယပတ်နှင့် တတိယပတ်တို့၏ တနင်္ဂနွေနေ့တိုင်းပြုလုပ်ရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံနှင့်ကိုက်ညီမှုရှိသည့် ရုပ်ရှင်ဇာတ်ကားများကို အလှည့်ကျ ရွေးချယ်ကာ ပြသဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်း-မြတ်စန္ဒီ**
**ဓာတ်ပုံ-ရဲထွဋ်**

❂ စာမျက်နှာ ၁၀ မှ

အဲဒါအပြင် ကျွန်တော်တို့ အခြေခံပညာဦးစီးဌာနက ညွှန်ကြားရေးမှူးအဆင့်နဲ့ အငြိမ်းစားယူထားတဲ့ ဆရာကြီး တစ်ဦးလည်း ပါဝင်ပါတယ်။ အဖွဲ့ဝင် ၁၅ ဦးနဲ့ ဆောင်ရွက်ပေးပါတယ်။ နောက်ဆောင်ရွက်ပေးတဲ့ ကျွန်တော်တို့ရဲ့ အဓိကလုပ်ငန်းကတော့ အခု ကျွန်တော်တို့ KG+12 သင်ရိုးသစ်အတွက် Grade 1 to Grade 12 အဲဒီဟာနဲ့ ပတ်သက်တဲ့ ပြဋ္ဌာန်းမယ့်စာအုပ်တွေ အဲဒါတွေကို သက်ဆိုင်ရာဘာသာရပ်အလိုက် ရေးသားပြုစုပေးထားပြီးတဲ့ ကျောင်းသုံးစာအုပ်တွေ၊ ဆရာလမ်းညွှန်စာအုပ်တွေကို အဓိကထားပြီးတော့ တည်းဖြတ်ပေးရပါတယ်။ တည်းဖြတ်ပေးတဲ့အခါမှာတော့ အမျိုးသားပညာရေး ဥပဒေကနေ ကျွန်တော်တို့ရဲ့ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကနေ သင်ရိုးညွှန်းတမ်းနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်ရမယ့်အချက် ၁၀ ချက်ရှိပါတယ်။ နောက်ထပ်ထပ်ပြီးတော့ NEPC ကနေ ကျွန်တော်တို့ NCC ကို သတ်မှတ်ပေးထားတဲ့ အချက်ခြောက်ချက်ရှိပါတယ်။ အဲဒီမူဝါဒ ၁၆ ချက်နဲ့ အညီ သင်ရိုးညွှန်းတမ်းစာအုပ်တွေ၊ ကျောင်းသုံးစာအုပ်တွေ၊ ဆရာလမ်းညွှန်စာအုပ်တွေကို ကျွန်တော်တို့တည်းဖြတ်ပေးရတာ ဖြစ်ပါတယ်။ တည်းဖြတ်ပြင်ဆင်ပေးတာကတော့ ခုနက မူဝါဒတွေနဲ့ တည်းဖြတ်ပြင်ဆင်ပေးပါတယ်။ အဓိကကတော့ ဘာသာရပ်ဆိုင်ရာဆိုတဲ့ အချက်အလက်တွေမမှားဖို့ အဓိကပါ။ ဒါပေမယ့် အဲဒီလိုအဓိကလုပ်သွားရင်းနဲ့ပဲ ကျွန်တော်တို့လုပ်ရတဲ့ အချက်တွေထဲမှာ ဘာသာရပ်ဆိုင်ရာ အချက်အလက်တွေမမှားဖို့ လိုသလိုပဲ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှု၊ တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေနဲ့လည်း ကိုက်ညီအောင်ပါ။ အခု မူလတန်းစာအုပ်တွေကိုအဓိက ပြဋ္ဌာန်းတဲ့အခါမှာ ပုံတွေပါပါတယ်။ အဲဒီပုံတွေဟာလည်း မှားယွင်းလို့ မရပါဘူး။ အဲဒါမျိုးတွေကို ကျွန်တော်တို့ယဉ်ကျေးမှုနဲ့ ကိုက်ညီအောင်လည်း အသေးစိတ်စစ်ဆေးရပါတယ်။ နောက်တစ်ခုကတော့ ခေတ်နဲ့အညီ တောင်းဆိုလာတဲ့ Gender တွေပါ။ ကျား၊ မ ကိစ္စတွေမှာ အဆင့်အတန်း ခွဲခြားတာမျိုးတွေ မရှိအောင် အဲဒါမျိုးတွေ စာအုပ်တွေထဲမှာ မပါအောင် စစ်ဆေးပေးရပါတယ်။ နောက်တစ်ခုကတော့ လူတိုင်းအကျုံးဝင်ပညာရေး ဖော်ဆောင်နေတဲ့အတွက်ကြောင့် အဲဒီမူဝါဒတွေ မမှားယွင်းအောင် တတ်နိုင်သမျှ ကျွန်တော်တို့ဘက်ကနေ သေချာကို ကြည့်ရှုစစ်ဆေးပေးရပါတယ်။ စစ်ဆေးပေးသွားရင်းနဲ့ပဲ၊ ဖတ်သွားရင်းနဲ့ပဲ မြန်မာစာအရေးအသားတွေ၊ သဒ္ဒါတွေ၊ တစ်ခါတစ်ရံ ရေးချင်တဲ့သူက ကျောင်းသားတွေ၊ ကလေးတွေကို ပေးချင်တဲ့ message က သူရေးချင်တဲ့ဟာနဲ့ ရောက်၊ မရောက် အဲဒါမျိုးတွေကို ကျွန်တော်တို့ ပြန်ပြီးတော့ အရေးအသားလေးတွေကို ညှိနှိုင်းပြီးတော့ ပြင်ဆင်ပေးရတာတွေ ရှိပါတယ်။ ဒါ့အပြင် ကျောင်းသားတွေကို သင်ယူတဲ့အခါမှာ ဆရာက သင်မှာဖြစ်တဲ့အတွက်ကြောင့် ကျောင်းသုံးစာအုပ်မှာပါတဲ့ အချက်အလက်အပြင် ပိုပြီးတော့လိုအပ်တဲ့ အချက်အလက်တွေကို ဖြည့်စွက်ပြီးတော့ ဆရာစာအုပ်တွေမှာ ရေးသားပေးဖို့ အကြံဉာဏ်တွေ ကျွန်တော်တို့ ညှိနှိုင်းပြီးတော့ ပေးရပါတယ်။ ပြင်ဆင်ပေးရပါတယ်။ အဲဒီလို ဆောင်ရွက်ပေးသွားပြီးတဲ့အခါမှာ ထပ်ဆင့်ပြီးတော့ မြန်မာစာအရေးအသားကလိုအပ်တဲ့အတွက်ကြောင့် ထပ်ပြီးတော့ တိုင်းရင်းသားဘာသာစကားဦးစီးဌာနကိုပို့ပြီးတော့ မြန်မာစာအရေးအသားမျိုးတွေကို ထပ်ဆင့်စစ်ဆေးပြီးတော့မှ နောက်ဆုံး ကျွန်တော်တို့ အတည်ပြုပေးခြင်းကို ဆောင်ရွက်ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့စပြီး ဖွဲ့လိုက်တယ်ဆိုကတည်းကိုက စတင် ပြဋ္ဌာန်းတဲ့ Grade-1 သည် ၂၀၁၇-၂၀၁၈ မှာ Grade-1 စာအုပ်ကို ပြဋ္ဌာန်းပေးနိုင်ပြီဖြစ်ပါတယ်။ အခုလက်ရှိပညာသင်နှစ်ဖြစ်တဲ့ ၂၀၁၈-၂၀၁၉ မှာလည်းပဲ Grade-2 နဲ့ဆိုင်တဲ့ စာအုပ်တွေကိုလည်း ပြဋ္ဌာန်းပေးပြီးတော့ သင်ကြားပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အခုလက်ရှိအားဖြင့် လာမယ့် ၂၀၁၉-၂၀၂၀ မှာ သင်ကြားမယ့် မူလတန်းအဆင့် အတွက်ကတော့ Grade-3 ပါ၊ အလယ်တန်းအတွက်က Grade-6 ရှိပါတယ်။ အဲဒါတွေကို အားလုံးတည်းဖြတ်ပြင်ဆင်တဲ့အလုပ်တွေကို လုပ်နေပါတယ်။ Grade-3 ကတော့ တည်းဖြတ်ပြင်ဆင်တာ အပြည့်အစုံပြီးသလောက် ဖြစ်နေပါပြီ။ Grade-6 ကတော့ အနည်းအကျဉ်း လိုနေပါသေးတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီဟာတွေကို ဆောင်ရွက်တဲ့အတွက်ကြောင့် ပြောရမယ်ဆိုရင် ကျွန်တော်တို့က အဓိကကတော့ ရေးသားတဲ့ အပိုင်းမဟုတ်ပါဘူး။ ရေးသားလာတဲ့၊ တင်ပြလာတဲ့စာအုပ်တွေကိုပဲ ကျွန်တော်တို့က အဓိက တည်းဖြတ်၊ ပြင်ဆင်တဲ့လုပ်ငန်းကို ဆောင်ရွက်ပေးရတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မူလတန်းအဆင့်မှာတော့ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီဖြစ်တဲ့ JICA က နည်းပညာတွေ ပံ့ပိုးပြီးတော့ ရေးသားတာတွေ လုပ်ပါတယ်။ အလယ်တန်းအဆင့်နဲ့ အထက်တန်းအဆင့်ကိုတော့ အာရှဘဏ်ဖြစ်တဲ့ ADB နဲ့ EYE Project ကနေ စာအုပ်ရေးသားတာတွေနဲ့ နည်းပညာတွေ ပံ့ပိုးကူညီပေးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်ရတာဖြစ်တဲ့အတွက်ကြောင့် သတ်မှတ်ထားတဲ့ အချိန်တိုင်း ကျွန်တော်တို့စာအုပ်တွေ ရေးသားပြုစုပြီးစီးရေးအတွက် လိုအပ်တဲ့ အစည်းအဝေးတွေကိုလည်း ဆောင်ရွက်ရပါတယ်။ ဒါကတော့ ကျွန်တော်တို့ လက်ရှိဆောင်ရွက်နေတဲ့ အချက်တွေဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# ကောလာဟလများထွက်ပေါ်ပြီးနောက် မလေးရှားဘုရင် ထီးနန်းစွန့်လွှတ်



**ကွာလာလမ်ပူ ဇန်နဝါရီ ၆**
မလေးရှားဘုရင် မိုဟာမက် (၅)သည် ထီးနန်းကို စွန့်ပယ်လိုက်ပြီဖြစ်ကြောင်း တော်ဝင်မိသားစု တာဝန်ရှိသူများက ဇန်နဝါရီ ၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

မလေးရှားဘုရင်သည် ရုရှားအလှမယ်တစ်ဦးနှင့် လက်ထပ်လိုက်ပြီဖြစ်သည်ဟု ကောလာဟလများ ထွက်ပေါ်လာခဲ့ပြီးနောက် မလေးရှားဘုရင်က ထီးနန်းစွန့်လွှတ်ခဲ့ခြင်းဖြစ်သည်။

ဘုရင် မိုဟာမက် (၅) သည် ၁၉၅၇ ခုနှစ် ဗြိတိန်တို့လက်အောက်မှ မလေးရှားနိုင်ငံ လွတ်လပ်ရေး ရရှိခဲ့ပြီးနောက် ပထမဆုံးသော မလေးရှားနိုင်ငံ၏ နန်းစွန့်ဘုရင်ဖြစ်သည်။

မလေးရှားနိုင်ငံ၏ ၁၅ ယောက်မြောက် ဘုရင်မိုဟာမက်သည် ဇန်နဝါရီ ၆ ရက်တွင် ထီးနန်းစွန့်လွှတ်လိုက်ပြီဖြစ်သည်ဟု တော်ဝင်နန်းတော်က အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၄၉ နှစ်အရွယ် ဘုရင် မိုဟာမက်သည် ထီးနန်းစွန့်လွှတ်လိုက်ခြင်းအပေါ် မည်သည့် အကြောင်းပြချက်ကိုမျှ ပေးခဲ့ခြင်းမရှိပေ။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် နန်းတက်ခဲ့သည့် ဘုရင် မိုဟာမက်သည် ပြီးခဲ့သည့်နိုဝင်ဘာလအတွင်း ကျန်းမာရေးမကောင်းသဖြင့် ခွင့်ရက်ရှည်ယူခဲ့သည်။ ထိုအချိန်မှစပြီး နိုင်ငံအတွင်း ဘုရင်မိုဟာမက်နှင့်ပတ်သက်ပြီး ကောလာဟလသတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဘုရင် မိုဟာမက်သည် ရုရှားအလှမယ်တစ်ဦးနှင့် လက်ထပ်ထိမ်းမြားလိုက်ပြီဖြစ်သည်ဟု အင်တာနက်စာမျက်နှာပေါ်တွင် ကောလာဟလသတင်းများ ထွက်ပေါ်လာခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး တော်ဝင်မိသားစုက မည်သည့်သဘောထားမှတ်ချက်ကိုမျှ ပေးခြင်းမရှိခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ထိုင်းနိုင်ငံတွင် အပူပိုင်းမုန်တိုင်း ပါဘက်ခ် တိုက်ခတ်

**ထိုင်း ဇန်နဝါရီ ၆**
ကမ်းရိုးတန်းရွာများနှင့် ကမ်းခြေအပန်းဖြေစခန်းများတည်ရှိရာ ထိုင်းနိုင်ငံတောင်ပိုင်းသို့ အားပြင်းသော အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဇန်နဝါရီ ၁ ရက်တွင် အပူပိုင်း မုန်တိုင်း ပါဘက်ခ်သည် တောင်တရုတ်ပင်လယ်အတွင်း စတင်ဖြစ်ပေါ်ခဲ့ပြီး ဇန်နဝါရီ ၄ ရက်တွင် ထိုင်းနိုင်ငံတောင်ဘက်ပိုင်းသို့ ဦးတည်တိုက်ခတ်ခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် ငါးဖမ်းသင်္ဘောတစ်စင်း တိမ်းမှောက်ကာ လူသုံးဦးသေဆုံးပြီး တစ်ဦး ပျောက်ဆုံးလျက်ရှိသည်ဟု ထိုင်းအာဏာပိုင်များက ဆိုသည်။

ထို့ပြင် ကမ္ဘာလှည့်ခရီးသွားအများစု လာရောက်လည်ပတ်သည့် ကိုဆာမူအီ ကမ်းခြေအပန်းဖြေ စခန်းသည်လည်း မုန်တိုင်းတိုက်ခတ်မှုဒဏ်ကို ခံခဲ့ရသည်။မုန်တိုင်းတိုက်ခတ်မှုကြောင့် လေကြောင်းလိုင်းခရီးစဉ်များ ဖျက်သိမ်းခဲ့ရသည်။ ကမ္ဘာလှည့်ခရီးသွားများအား ကျွန်းပေါ်တွင် ဆက်လက်နေထိုင်ရန် အာဏာပိုင်များက တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

မုန်တိုင်း ပါဘက်ခ်တိုက်ခတ်မှုကြောင့် နေရာအများအပြား ရေကြီးရေလျှံမှုများဖြစ်ပွားကာ လျှပ်စစ်ဓာတ်အားလိုင်းများ ယာယီဖြတ်တောက်ထားသည်။ မုန်တိုင်းဒဏ်ကြောင့် ခရီးသွားလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ သန်း ၉၀ ခန့် ဆုံးရှုံးသွားသည်ဟု ခန့်မှန်းရသည်။

ပါဘက်ခ် မုန်တိုင်းသည် မလေးကျွန်းဆွယ်တစ်လျှောက် ဝင်ရောက်ဖြတ်သန်းခဲ့ပြီး မြေထဲပင်လယ်ထဲသို့ ဦးတည်ရွေ့လျားသွားကြောင်း သိရသည်။

သို့သော် အာဏာပိုင်များက ဇန်နဝါရီ ၆ ရက်ထိတိုင် လေပြင်းများတိုက်ခတ်ပြီး လှိုင်းလုံးကြီးနိုင်ဖွယ်ရှိသည့်အတွက် နိုးနိုးကြားကြားရှိရန် ပြည်သူများအား တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ပြင်သစ်နိုင်ငံတွင် အဝါရောင်ဝတ် ဆန္ဒထုတ်ဖော်သူများ အစိုးရရုံးတစ်ခုအား ဝင်ရောက်စီးနင်း

**ပါရီ ဇန်နဝါရီ ၆**
ပြင်သစ်သမ္မတ အီမန်နျူယယ် မာခရွန်၏ မူဝါဒများကို နှစ်သက်မှုမရှိသည့် ပြည်သူများက အဝါရောင်အင်္ကျီများ ဝတ်ဆင်ကာ လမ်းမများပေါ်တွင် ဆန္ဒထုတ်ဖော်ခဲ့ကြပြီး အစိုးရရုံးတစ်ရုံးအတွင်းသို့ ဝင်ရောက်စီးနင်းခဲ့ကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါ အဝါရောင်ဝတ်များက နိုင်ငံတစ်ဝန်းလုံးတွင် ဆန္ဒထုတ်ဖော်ကာ အရေအတွက်အားဖြင့် ၅၀၀၀၀ ခန့် ပါဝင်ဆင်နွှဲလျက်ရှိသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ဆိုသည်။

ပါရီမြို့တော်တွင် ဆန္ဒထုတ်ဖော်သူများနှင့် ရဲအရာရှိများ ပဋိပက္ခဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်သူအချို့က အစိုးရရုံးတစ်ခုအတွင်းသို့ ဝင်ရောက် စီးနင်းခဲ့သဖြင့် အစိုးရထိပ်တန်း အရာရှိတစ်ဦး ရုံး၏အနောက်ဘက်တံခါးပေါက်မှ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း သိရသည်။



နိုင်ငံအတွင်း လောင်စာဆီအခွန်အခများ မြင့်တက်လာခြင်းမှ အစပြုကာ နိုဝင်ဘာလမှစပြီး ဆန္ဒထုတ်ဖော်သူများက စနေ၊တနင်္ဂနွေနေ့များတွင် ဆန္ဒထုတ်ဖော်မှုများကို နိုင်ငံတစ်ဝန်းပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

သမ္မတ မာခရွန်က လောင်စာဆီအခွန်အခ မြင့်တက်မှုမရှိစေဘဲ ဈေးနှုန်းအနည်းငယ်သာ မြင့်တက်မည်ဖြစ်ကြောင်း လွန်ခဲ့သောလက ကြေညာခဲ့ကြောင်း သိရသည်။

သို့သော် သမ္မတမာခရွန်၏ လုပ်ဆောင်ချက်သည် ဆန္ဒထုတ်ဖော်သူများအား စိတ်ကျေနပ်မှုပေးနိုင်ခြင်း မရှိခဲ့ပေ။

ဇန်နဝါရီ ၅ ရက်တွင် နိုင်ငံတစ်ဝန်းမှ ဆန္ဒထုတ်ဖော်ရေး တက်ကြွလှုပ်ရှားသူ ခေါင်းဆောင်များက မာဆီလီမြို့တွင် ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ကြသည်။

ဆန္ဒထုတ်ဖော်သူ ကိုယ်စားလှယ်တစ်ဦးက ၎င်းတို့၏ ရည်ရွယ်ချက်သည် အနာဂတ်နိုင်ငံတော် ကောင်းမွန်စေရန် ဆန္ဒထုတ်ဖော်သူများ၏ အင်အားကို ပေါင်းစည်းစေခြင်းဖြစ်သည်ဟု ဆိုသည်။

ဆန္ဒထုတ်ဖော်သူ ခေါင်းဆောင်များက ၎င်းတို့၏ လှုပ်ရှားမှုများကို စည်းလုံးညီညွတ်သည့် နိုင်ငံရေးအင်အားစုတစ်ခု ဖြစ်တည်လာစေရန် ဦးဆောင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



## ၂၀၁၈ ခုနှစ်အတွင်း တူရကီနိုင်ငံမှ နေရပ်ပြန် ဆီးရီးယားဒုက္ခသည်ဦးရေ ၂၉၅၀၀၀ နီးပါးရှိ

**အန်ကာရာ ဇန်နဝါရီ ၆**
၂၀၁၈ ခုနှစ်အတွင်း တူရကီနိုင်ငံမှ နေရပ်သို့ပြန်လည်ရောက်ရှိလာကြသော ဆီးရီးယား စစ်ပြေးဒုက္ခသည် ၂၉၅၀၀၀ နီးပါး ရှိကြောင်း တူရကီပြည်ထဲရေးဝန်ကြီးဌာနက ဇန်နဝါရီ ၅ ရက်တွင် မီဒီယာသို့ ပြောကြားခဲ့သည်။

အလားတူ ဆီးရီးယားစစ်ပြေးဒုက္ခသည် ၂၇၀၀၀၀ နီးပါးသည် တရားမဝင်နယ်စပ်ဖြတ်ကျော်ခဲ့သည့်အတွက် ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရပြီး ယင်းတို့အနက် ၅၅၈၉၄ ဦးအား ပြည်နှင်ဒဏ်ပေးခဲ့ကြောင်း တူရကီ ပြည်ထဲရေးဝန်ကြီးဌာန၏လူမှုကွန်ရက်မီဒီယာတွင် ဖော်ပြထားသည်။

ဆီးရီးယားနိုင်ငံအတွင်း တူရကီစစ်တပ်က စစ်ဆင်ရေးဆင်နွှဲခဲ့ပြီးနောက် တူရကီနိုင်ငံတွင် ခိုလှုံနေကြသည့် ဆီးရီးယားဒုက္ခသည်များက နေရပ်သို့ပြန်ရန် ဆုံးဖြတ်ခဲ့နိုင်ဖွယ်ရှိသည်ဟု တူရကီပြည်ထဲရေး ဒုတိယဝန်ကြီး အီမေ ကာတာလီ က ဆိုသည်။

ဆီးရီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဆီးရီးယားနိုင်ငံသို့ နေရပ်ပြန်ကြမည့် စစ်ဘေးရှောင် ဒုက္ခသည်အရေအတွက်လည်း များပြားလာမည်ဖြစ်သည်ဟု ပြည်ထဲရေး ဒုတိယဝန်ကြီး အီမေကာတာလီက ဆက်လက်ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံအတွင်း ပြည်တွင်းစစ် စတင်ဖြစ်ပွားခဲ့သည့် ၂၀၁၁ ခုနှစ်အချိန်ကစပြီး ဆီးရီးယား စစ်ဘေးရှောင် ဒုက္ခသည်များအား တူရကီနိုင်ငံက အများဆုံး လက်ခံပေးလျက်ရှိသည်။ မှတ်ပုံတင်ထားသော ဆီးရီးယား စစ်ဘေးရှောင်ဒုက္ခသည်ဦးရေသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ၃ ဒသမ ၅၉ သန်းခန့်ရှိပြီဖြစ်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာအေဂျင်စီ၏ စာရင်းများအရ သိရသည်။

**ဆင်ဟွာ**




## ချယ်လ်ဆီးအသင်းက ဂိုးမသွင်းနိုင်မှုပြဿနာကို ဖြေရှင်းရန် ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီအား ပေါင်သန်း ၅၀ ဖြင့် ကမ်းလှမ်းထား

ချယ်လ်ဆီးအသင်းဟာ လက်ရှိအချိန်မှာ ဂိုးသွင်းယူနိုင်မှုအားနည်းသည့်ပြဿနာတစ်ရပ်ဖြင့် ရင်ဆိုင်နေရတာကြောင့် အဆိုပါပြဿနာကိုဖြေရှင်းဖို့အတွက် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူး ကာဗာနီကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ နဲ့ ခေါ်ယူဖို့ ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး ကာဗာနီဟာ လွန်ခဲ့တဲ့ ခြောက်နှစ်က နာပိုလီအသင်းကနေ ပီအက်စ်ဂျီအသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး လက်ရှိပြင်သစ်ဘောလုံးလောကမှာ ဈေးအကြီးဆုံး ကစားသမားတစ်ဦးအဖြစ်လည်းမှတ်တမ်းဝင်ထားတာဖြစ်ပါတယ်။

အဲဒါကြောင့် တိုက်စစ်ပိုင်းမှာ ဂိုးသွင်းခြေမြင့်မားနေတဲ့ တိုက်စစ်မှူး ကာဗာနီကို ချယ်လ်ဆီးအသင်းနည်းပြ ဆာရီက ခေါ်ယူဖို့ ကမ်းလှမ်းလာခဲ့တာလည်းဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ယခုနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ် သွင်းဂိုး ၃၈ ဂိုးသာရရှိထားတာကြောင့် ပရီမီယာလိဂ်ရဲ့ ထိပ်တန်းစာရင်းဝင်အသင်းကြီးခြောက်သင်းထဲမှာ တိုက်စစ်ပိုင်း စွမ်းဆောင်ရည်နိမ့်ကျနေတဲ့အသင်းအဖြစ်လည်း သတ်မှတ်ခံထားရပါတယ်။

ကာဗာနီဟာဆိုရင် သူ့ရဲ့ကစားသမားဘဝမှာ ဒါနူဘလိုအသင်း၊ ပါလာမိုအသင်း၊ နာပိုလီအသင်းနဲ့ လက်ရှိပီအက်စ်ဂျီအသင်းတို့မှာ ပွဲပေါင်း ၅၁၉ ပွဲအထိ ပါဝင်ကစားပေးထားခဲ့ပြီး သွင်းဂိုးစုစုပေါင်း ၃၂၄ ဂိုးအထိသွင်းယူထားနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းအနေနဲ့ တိုက်စစ်မှူး ကာဗာနီကို ခေါ်ယူဖို့ စီစဉ်နေတဲ့အပြင် ကာဂလီယာယီအသင်းက အီတလီကွင်းလယ်ကစားသမား ဘာရယ်လာကိုလည်း ပြောင်းရွှေ့ကြေး ပေါင် ၄၅ သန်းအထိပေးပြီး ခေါ်ယူဖို့လည်း စီစဉ်နေတာဖြစ်ပါတယ်။

ဒါ့အပြင် ကွင်းလယ်ပိုင်းမှာ အားထားရတဲ့ကစားသမားတစ်ဦးဖြစ်တဲ့ ဖာဘရီဂတ်စ်ကိုလည်း အခုဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ အသင်းကနေ ထွက်ခွာခွင့်ပြုမယ်လို့လည်း ချယ်လ်ဆီးအသင်းက ဆိုပါတယ်။

ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်ကလည်း အာဆင်နယ်အသင်းကစားဖော်ဟောင်းတစ်ဦးဖြစ်တဲ့ ဟင်နရီကိုင်တွယ်လျက်ရှိတဲ့ မိုနာကိုအသင်းကို ပြောင်းရွှေ့ဖို့လည်း ချိတ်ဆက်မှုတွေပြုလုပ်ထားတယ်လို့သိရပါတယ်။

## လီဗာပူးတိုက်စစ်မှူး အိုရီဂီအား ခေါ်ယူရန် ဖူလ်ဟမ်အသင်းက ပေါင် ၁၅ သန်းပေးမည်

ဖူလ်ဟမ်အသင်းဟာ တိုက်စစ်ပိုင်းကို အားဖြည့်ဖို့အတွက် လီဗာပူးတိုက်စစ်မှူး အိုရီဂီကို ပြောင်းရွှေ့ကြေး ပေါင် ၁၅ သန်းပေးပြီး ခေါ်ယူဖို့စီစဉ်နေတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး အိုရီဂီအနေနဲ့ လီဗာပူးအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိဖို့ ရုန်းကန်နေရတာဖြစ်တာမို့ ဖူလ်ဟမ်အသင်းအနေနဲ့ အိုရီဂီကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ရရှိလိမ့်မယ်လို့လည်း မျှော်လင့်ထားပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိ တိုက်စစ်မှူး အိုရီဂီဟာ အဲဗာတန်အသင်းနဲ့ လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ မာဆေးလ်ဆိုက်ဒ်ဒါဘီပွဲစဉ်မှာ ဂိုးသွင်းယူနိုင်ခဲ့ပေမယ့် အဲဒီနောက်ပိုင်းပွဲစဉ်တွေမှာ ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ခဲ့ရတာဖြစ်ပါတယ်။

ဖူလ်ဟမ်အသင်းအနေနဲ့ လီဗာပူးညာနောက်ခံကစားသမား နက်သန်နီယယ်ကလိုင်းကို ခေါ်ယူဖို့ပြင်ဆင်ခဲ့ပေမယ့် နက်သန်နီယယ်ကလိုင်းဟာ ဘုန်းမောက်အသင်းကို အငှားစာချုပ်နဲ့ ပြောင်းရွှေ့သွားခဲ့ပါတယ်။

လက်ရှိမှာ လီဗာပူးအသင်းနည်းပြကလော့အနေနဲ့ နည်းပြစတီဗင်ဂျာရတ်ကိုင်တွယ်လျက်ရှိတဲ့ ရိန်းဂျားအသင်းကနေ ပြန်လည်ရောက်ရှိလာခဲ့တဲ့ အသက် ၂၁ နှစ်အရွယ် တိုက်စစ်နဲ့ ကွင်းလယ်ကစားသမား အီဂျာရီယာကို အငှားစာချုပ်နဲ့ ပြန်လည်ချထားဖို့ စီစဉ်ထားတယ်လို့လည်း သိရပါတယ်။

ငွေကြယ် - ရေးသားသည်




## ဘာစီလိုနာကွင်းလယ်လူ ဒန်းနစ်ဆွာရက်ဇ်အား ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူရန် အာဆင်နယ်ကမ်းလှမ်း

အာဆင်နယ်အသင်းဟာ အခုဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ ဘာစီလိုနာကွင်းလယ်ကစားသမား ဒန်းနစ်ဆွာရက်ဇ်အား စာချုပ်ချုပ်ဆိုခေါ်ယူရန်မျှော်လင့်လျက်ရှိပြီး ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ နဲ့ ကမ်းလှမ်းထားတယ်လို့လည်း သိရပါတယ်။

၂၀၁၄-၂၀၁၅ ဘောလုံးရာသီအတွင်းက ဆီဗီလာအသင်းတွင် ရှိနေစဉ်ကတည်းက အာဆင်နယ်အသင်းနည်းပြ အမ်မရီနဲ့ ကွင်းလယ်ကစားသမား ဒန်းနစ်ဆွာရက်ဇ်တို့ဟာ လက်တွဲခဲ့တာလည်းဖြစ်ပါတယ်။ ဒန်းနစ်ဆွာရက်ဇ်ဟာ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း မန်စီးတီးအသင်းမှာ ကစားခဲ့တာဖြစ်ပြီး ဘာစီလိုနာအသင်းနဲ့အတူ နှစ်ရာသီကျော်မှာ လိဂ်ပွဲစဉ် ၄၆ ပွဲအထိ ပါဝင်ကစားပေးထားတာလည်းဖြစ်ပါတယ်။

အာဆင်နယ်အသင်းအနေနဲ့ ကွင်းလယ်ကစားသမား ရမ်ဆေးကို ဆုံးရှုံးရမည်ဖြစ်တာမို့ ဒန်းနစ်ဆွာရက်ဇ်ကို ခေါ်ယူဖို့ စီစဉ်နေတာလည်းဖြစ်ပါတယ်။



# ဘူးသီးတောင်မြို့နယ်၌ တာဝန်ထမ်းဆောင်စဉ် ကျဆုံးသွားခဲ့သည့် တပ်ဖွဲ့ဝင်များ၏မိသားစုများအား ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၆**

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတာဝန် ထမ်းဆောင်စဉ် AA သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ကျဆုံးသွားခဲ့သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၏ မိသားစုနေအိမ်များသို့ သက်ဆိုင်ရာရဲတပ်ဖွဲ့များက သွားရောက်ကြည့်ရှုနှစ်သိမ့်အားပေးစကားများပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပေးအပ်သည့်ထောက်ပံ့ငွေများအား သွားရောက်ပေးအပ်လျက်ရှိသည်။

ဇန်နဝါရီ ၅ ရက်တွင် မကွေးတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်မောင်လတ်ဦးစီးသည့် တပ်ဖွဲ့ဝင်များက မကွေးမြို့ အောင်စေတနာ(A) (၃)လမ်းသို့ သွားရောက်၍ ရဲမှူးစိုင်းဘိုဟန်၏ ကျန်ရစ်သူမိသားစုနှင့် တွေ့ဆုံကာ နှစ်သိမ့်အားပေးစကားပြောကြားပြီး ဇနီးဖြစ်သူ ဒေါ်သီတာဦးထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးသက်နိုင်ထွန်း ဦးစီးသည့် တပ်ဖွဲ့ဝင်များက ညောင်တုန်းမြို့ (၉)ရပ်ကွက်သို့ သွားရောက်၍ ဒုတိယရဲအုပ် မြင့်လွင်၏ ကျန်ရစ်သူမိသားစုနှင့်တွေ့ဆုံကာ နှစ်သိမ့်အားပေးစကားပြောကြားပြီး ဇနီးဖြစ်သူ ဒေါ်မိုးမိုးခိုင်ထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ကယားပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီး တင်ရွှေဦးစီးသည့် တပ်ဖွဲ့ဝင်များက ရဲတပ်သား ကိုကိုလတ်၏ ကျန်ရစ်သူမိသားစုအား လွိုင်ကော်မြို့၌ သွားရောက်တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားပြောကြားပြီး အစ်ကိုဖြစ်သူ ကိုကျော်ထူးအောင်ထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့



မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးသက်နိုင်ထွန်းနှင့် တပ်ဖွဲ့ဝင်များက ဒုတိယရဲအုပ်မြင့်လွင်၏ ဇနီးဖြစ်သူ ဒေါ်မိုးမိုးခိုင်ထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ငွေများ ပေးအပ်စဉ်။



တောင်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးနှင့် တပ်ဖွဲ့ဝင်များက ရဲတပ်သားဖားဖော့၏ ဖခင်ဖြစ်သူ ဦးအားချေးထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ငွေများ ပေးအပ်စဉ်။

ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တောင်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဌေးဦးစီးသည့် တပ်ဖွဲ့ဝင်များက ကျိုင်းတုံမြို့နယ် နောင်လျန်(၂) ကျေးရွာသို့သွားရောက်ကာ ရဲတပ်သား ဖားဖော့၏ ကျန်ရစ်သူမိသားစုများနှင့် တွေ့ဆုံကာ နှစ်သိမ့်အားပေးစကားပြောကြားပြီး ဖခင်ဖြစ်သူ ဦးအားချေးထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းနှင့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှ ထောက်ပံ့သည့် ငွေကျပ် ၅ သိန်း၊ တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှ ထောက်ပံ့သည့် ငွေကျပ် ၂ သိန်းတို့ကိုလည်းကောင်း သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နဘားလမ်းဆုံ၌ တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိ

**အင်းတော် ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နဘားလမ်းဆုံ၌ ဇန်နဝါရီ ၆ ရက် နံနက် ၇ နာရီခွဲက မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာသည့်



တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိခဲ့ကြောင်း အင်းတော်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ အင်းတော်မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ နဘားရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းလျက် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနား ကားလမ်းမပေါ်ရှိ နဘားလမ်းဆုံတွင် လုံခြုံရေးဆောင်ရွက်နေစဉ် မိုးညှင်းမှ အင်းတော်သို့ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့ ရပ်ကွက်(၄)နေ နေလင်းထွန်း မောင်းနှင်ပြီး ဇော်မင်း လိုက်ပါလာသည့် MDY-2L/---- HAIBAR SUPER RUN မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်းကြမ်းခင်းအောက်တွင် အံဝှက်ပြုလုပ်သယ်ဆောင်လာသည့် တရားမဝင် ကျောက်စိမ်းအရိုင်းတုံး ၂၅ တုံး (အလေးချိန် ၂၃၆ ဒသမ ၁၂ ကီလို) အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်သူ နေလင်းထွန်းနှင့် ဇော်မင်းတို့နှစ်ဦးအား အင်းတော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**၁၀၈**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၅ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃ ဒသမ ၇၇၄ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂၄၂ သန်း) စုစုပေါင်းတားဆီးမှု ၁၁ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅ ဒသမ ၀၁၆ သန်း)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Alphard ယာဉ်တစ်စီးပေါ်တွင် တင်သွင်း၊ တင်ပို့ခြင်း ခွင့်မပြုသည့် တရားမဝင် မြွေမျိုးစုံ ၉၆ ခြင်း (၁၁၅၂ ကီလို)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး(စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၆၉ ဒသမ ၉၅၀ သန်း)အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

MOTHERLAND ဆောက်လုပ်ရေး
နှစ်သစ်ကူးချိန်သမယမှာ မြန်မာပြည်သူပြည်သားများအားလုံး စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။
PAE ဖြင့် မြန်မာပြည်အနှံ့အပြားတွင် လူကြီးမင်းတို့စိတ်တိုင်းကျ တာဝန်ယူဆောက်လုပ်ပေးသည်။
အခန်းများကို (အထူး) ညှိနှိုင်းဈေးနှုန်းဖြင့် ရောင်းချပေးနေပါပြီ။
အမှတ် (377/383) ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ၊ ပန်းဘဲတန်းမြို့နယ်။ အမှတ် (41)၊ ဦးဖိုးလမ်း ၊ ဓမ္မချောင်းမြို့နယ် ။
ဆက်သွယ်ရန် – အမှတ်(၄၅၃)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
☎ 01 - 399032 , 399082 , 09 5002257

# ဘားအံမြို့၌ ကရင်နှစ်သစ်ကူးပွဲတော် စည်ကားစွာကျင်းပ

**ဘားအံ ဇန်နဝါရီ ၆**

ကရင်ပြည်နယ် ဘားအံမြို့တွင် ကရင်တိုင်းရင်းသားတို့၏ နှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက ရိုးရာမပျက် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစောချစ်ခင်က ကရင်အမျိုးသားအလံအား လွှင့်ထူပေးပြီး တက်ရောက်လာကြသူများက အမျိုးသားအလံအား အလေးပြုကြသည်။

သဘာပတိ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က နှစ်သစ်ကူးမိန့်ခွန်း ပြောကြားပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှပေးပို့သော သဝဏ်လွှာကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းထံမှပေးပို့သော သဝဏ်လွှာအား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းက လည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် ကရင်နှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံအကျဉ်းအား မြန်မာဘာသာ၊ ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာများဖြင့် အသီးသီးဖတ်ကြားပြီး ကရင်ပြည်နယ်ရှိ ကရင်အဘိုး အဘွားများအား ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

ထို့နောက် လယ်ယာများမှသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန် စောင့်ရှောက်ပေးသည့် ဖီးပူးယော်(ခေါ်) စပါးစောင့်နတ်သမီးပူဇော်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ ငြိမ်းချမ်းရေးကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ကရင်အမျိုးသား မောင်မယ်များက ငြိမ်းချမ်းရေးချိုင့်ကျက်များကို လွှတ်ပြီး ဖီးပူးယော်ဆုတောင်းတေးသီချင်းဖြင့် ကောက်သစ်စားပွဲကို ဖွင့်လှစ်ခဲ့ကြပြီး ကောက်ညှင်း၊ ငှက်ပျောသီး၊ အုန်းသီး၊ ထန်းလျက်စသည့် သီးနှံများ၊ မြောက်ခေါင်း၊ ပိန်းဥ၊ မျှစ်ချဉ်၊ ခရုတာလပေါ်နှင့် ခေါင်ရည်များအား တပျော်တပါးစုပေါင်း ကောက်သစ်စားခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**





# ဆားမှော်-ပင်းဘောဒေသ ဌာနေတိုင်းရင်းသားများ၏ နှစ်ဦးကောက်သစ်စားပွဲတော် စည်ကားစွာကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မနကျေးရွာ၌ နှစ်ဦးကောက်သစ်စားပွဲတော်ကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ဦးတူးဂျာ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် မိုးကောင်းတပ်နယ်မှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ရှမ်းနှင့်ကချင်တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ နာယကဦးကျော်မြင့်က "ရှမ်းနဲ့ ကချင်တိုင်းရင်းသားများဟာ ဟိုးယခင်ကတည်းက အတူတကွရောထွေးယှက်တင် နေထိုင်ခဲ့ကြတာကြောင့် မိမိရဲ့ ပြည်နယ်အရေး၊ နိုင်ငံအရေးကို စုပေါင်းပြီး ဆောင်ရွက်သင့်တယ်၊ ဒါကြောင့် အချင်းချင်းတွေ့ဆုံပြီး ဆွေးနွေးနိုင်ဖို့ ကျင်းပရခြင်းဖြစ်ပါတယ်" ဟု ရှင်းလင်းပြောပြသည်။

ဆက်လက်၍ ရှမ်းနှင့် ကချင်တိုင်းရင်းသားရိုးရာ အကများဖြင့် ဖျော်ဖြေခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့် အတူတကွ ဆုတောင်းဆက်ကပ်၍ ကောက်သစ်စားခြင်းတို့ကို ဇန်နဝါရီ ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတော်ကို မိုးကောင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၂ စု ဖြစ်သည့် ဆားမှော်၊ ကညင်မြိုင်၊ တောင်နီ၊ ပင့်သာ၊ နမ္မန၊ အုန်းဘောင်၊ သိုက်ဝါးကုန်း၊ အင်ကြင်းကုန်း၊ ပင်လုံ၊ ပင်ကြိုင်၊ ကုန်းတန်းကြီး၊ ထုံးရေပေါက်၊ နန့်ခွင်၊ ကြိုးကြာကွင်း၊ မင်းကုန်း၊ ပွင့်ဖြူနှင့် ပင်းဘောစသည့် ကျေးရွာပေါင်း ၁၇ ရွာမှ ဌာနေတိုင်းရင်းသားများဖြစ်သည့် ရှမ်းနှင့် ကချင်တိုင်းရင်းသားများ ပါဝင်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

**မျိုးမြင့်စိုး(ပြန်/ဆက်)**




## Epson Projectors များနှင့်အကောင်းမွန်ဆုံးဖန်တီးလိုက်ပါ။

ပွဲအခမ်းအနားများစီစဉ်ပေးရသော companyများ၊ စီးပွားရေးနှင့် ပညာရေးဆိုင်ရာလုပ်ငန်းများ၊ အစည်းအဝေးခန်းမများ၊ ဇာတ်ရုံများ၊ ပွဲကျင်းပရာစင်တာကြီးများနှင့် လက်လီအရောင်းဆိုင်များအထိ ကောင်းမွန်သောအကျိုးသက်ရောက်မှုများကို Epson Projector များနှင့်ဖန်တီးရယူလိုက်ပါ။ သတင်းအချက်အလက်များကို အထိရောက်ဆုံး မျှဝေပေးနိုင်ရင် Epson projector များက အရေးပါသောအခန်းကဏ္ဍများတွင် ပါဝင်လျက်ရှိပါသည်။

သင်ရဲ့မည်သည့် စီးပွားရေးလုပ်ငန်းမျိုးကိုမဆို၊ မည်သည့်နေရာတွင်မဆို Epson Projectorများတွင် ထည့်သွင်းထားသော တမူထူးခြားဆန်းသစ်သောနည်းပညာက စိတ်လှုပ်ရှားစရာစံစားချက်များနှင့် တက်ကြွသော ပူးပေါင်းလုပ်ဆောင်မှုများကိုပံ့ပိုးပေးနိုင်တဲ့ အလန်းစားပုံရိပ်များကို ထုတ်ပေးနိုင်ပါသည်။ မြင့်မားသောအရည်အသွေးနှင့် ယုံကြည်စိတ်ချရသော Projectorများကို မော်ဒယ်လ်အမျိုးအစားမျိုးစုံမှ ရွေးချယ်နိုင်ပါသည်။ Short-Throw or Long-Throw,Entry-Level သို့မဟုတ် Super-Bright 3LCD projectorများကိုရွေးချယ်လိုက်ပါ။ Epson သည် ဒ်နှစ်တိုင်တိုင် ကမ္ဘာ့နံပါတ် (၁) Projector အမှတ်တံဆိပ် ဖြစ်သောကြောင့် သင့်အတွက်မှန်ကန်သောဆုံးဖြတ်ချက် ချလိုက်ပါ။

သင်၏ အကောင်းဆုံးထူးခြားဆန်းကြယ်ဖန်တီးနိုင်စွမ်းများကို Epson နှင့်ပူးပေါင်းလုပ်ဆောင်လိုက်ပါ။
epson.com.sg/projectors တွင်အသေးစိတ်ဝင်ရောက်ကြည့်ရှုရန် မမေ့နှင့်နော်။

EPSON
EXCEED YOUR VISION

# ရွှေတညာ နီတျာတျာနှင့် ဆီမီးဆင်ဖိုနီ

ဆူးငှက်


မြို့မငြိမ်းနှင့် ဦးခင်လေး

**နီတျာတျာရှေးစာရာမလေးလို၊**
**သန္တာသွေးနဲ့**
**နှုတ်ခမ်းနဲ့ ဆင်တူအောင်ရယ်**
**တစ်ကမ္ဘာလုံး နှုတ်ခမ်းနီခြယ်သကြလို့**
**စကြဝဠာမယ်စော်နံတယ်၊**
**နှင်းဆီရောင် ပါးပြင်နီမြန်းလို့ရယ် ...၊**

## လက်ဖျားခါရသည့် ပါရမီရှင်

မန္တလေးတရုတ်တန်းရှေ့တော်ပြေးဝင်း မြောက်ပေါက်နှင့် ခားလွယ်ခုတ်နေရာ ၂၈ လမ်းမြောက်ဘက်ခြမ်းတွင်ရှိသည့် ဦးရိပ်၊ ဒေါ်လေးတို့ အိမ်ဝင်းအတွင်းမှ တူရိယာသံစုံတီးမှုတ်သံများမနက်လင်းကတည်းက ထွက်ပေါ်နေ၍ဖြစ်သည်။ ယခင်က သည်အိမ်ဝင်းအတွင်းရှိ အုတ်တိုက် အဆောက်အအုံမှာ စစ်ကြီးအတွင်း မီးလောင်ပြာကျသွားသဖြင့် ယခုအခါ ဝါးကပ်မိုးထရံကာ မြေစိုက်အိမ်ပဲရှိသည်။ ထိုအိမ်ဝင်းအတွင်းတီးသံမှုတ်သံတွေကတော့ ဟိုရှေးယခင် ကတည်းက အခုထိမပြောင်းမလဲရှိနေဆဲ။ ကနဦး တုန်းကတော့ မယ်ဒလင်၊ ဘင်ဂျို၊ ဗျက်စောင်း၊ မြန်မာဂီတာတွေဖြစ်မှာပေါ့။

အခုတော့ စန္ဒရား၊ အကော်ဒီယံ၊ ကလယ်ရီနက်၊ ထရန်ပက်၊ ဆိုက်ဆိုဖုန်းစသည့် အနောက်တိုင်းတူရိယာပစ္စည်းအသံများဖြစ်သည်။ ဦးရိပ်၊ ဒေါ်လေးတို့ကလည်း အသက်အရွယ်ကြီးရင့်၍ ရှိသည့်ဥစ္စာထုခွဲ စားသောက်နေရပြား၊ မိတဆိုးမြေးကလေး ကိုဘညိန်းကို အလိုလိုက်လွန်း၏။ သူဖြစ်ချင်သည်ကို ဖြစ်အောင်ကြံဆောင်ပေးသည်။ ကိုဘညိန်းကလည်းကျောင်းစာထက် ဂီတကိုပို၍ခုံမင်သည်။ အိမ်နီးချင်းရှာစားစိန်ဗေဒါကြီးကပင် လက်ဖျားခါရသည့် ပါရမီရှင်ဖြစ်သည်။ ငယ်စဉ်ကတည်းက အနောက်တိုင်းဆင်ဖိုနီခာတ်ပြားတွေနားထောင်၊ နန်းတွင်းထဲက ကလပ်မှာ ဝင်တီး၊ ရွှေတိုက်ဝင်းမှာ ဂီတသင်္ကေတတွေသင်၊ ဆိုင်းတန်းဦးတော်လုံကို ဥက္ကဋ္ဌတင်ပြီး အပျော်တမ်းတူရိယာအသင်းပင် ထောင်လိုက်သေးသည်။

## ဆင်ဖိုနီသြခက်စတြာ

ကိုဘညိန်း ဖြစ်ချင်တာက ဆင်ဖိုနီသြခက်စတြာတဲ့။ သူ့မိတ်ဆွေ သူဌေးသား ခားတန်းကိုသန့်နှင့် ပေါင်းကာ မြဝတီမင်းကြီးဦးစ၏ ‘ဘုံပျံနေနန်း’ ကို ဆင်ဖိုနီသြခက် စတြာဝိုင်းဖွဲ့ သံစုံတီးဝိုင်းကြီးဖြင့် တီးခတ်ပြလိုသည်။ ဒါက သူတို့ရည်မှန်းချက်။ ထိုရည်မှန်းချက်ကား စစ်ကိုလည်းကြုံ၊ ခြအုံလည်းဖြစ်၊ ခားထစ်လည်းခံရသော် လည်း အညွန့်အညှောက်ထွက်ကာ ရှင်သန်နေဆဲ။ ထို့ကြောင့် စစ်ကြီးအပြီး မြို့မတူရိယာအသင်းကို ပြန်လည်စုစည်းကြတော့ လုပ်သင့်လုပ်နိုင်သည့် ကိစ္စတွေကို တစ်ထစ်ချင်းဆောင်ရွက်သည်။ ကိုဘညိန်းမှာ စီမံကိန်းရှိနေ၏။ ဘယ်သူ့မှလည်း စကားဖွယ်ဖွယ်ရာရာ ပြောမနေ အမြဲတွေးအမြဲငေးကာ သူ့စီမံကိန်းကို ရေးဆွဲနေသည်။ အသင်းတိုက်မှာ လူငယ်ဂီတဝါသနာရှင်တွေကို စုစည်းသည်။ အနောက်တိုင်းဂီတသင်္ကေတနည်းပညာတွေကိုပို့ချသည်။ လုပ်ဖော်ကိုင်ဖက်များနှင့်လည်း သူဖြစ်ချင်တာတွေ ပူးပေါင်းသည်။

## အပေါင်းအသင်းတပည့်တပန်းတွေနှင့် တရုန်းရုန်း

ဂီတနှင့်ပတ်သက်လျှင် နေ့မရှိ၊ ညမရှိ၊ အိမ်မရှိ၊ အိပ်ရာမရှိ၊ ဇနီးမယားသမီးသားမရှိ။ အိမ်မှာညပြန်အိပ်ချင်မှလည်းအိပ်သည်။ သို့မဟုတ် အိမ်မှာပဲ အပေါင်းအသင်း တပည့်တပန်းတွေတရုန်းရုန်းနှင့် ဂီတကိုပဲ နေ့စဉ်ရက်ဆက်လုပ်ကိုင်နေတတ်သည်။ ဘယ်ဘက်မျက်လုံးက ငယ်စဉ်မှာပင် တိမ်ထိထား၍ ချိုင့်ခွက်ကာ မျက်သားဖြူဖြူတွေများနေတတ်သည့် လူပုံစံက ဘယ်လိုမှ ‘ပန်တျာ’ မလာသော စန္ဒရားအေးမောင်ဆိုသည့် တပည့်ကလည်း ထိုအိမ်ကမပြန်တော့။ သူက စန္ဒရားခုံရှေ့ထိုင်သည်ကပင် ခပ်စောင်းစောင်း။

ဝတ်ပုံစားပုံ ဘိုဆန်ဆန်၊ နှစ်ထပ်ကော်လံ ဟာဝေယံရှပ်အဆင်အကွက်များကို ဘောင်းဘီရှည်နှင့်ဝတ်တတ်သူ၊ တစ်ခါတစ်ရံဘောင်းဘီတိုနှင့် ဝတ်တတ်သူ၊ ဘောင်းဘီနှင့်မဟုတ်ဘဲ လုံချည်နှင့်ဆိုပါက ထိုဟာဝေယံရှပ်တိုလုံချည်အပြင်ဘက်ထုတ်ဝတ်တတ်သူ၊ တစ်ခေါင်းလုံးငွေရောင်ဆံပင်၊ အသားကဖြူနီစပ်စပ်၊ ရုပ်ကဘိုကပြားရုပ်။ ရုပ်သွင်ဟန်ဟန် အမူအရာ စမတ်ကျကျနှင့် ကိုဘသင်ကလည်း ထိုအိမ်ကမပြန်တော့။

ဆံပင်တိုတို၊ မျက်ဆန်ကြောင်ကြောင် ကယောင်ကယင်မအူမလည်ရုပ် စန္ဒရားအေးမောင်နှင့် တွဲဖက်သူက ထိုကဲ့သို့သော စမတ်ကျကျ ဘိုဆန်ဆန် ကိုဘသင်။ ကိုဘသင်က ဂျပ်ဇ်နှင့် ဒယ်ဘယ်လ်ဘော့စ်ကို တီးခတ်သည်။ သူတို့နှစ်ယောက်ကခွဲလို့မရ။ စန္ဒရားနှင့် ဂျပ်ဇ်၊ ဒယ်ဘယ်လ်ဘော့စ်။

## ကိုအေးမောင်၏ ဘိုဆန်ဆန်စန္ဒရားလက်သံ နှင့် ဘိုရုပ်ကိုဘသင်

စန္ဒရားဆိုရာတွင် ကိုအေးမောင်က လက်ဆယ်ချောင်းဖြင့် အသံအကျွာအဝေး၊ အနိမ့်အမြင့်၊ အတိုအရှည်၊ အတိုးအကျယ်လိုသလိုအတိအကျရိုက်ခတ်မိအောင် ထိနိုင်ဖိနိုင်တီးနိုင်သူတဲ့။ စန္ဒရားကိုအနောက်တိုင်း ဂီတသင်္ကေတ(note)ဖြင့် ကျွမ်းကျင်စွာတီးခတ်နိုင်သူ။ စန္ဒရားကို ‘ကော့ဒ် (cord) နှင့် ကျွမ်းကျင်စွာတီးခတ်နိုင်သဖြင့် ‘ကော့ဒ်အေးမောင်’ ဟု ဝိသေသပြု ခံရသူ။ ဒီလိုဘိုဆန်ဆန်စန္ဒရားလက်သံနှင့် ဘိုရုပ် ကိုဘသင်၏ ဂျပ်ဇ်နှင့် ဒယ်ဘယ်လ်ဘော့စ်နှင့် နှစ်ယောက်သားတီးခတ်နေကြလျှင်များ ငေးကြည့်ကြရသတဲ့။

ဤကဲ့သို့ လိုက်ဖက်ညီသောတပည့်များ စိတ်ရည်တူလုပ်ဖော်ကိုင်ဖက်များနှင့်အတူကိုဘညိန်း(ဝါ)မြို့မငြိမ်းက ‘ဆီမီးဆင်ဖိုနီ’ သီချင်းတစ်ပုဒ်ရေးထုတ်ခဲ့သည်။ သီချင်း၏ ကနဦးအစ သံဖြူတန်းက မိတ်ဆွေကြီး ကိုလှဒင်အိမ်မှာဖြစ်၏။ ကိုလှဒင်ဆိုတာ မြို့မငြိမ်းနှင့် မြို့မမှာ ကနဦးထူထောင်ခဲ့သူတစ်ဦးအပါအဝင်။ သူကလည်းဂျပ်ဇ်သမား။

## ရွှေတညာ

ကိုလှဒင်အိမ်မှာ မြို့မငြိမ်းက စန္ဒရားအေးမောင်ကို ‘ရွှေတညာ’ လေးလုပ်စမ်းပါဆို၏။ ‘ရွှေတညာ’ ဆိုတာ ပြင်စည်မင်းသားကြီး၏ အလွမ်းဘွဲ့ယိုးဒယားသီချင်းဖြစ်သည်။

‘ရွှေတညာ၊ ဖျော်ဖြေဘွေကြော့၊ မြန်မြေချာဝယ်

လွန်သာထွေလို့ ဖန်ရွှေစာငယ် မူရာပိုဖွဲ့ ဆိုယောင်မှား . . . . အစချီသီချင်းဖြစ်သည်။ အတီးသမားများအကြိုက်တွေ့သည့် သီချင်းလည်းဖြစ်၏။ မြို့မငြိမ်းက စန္ဒရားအေးမောင်ကို ‘ရွှေတညာ’ တီးခိုင်းတော့ တပည့်လုပ်သူကလည်း စန္ဒရားခုံမှာ တစောင်းလေးထိုင်ပြီး ညက်ညက်ကျေနေသော ‘ရွှေတညာ’ ကို ဒေါင်းဒေါင်းပြေးတီးခတ်တော့၏။ ‘အသော ဒေါင်လို့ မချမိရပ်ခိုင်းသည်။ ထပ်တီးခိုင်းသည်။ အသော ဒေါင်လို့ မချမိရပ်ခိုင်းပြန်ပြီး လက်ထဲက နုတ်(စ်)စာရွက်တွေပေးကာ “ဒါကိုဆက်တီး . . . ” ဟုခိုင်းသည်။ စန္ဒရားအေးမောင်က ခပ်ကြောင်ကြောင်မျက်လုံးကို ခပ်စောင်းစောင်းအားစိုက်ကာ နုတ်(စ်)တွေကို ကြည့်သည်။ လက်ဆယ်ချောင်းနှင့် စန္ဒရားခလုတ် အဖြူအနက်တွေကိုခပ်သွက်သွက်တို့ထိသည်။ ဘိုဆန်ဆန်တေးသွားတစ်စရပြီ။ ခပ်သွက်သွက်တီးခတ်လိုက်သည်။

## စွန်တောင်ကိုဆွဲ၊ မူရာတော်တွေကြွယ်

နုတ်(စ်) နှင့်အတူ ရေးမှတ်ထားသောသူ့ဆရာ၏ လက်ရေးခပ်စောင်းစောင်းတွေကို လိုက်ဖတ်ရင်း စိတ်ထဲက အသံထွက်လိုက်ဆိုမိ၏။

‘ဝါရွှေညိုနီ၊ ဟို အနောက်တိုင်းဆီဝယ်
ပလက်တီနံဘလွန်း၊ ရောင်စုံခြယ်
မြန်မာလုံမယ်၊ မင်ညိုပိတုန်းရောင်ခြယ်
သွယ်သွယ်ပျော့ပျောင်း၊ ယဉ်ကေဆံသီနွယ်
အနက်ရောင်တစ်မျိုးနဲ့ ဒို့မယ်၊ ကြက်တောင်ဆံရစ်
ဆံပတ်ထုံးတယ်
ဒေါက်ချာမြင်းမိုရ်ကြီးငယ်၊ အိုးစည်ခေတ်မီသုံးတယ်
ဗျာပါဆံကေသွယ်၊ ဘောင်ဘောင်ဗွေထဲဆီဝယ်
စွန်တောင်ကိုဆွဲ၊ မူရာတော်တွေကြွယ်တဲ့။

## ဂျပ်ဇ်၊ ကော့ဒ်တွေနှင့် ဘိုသံညက်ညက်

‘လှကြစမ်းပါဗျာတို့’ သီချင်း၏အစ ‘နီတျာတျာ၊ ရှေးစာရာမလေးလို . . . သန္တာသွေးနဲ့’ မှ ‘နှင်းဆီရောင်၊ ပါးပြင်နီမြန်းလို့ရယ် . . . . ” အထိမှာ ‘ရွှေတညာ ’ ယိုးဒယားအသွားဖြစ်သည်။ စာလုံးအရေအတွက်၊ အသံအကျွာအဝေးကြောင့် စည်းဝါးတော့နည်းနည်းကွာသည်။ ‘ဝါရွှေညိုနီ’ မှသည် ‘စွန်တောင်ကိုဆွဲ’ အထိအပိုဒ်က စန္ဒရားအကော်ဒီယံတွေကို ဂျပ်ဇ်၊ ကော့ဒ်တွေနှင့် ဘိုသံညက်ညက်တီးခတ်ရသည်။ ‘ယဉ်တစ်ကိုယ် ပါးကျပ်ကိုလဲ’ မှ ‘လှကြစမ်းဗျာတို့ လွတ်လပ်တယ်’ အထိက မြန်မာသံ မြန်မာအသွားပြန်ဝင်လာ၏။

ထိုအပိုဒ်တွင်ပို၍ မြန်မာဆန်လာအောင် ပန်းချီ ဦးဘသက်က ဝါးပတ္တလားအသံကျဲကျဲလေးနှင့် ဆော့ကြည့်ချင်သေးတယ်ဟုဆိုသည်။ ၂၈ လမ်းအိမ်ကလေးမှာ ‘လှကြစမ်းပါဗျာတို့’ ကိုအပြန်ပြန်အလှန်လှန် အညက်ကြီး ညက်အောင် စိတ်လိုလက်ရ နှစ်နှစ်သက်သက်တီးမှုတ်နေကြတာ နေ့စဉ်ရက်ဆက်။ မြို့မငြိမ်း၏အဘွား ဒေါ်လေးကလည်း သူ့မြေးနှင့်အပေါင်းအသင်းတွေ ပျော်ရွှင်နေကြတာကြည့်ပြီး ကျေနပ်နေသည်။ မြေးဖြစ်သူ ဘာလိုသလဲ၊ လိုသမျှဆောင်ကြဉ်းပေးရတာကိုပဲ အဘွားအိုက ဝမ်းသာနေ၏။

## ဆီမီးဆင်ဖိုနီ

‘လှကြစမ်းပါဗျာတို့’ ကို မြန်မာဝါးပတ္တလားသာမက အခြားအနောက်တိုင်းတူရိယာတွေ ကြိုးတပ်တူရိယာတွေနှင့်ပါ အသံတွေထပ်မံ ဖြည့်စွက်ကြဦးမည်။ တူရိယာပစ္စည်းအသီးသီးနှင့် ပိုင်နိုင်ကျွမ်းကျင်မှုကို နာရီမလပ်မပြတ်လေ့ကျင့်နေကြသည်။ မကြာမီ ဆရာမြို့မငြိမ်းလိုချင်သော ဆီမီးဆင်ဖိုနီကို အကောင်အထည်ဖော်နိုင်ကြတော့မည်။

**ယဉ်တစ်ကိုယ်၊ ပါးကျပ်တိုပဲ**
**ဆိုးလက်သဲလက်သဲ၊ ရဲနီမြန်းနီမြန်း။**
**ပန်းနွယ်ကော့သွယ်**
**စင်အောင်နှုတ်လို့သာပေး၊ ရေးမင်ရေးမင်ရေး**
**ကွေးကောက်ကွေးမျက်ခုံးသုံးရက်လနှယ်**
**အစ်မကြီးတို့ရဲ့ ခေနစဉ်ရုပ်၊**
**ကြံဖန်ထင်သလို၊ လှကြစမ်းဗျာတို့ လွတ်လပ်တယ်။**

---

## ၂၀၁၈–၂၀၁၉ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီးပညာရေးစုံညီပွဲတော်ကျင်းပ

**မန္တလေး ဇန်နဝါရီ ၆**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီးပညာရေးစုံညီပွဲတော်ဖွင့်ပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ် (၁၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အားပေးပြီး ထူးချွန်ကျောင်းသား ကျောင်းသူသုံးဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဝန်ကြီးချုပ်ကအဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းအားကစားကွင်း၌ ချမ်းအေးသာစံမြို့နယ်မှ ကျောင်းသူ ၄၀၀ တို့က ‘ကြိုဆိုပါသည် စုံညီပွဲတော်’ ကဗျာလွတ်အကဖြင့်လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်မှ ကျောင်းသား ၄၀၀ တို့က ‘ကျန်းမာခြင်းအတွက် ကစားခြင်းဖြင့်’ ကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ်မှ ကျောင်းသူ ၂၀၀ က လောကအားမာန်သီချင်း သီဆို၍ တိုင်းရင်းသားအကဖြင့်လည်းကောင်း၊ မဟာအောင်မြေနှင့် ပြည်ကြီးတံခွန်မြို့နယ်တို့မှ ကျောင်းသူ ၄၀၀ တို့က ပန်းဖွားအကတို့ဖြင့် ဖျော်ဖြေခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီးအဆင့် ပထမရရှိသော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး အထက်တန်းကျောင်း၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းနှင့် အောင်ချက်အကောင်းဆုံးမြို့နယ်ဆု၊ Student of Year ဆု၊ Students of the Honour ဆု၊ ထူးချွန်အားကစားသမားဆုများ ချီးမြှင့်သည်။

ပညာရေးစုံညီပွဲတော်တွင် ပညာရေးမြှင့်တင်မှုပြခန်း၊ သင်ထောက်ကူပြခန်း၊ မာတိမိဒီယာပြခန်း၊ အိမ်တွင်းမှုနှင့် ပန်းချီပြခန်း၊ မြန်မာစာ၊ အင်္ဂလိပ်စာစွမ်းရည်ပြခန်း၊ သိပ္ပံဘာသာရပ်ဆိုင်ရာပြခန်း၊ အနုပညာစွမ်းရည်ပြခန်း၊ အိုင်စီတီ စွမ်းရည်ပြခန်းများပါဝင်ပြီး အခြေခံပညာကျောင်းနှင့် ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသားကျောင်းသူများ လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ၂၀၁၈ လိဂ်ပြိုင်ပွဲများမှ ဂိုးသွင်းဘုရင်ဆုများ ပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၆**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၁၈ ရာသီ ပြည်တွင်းလိဂ်ပြိုင်ပွဲများတွင် သွင်းဂိုးအများဆုံးရခဲ့သည့် ကစားသမားများကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပသည့် ချာရတီဖလားပြိုင်ပွဲ ရန်ကုန်နှင့် ရှမ်းယူနိုက်တက်ပွဲ ပထမပိုင်းအပြီးတွင် ပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၁၈ ရာသီတွင် လိဂ်ပြိုင်ပွဲ ခြောက်ခုကျင်းပပြီး MNL အမှတ်ပေးပြိုင်ပွဲတွင် ဂျီးဇက် (ဟံသာဝတီ)က ၁၈ ဂိုး၊ ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင် ဇော်ဝင်းနိုင်(Southern)က ၁၈ ဂိုး၊ ယူ၁၉ ပြိုင်ပွဲတွင် ရှိဘင်တိုင်ဆန်(ရှမ်းယူနိုက်တက်) က ၂၂ ဂိုး၊ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲတွင် လီယွန်တေလာ (ရွှိုင်ရယ်သန်လျင်)က ၁၄ ဂိုး၊ ယူ-၂၀ အမှတ်ပေးပြိုင်ပွဲတွင် နိုင်ရဲအောင်(တက္ကသိုလ်) က ၁၉ ဂိုး၊ ယူ-၁၈ ပြိုင်ပွဲတွင် ရီဟန်ကိုကို (ဒဂုံ) က ၂၃ ဂိုးဖြင့် သွင်းဂိုးအများဆုံးဆုရခဲ့သည်။ ယခုဆုပေးပွဲတွင် အခြားလိဂ်သို့ပြောင်းရွှေ့သွားသည့် ဂျီးဇက်မှလွဲ၍ ကျန်ကစားသမားငါးဦးကို ဆုများချီးမြှင့်ခဲ့ပြီး ဂျီးဇက်အတွက်ဆုတံဆိပ်ကိုမူ ဟံသာဝတီအသင်းထံ ပေးအပ်မည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# စစ်တောင်းမြစ်ကူး ယာယီတံတား ငုတ်တိုင်ဟောင်းများ ရေကြောင်းသွားလာရေး အန္တရာယ်ဖြစ်နိုင်

**ရေတာရှည် ဇန်နဝါရီ ၆**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း စစ်တောင်းမြစ် အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း ကူးလူးသွားလာနိုင်ရန် နှစ်စဉ် ဆောင်းရာသီနှင့် နွေရာသီကာလများတွင် ဒေသအလိုက် ယာယီမြစ်ကူးတံတားများ တည်ဆောက်ကာ သွားလာကြရပြီး မိုးဦးရာသီကာလရောက်ရှိပြီဆိုလျှင် ပြန်လည်ဖြုတ်သိမ်းခြင်းများ ဆောင်ရွက်ကြသည်။ ထိုသို့ ဖြုတ်သိမ်းရာတွင် ငုတ်တိုင်ဟောင်းများ ကျန်ရှိနေသောကြောင့် မိုးရာသီတွင် သွားလာကြရသော စက်လှေများ၊ ကုန်တင်စက်လှေများအနေဖြင့် အန္တရာယ်ရှိနိုင်ကြောင်း သာဂရမြို့ရှိ ဒေသခံများကသုံးသပ်ပြောကြားသည်။

"မိုးရာသီမှာက တံတားမရှိသေးတော့ စစ်တောင်းမြစ် အရှေ့ဘက်ခြမ်း ငှက်ပျောတောရွာဘက်ကနေ သာဂရမြို့ဘက်ကို ကျောင်းကုန်းကူးတို့ကပဲကူးရတာ။ ဒေသတွင်းကထွက်တဲ့ ကုန်တွေဆိုလည်း စက်လှေတွေနဲ့ကဲ့ယူရတာပဲ။ ရေများရင်အကြောင်းမဟုတ်ဘူး၊ ရေကျချိန်ဆို စက်လှေတွေနဲ့ စီးလာတဲ့ခရီးသည်တွေအတွက် အန္တရာယ်ရှိတဲ့အနေအထားဖြစ်နေလို့ တစ်နှစ်လုပ်တဲ့ ယာယီတံတားတွေ ပြန်ဖျက်မယ်ဆိုရင် ငုတ်ဟောင်းတွေမကျန်အောင် ပြန်နုတ်သင့်တယ်"ဟု အထက်ပါဒေသခံက ဆက်လက်ပြောသည်။

ရေတာရှည်မြို့နယ်အတွင်း မြို့ပြနှင့် ကျေးလက်ဒေသများ ခရီးလမ်းပန်းဆက်သွယ်မှုများကောင်းမွန်၍ ဖွံ့ဖြိုးတိုးတက်မှုကွာခြားချက်များ ကျဉ်းမြောင်းလာစေရန် ရေတာရှည်-ကရင်ချောင်း-လိပ်သို စစ်တောင်းမြစ်ကူးတံတား၊ ဆွာရွာမ-ငါးကြီးကွေ့မြစ်ကူးတံတား၊ သာဂရ-ငှက်ပျောတော မြစ်ကူးတံတားများတည်ဆောက်ဆဲ၊ တည်ဆောက်မည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါ စစ်တောင်းမြစ်ကူးတံတားသုံးစင်းသာ ပြီးစီးသွားမည်ဆိုပါက မြစ်အရှေ့ဘက်ကမ်းရှိကျေးလက်ဒေသနေပြည်သူများအတွက် ခရီးသွားလာရေးနှင့် လုပ်ငန်းကိစ္စများတွင်အဆင်ပြေကြမည် ဖြစ်သည်။

**ကိုလွင်(ဆွာ)**



သာဂရ–ငှက်ပျောတော စစ်တောင်းမြစ်ကူး ယာယီတံတားနှင့် တည်ဆောက်ဆဲ မြစ်ကူးတံတား အကြား တွေ့ရှိရသည့် ငုတ်တိုင်များကို တွေ့ရစဉ်။



# (၈၁) ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနား မော်လမြိုင်မြို့၌ကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၆**
ကရင်သက္ကရာဇ်(၂၇၅၈) ခုနှစ် (၈၁)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ သံလွင်ဥယျာဉ်၌ ကျင်းပသည်။

အခမ်းအနားတွင် (၈၁)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကျင်းပရေးသဘာပတိ ဥက္ကဌ ဦးစောအောင်ကျော်သိန်းက "ရှေးဘိုးဘေးခေါင်းဆောင်ကြီးများရဲ့ ဂုဏ်ကျေးဇူးကိုဆပ်တဲ့အနေနဲ့ ကရင်လူမျိုးတို့ရဲ့ အသက်သွေးကြောဖြစ်တဲ့ စာပေ၊ ဘာသာစကား၊ ဓလေ့ရိုးရာထုံးတမ်းများကို စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက်သွားရမှာ ကရင်တစ်မျိုးသားလုံးရဲ့တာဝန်ဖြစ်ပါတယ်။ ကရင်လူမျိုးများ အနာဂတ်ဘဝသာယာလှပဖို့ ကရင်လူငယ်မျိုးဆက်သစ်များ ပခုံးပြောင်း တာဝန်ယူရမှာဖြစ်တဲ့အတွက် မိဘဘိုးဘေးများအဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့ အစဉ်အလာကောင်းများကို မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ကာ ခေတ်ကာလနှင့်အညီ မြော်မြင်တွေးခေါ်ပြီး ကရင်တိုင်းရင်းသားလူမျိုးများရဲ့ လူနေမှုဘဝကိုမြှင့်တင်ကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးရဲ့ မျိုးဆက်သစ်အင်အားတစ်ရပ်အဖြစ် ကရင်လူငယ်မောင်မယ်များ မလွဲမသွေ ကြိုးစားဆောင်ရွက်ရမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သော ကရင်အမျိုးသားနှစ်သစ်ကူးသဝဏ်လွှာကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက ဖတ်ကြားပြီး ကရင်အမျိုးသားအစည်းအရုံးမှ ပေးပို့သော သဝဏ်လွှာကို ဖဒိုစောအယ်ဒါးက ဖတ်ကြားသည်။

ဆက်လက်၍ ပြည်နယ်ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောအောင်မြင့်ခိုင်က (၈၁)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ နှုတ်ခွန်းဆက်စကားပြောကြားပြီး မွန်ပြည်နယ် (၈၁)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီ ဥက္ကဌ စောအောင်ကျော်ဆန်းက ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားများကို မွန်ပြည်နယ် ၁၀ မြို့နယ်တွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## အနုပညာသတင်း

# လူမှုကွန်ရက်မီဒီယာနဲ့ဝေးကွာနေခြင်းက ပင်ပန်းမှုကို လျော့နည်းစေတယ်လို့ဆိုလိုက်တဲ့ ဟန်ဟေဂျင်



တောင်ကိုရီးယားအနုပညာကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဟန်ဟေဂျင်က သူဟာ လူမှုကွန်ရက်မီဒီယာပေါ်မှာ သူ့ရဲ့ အချက်အလက်တွေ၊ လှုပ်ရှားမှုတွေ ဖော်ပြခဲ့ခြင်းမရှိတော့သလို လူမှုကွန်ရက်မီဒီယာကို ကြည့်ရှုခြင်း မရှိတော့တဲ့နောက်ပိုင်း ပင်ပန်းမှုတွေ လျော့ကျလာခဲ့ကြောင်း လတ်တလောပြုလုပ်ခဲ့တဲ့ ရေဒီယိုအင်တာဗျူးတစ်ခုမှာ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၃ ရက်မှာတော့ ဟန်ဟေဂျင်ဟာ ရေဒီယိုအစီအစဉ်တစ်ခုဖြစ်တဲ့ "Noon Discovery"မှာ ဒီဂျေပညာရှင်တစ်ယောက်အနေနဲ့ ပါဝင်ခဲ့ပါတယ်။ ရေဒီယိုအင်တာဗျူးအစမှာ ဟန်ဟေဂျင်က လက်ရှိမှာတော့ သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာရဲ့ လျှို့ဝှက်နံပါတ်ကိုပင် မေ့သွားခဲ့ပြီဖြစ်တယ်လို့ ဆိုပါတယ်။

ဟန်ဟေဂျင်က "ဒီလိုအသုံးမပြုတာ ကျွန်မအတွက်တော့ အတော်လေးကို သက်သောင့်သက်သာ ဖြစ်ရပါတယ်။ ကျွန်မရဲ့ ဖြစ်ရပ်တွေကို လူမှုကွန်ရက်ပေါ်မှာ ဖော်ပြခြင်းမရှိတော့သလို အခြားသူတွေအကြောင်းတွေလည်း တွေ့စရာမလိုတော့ဘူး။ လူမှုကွန်ရက်မီဒီယာနဲ့ ဝေးဝေးနေခဲ့ပြီးကတည်းက ကျွန်မရဲ့ပင်ပန်းမှုတွေလည်း လျော့ကျခဲ့ရပါတယ်။ ပိုပြီးပေါ့ပါးလာတယ်။ ဒါကြောင့် လူမှုကွန်ရက်မီဒီယာတွေနဲ့ ဝေးဝေးနေဖို့ အကြံပြုလိုပါတယ်"လို့ ပြောကြားခဲ့ကြောင်း သိရပါတယ်။



# ဂျင်းဂိုနဲ့ ဆယ်အွန်စိုးတို့ရဲ့ ရုပ်ရှင်သစ် Legal High

ကျော်ကြားတဲ့ တောင်ကိုရီးယားမင်းသားတစ်ဦးဖြစ်တဲ့ ဂျင်းဂိုကို ရုပ်ရှင်သစ်မှာတော့ ရှေ့နေတစ်ဦးအဖြစ် တွေ့မြင်ရမှာဖြစ်ပါတယ်။ "Descendants of the Sun" ရုပ်ရှင်မှာ ဇာတ်ဆောင်တစ်ဦးအဖြစ်ပါဝင်ရင်း အောင်မြင်မှုတွေ ရလာခဲ့တဲ့ ဂျင်းဂိုဟာ လတ်တလောမှာတော့ မင်းသမီး ဆယ်အွန်စိုးနဲ့တွဲဖက်ကာ ဇာတ်လမ်းတွဲသစ်မှာ ပါဝင်ထားကြောင်း စွန်ပီဒေ့ါကွန်းက ရေးသားခဲ့ပါတယ်။

လတ်တလောမှာတော့ အဆိုပါဇာတ်လမ်းတွဲရဲ့ ပထမဆုံး ဇာတ်ညွှန်းစုပေါင်းဖတ်ပွဲကို အနုပညာရှင်တွေ စုံညီစွာတက်ရောက်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီဇာတ်လမ်းတွဲကို JTBC ရုပ်သံလိုင်းက ပြသသွားမှာဖြစ်ပြီး အပတ်စဉ်သောကြာ၊ စနေနေ့တိုင်း ထုတ်လွှင့်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

# Coachella မှာ ပါဝင်ဖျော်ဖြေခွင့်ရတဲ့ ပထမဆုံး ကေပေါ့ပ်အမျိုးသမီးအဖွဲ့ Black Pink

နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ကမ္ဘာကျော်တေးဂီတဖျော်ဖြေပွဲတစ်ခုဖြစ်တဲ့ "Coachella"ရဲ့ ယခုနှစ်ပွဲမှာ ပါဝင်ဖျော်ဖြေကြမယ့် တေးသံရှင်တွေကို လတ်တလောမှာ ထုတ်ပြန်ပြောကြားခဲ့တာဖြစ်ပြီး ဒီထဲမှာတော့ ကေပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Black Pink" ပါဝင်နေတာဖြစ်ပါတယ်။ ဒါဟာ ကေပေါ့ပ်အမျိုးသမီးတေးဂီတအဖွဲ့တွေအနက် "Coachella"မှာ ပထမဆုံး ပါဝင်ဖျော်ဖြေခွင့်ရခဲ့ခြင်းဖြစ်တယ်လို့လည်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်ရဲ့ဖျော်ဖြေပွဲမှာ ကိုရီးယား-အိန္ဒိယ အမျိုးသားတေးဂီတအဖွဲ့ "Hyukoh"လည်း ပါဝင်ဖျော်ဖြေပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။

ဒီနှစ်ဖျော်ဖြေပွဲကိုတော့ သီတင်းပတ်ကုန် နှစ်ပတ်မှာ နှစ်ပိုင်းခွဲကာ ပြုလုပ်သွားဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ လာမယ့် ဧပြီ ၁၂ ရက်မှ ၁၄ ရက်အထိ တစ်ကြိမ်နဲ့ ဧပြီ ၁၉ ရက်မှ ၂၁ ရက်အထိတစ်ကြိမ် နှစ်ပိုင်းခွဲကာ ပြုလုပ်သွား မှာပါ။ "Black Pink"ကတော့ ဧပြီ ၁၂ ရက်နဲ့ ၁၉ ရက်တွေမှာ ဖျော်ဖြေပေးသွားမှာဖြစ်ပြီး "Hyukoh" ကတော့ ဧပြီ ၁၄ ရက်နဲ့ ၂၁ ရက်တွေမှာ ပါဝင်တင်ဆက် သွားမှာဖြစ်တယ်လို့ သိရပါတယ်။

"Coachella"မှာ ပထမဆုံးအကြိမ် ပါဝင်ဖျော်ဖြေခွင့်ရခဲ့တဲ့ ကေပေါ့ပ်တေးဂီတအဖွဲ့ကတော့ "Epik High" ဖြစ်ပြီး အဆိုပါတေးဂီတအဖွဲ့ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲမှာ ပါဝင်တင်ဆက်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ကယ်လီဖိုးနီးယားပြည်နယ်မှာရှိတဲ့ အင်ပါယာပိုလိုကလပ်မှာ နှစ်စဉ်ကျင်းပတဲ့ ဒီဖျော်ဖြေပွဲရဲ့ ယခုနှစ်ပွဲမှာ ပါဝင်သွားကြမယ့် အမေရိကန်တေးသံရှင်တွေထဲမှာ နာမည်ကျော်တေးသံရှင်တွေဖြစ်ကြတဲ့ အရီရန်နာဂရန်းဒ်၊ ချိုင်းဒစ်ဂမ်ဘီနိုတို့လည်းပါဝင်ကြောင်း သိရပါတယ်။ ဒ့ါအပြင် ကမ္ဘာကျော်ဒီဂျေပညာရှင်များစွာလည်း ပါဝင်ဆင်နွှဲသွားမှာဖြစ်တယ်လို့ သိရပါတယ်။



**အေးပြည့် - စုစည်းသည်**

# မန္တလေး-မူဆယ် ရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်း အကြိုညှိနှိုင်း အစည်းအဝေးပြုလုပ်



**မူဆယ် ဇန်နဝါရီ ၆**
မန္တလေး-မူဆယ် ရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်း အကြိုညှိနှိုင်း အစည်းအဝေးကို မူဆယ်ခရိုင် မူဆယ် မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ သည်။

ရှေးဦးစွာ ပို့ဆောင်ရေးနှင့်ဆက် သွယ်ရေးဝန်ကြီးဌာန ဒုတိယအမြဲ တမ်းအတွင်းဝန် သူရအောင်မျိုးမြင့် က ရထားလမ်းသစ်ဖောက်လုပ်ရာ တွင် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေး မှူးများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်စေလိုကြောင်း၊ ရထား လမ်းဖောက်လုပ်စဉ် ရထားလမ်းနယ် နိမိတ်နှင့်မလွတ်ကင်းသော အဆောက် အအုံများ၊ လယ်ယာမြေများအား ထိုက်သင့်သောလျော်ကြေးများပေး ဆောင်သွားမည်ဖြစ်ကြောင်း၊ ရထား လမ်း ဖောက်လုပ်ပြီးစီးသွားပါက ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ် ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရထားလမ်းသစ် ဖောက်လုပ်မည့် လမ်းကြောင်းများ ရှာဖွေခြင်းနှင့် အကြိုမြေတိုင်းတာမှု မြေပုံများကို အသေးစိတ်ရှင်းလင်း ချပြခဲ့ပြီး တရုတ်နိုင်ငံ China Railway Engineering Group (CREEC)ကုမ္ပဏီမှ တရုတ်နိုင်ငံ သား ပညာရှင် Mr.Wang Guo La-ing က ရထားလမ်းသစ်ဖောက်လုပ် စဉ်အတွင်း ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီဆောင် ရွက်ပေးစေလိုကြောင်း၊ မကြာခင် နှစ်နိုင်ငံသဘောတူညီချက်စာချုပ် ချုပ်ဆိုနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မန္တလေး-မူဆယ် ရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်း အကြိုညှိနှိုင်း အစည်းအဝေးသို့ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးဥက္ကာ၊ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲတပ်ဖွဲ့မှူး မျိုးညွန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်၊ သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ ကြောင်း သိရသည်။

**ဗန်ရိုးထန်(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### ထန်းပင်မြစ်ပျိုးထောင်ရောင်းချသူများ ဝင်ငွေတွက်ခြေကိုက်

**ငါ့သရောက်**
မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့တွင် ထန်းပင်မြစ်ပျိုးထောင်ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေတွက်ခြေကိုက်နေကြကြောင်း ထန်းပင်မြစ်ပျိုးထောင် ရောင်းချသူများထံက သိရသည်။

ထန်းငယ်တောရပ်နေ တောင်သူဦးကြည်ထွန်းက နွားစာအတွက် ထန်းသီး အသားကိုသာစဉ်းကျွေးပြီး ထန်းသီးဆန်ကို ပျိုးထောင်ပြီး ထန်းပင်မြစ် ဖြစ်ချိန် ရောင်းချခြင်းဖြစ်ကြောင်း ပြောပြသည်။ **ကိုထိန် (ငါ့သရောက်)**

### မြင်းခြံတွင် တောင်သူများထံ ပိုးသတ်ဆေး ထောက်ပံ့

**မြင်းခြံ**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆင်ချောင်းကျေးရွာတွင် စိုက်ပျိုး ထားရှိသော အစေ့ထုတ်ပြောင်းစိုက်ခင်းများတွင် ငမြောင်တောင်ပိုးများ ကျရောက်နေသဖြင့် ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက မြင်းခြံခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ ဗိုက်တာနမ်ချပ်ကူ ပိုးသတ်ဆေးများ ထောက်ပံ့ပေးခဲ့သည်။

မြင်းခြံမြို့နယ် ဆင်ချောင်းကျေးရွာမှ အစေ့ထုတ်ပြောင်းစိုက်ခင်း ၃၃ ဧက အတွက် သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်) မှ ထောက်ပံ့သည့် ဗိုက်တာ နမ်ချပ်ကူ ပိုးသတ်ဆေးများအား တစ်ဦးချင်းအလိုက် လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**



**ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခုတင် (၂၀၀)ဆေးရုံကြီးအတွင်း (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြု စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်နေမှုကို ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်)မှ ဗိုလ်မှူးကြီး ကျော်ကျော်နိုင်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါ်ခင်မေသွင်တို့က ကြည့်ရှုအားပေးကြစဉ်။**

ရဲထွဋ်

## မြန်မာရွှေ့ပြောင်းအလုပ်သမား ခြောက်ဦး တာချီလိတ်မြို့၌ လွှဲပြောင်းပေးအပ်

**တာချီလိတ် ဇန်နဝါရီ ၆**
မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက် အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ် သမားခြောက်ဦးကို ထိုင်းနိုင်ငံ တာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ ဇန်နဝါရီ ၄ ရက် နံနက် ၁၁ နာရီက တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ် ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာ နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားအရေအတွက်မှာ ယခုလွှဲပြောင်းပေးအပ်ခဲ့သည့် အလုပ်သမား ခြောက်ဦး အပါအဝင် အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၃ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# နတ်တလင်းမြို့ ကလေးစာပေပွဲတော်တွင် ကူညီပံ့ပိုးကြသူများ၏ ရင်တွင်းစကားသံများ



**နတ်တလင်း ဇန်နဝါရီ ၆**
စာပေဖတ်ရှုသည့်အလေ့အထများ စွဲမြဲစေရန်၊ ဉာဏ်ရည် ဖွံ့ဖြိုးတိုးတက်လာပြီး အနာဂတ်တိုင်းပြည်အတွက် တန်ဖိုး ရှိတဲ့ လူငယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာပေချစ်သူများအဖွဲ့တို့ပူးပေါင်း၍ ဒုတိယအကြိမ် မြောက် ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၄ ရက်မှ ၅ ရက် အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ကူညီပံ့ပိုး ကြသူများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါ သည်။

စာပေချစ်သူများအဖွဲ့ဝင် ဒေါ်လွင်လွင်ဦးက "မြို့နယ် မှာရှိတဲ့ကလေးငယ်တွေကို စာပေအသိပညာနဲ့ ဗဟုသုတ



**စာပေချစ်သူများအဖွဲ့ဝင် ဒေါ်လွင်လွင်ဦး**

တွေ ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ရယ်၊ စုစုစည်းစည်းနဲ့ စာပေကို ချစ်မြတ်နိုးပြီး စာပေနဲ့မကင်းကွာဘဲ ထိတွေ့စေချင်တယ်၊ ကျွန်မတို့အသင်းက ကလေးငယ်တွေနဲ့ပတ်သက်တဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဦးစားပေးလုပ်ပေးပါတယ်၊ ကလေးငယ်တွေကို ငယ်ငယ်ကတည်းက အဖွဲ့အစည်းတွေနဲ့ လုပ်နိုင်တဲ့စွမ်းရည်တွေကို ပေးချင်တဲ့ရည်ရွယ်ချက်နဲ့ အဖွဲ့ လိုက် ပူးပေါင်းဆောင်ရွက်ရတဲ့ Activity Games လေးတွေ အများကြီးထည့်သွင်းစီစဉ်ထားပါတယ်" ဟု ပြောကြားသည်။



**မြို့မအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီတင်**

မြို့မအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီတင့် ကလည်း "နောက်နှစ်တွေမှာလုပ်မယ်ဆိုရင် နိုဝင်ဘာလ လောက်မှာ လုပ်စေချင်ပါတယ်။ ကလေးတွေအတွက် ဝမ်းသာပီတိဖြစ်တဲ့စိတ်ကလေး ခံစားရတယ်" ဟု ပြောကြား သည်။

ငြိမ်းချမ်းရေးငှက်များပရဟိတအဖွဲ့ဦးဆောင်သူ ဦးထွန်း ထွန်းဦးက "လူငယ်တွေ၊ ကလေးတွေရဲ့ အနာဂတ်အတွက် ကောင်းရာကောင်းကြောင်းပွဲဖြစ်လို့ နောက်နှစ်မှာ စာပေ ပွဲတော်လုပ်ဖြစ်ရင်လည်း ကူညီဆောင်ရွက်ပေးသွားမှာပါ၊ အခုလက်ရှိ ကလေးစာပေဆိုင်ရာ စာအုပ်များရောင်းချလို့ ရရှိတဲ့အကျိုးအမြတ်တွေကို ကျောင်းရန်ပုံငွေအဖြစ် လှူဒါန်းသွားဖို့ ရည်မှန်းထားပါတယ်" ဟု ပြောကြားသည်။

ဟိတကာရီ ပရဟိတအဖွဲ့၏အတွင်းရေးမှူး ဦးရဲလွင်က "အနာဂတ်ရဲ့ကလေးတွေ အသိပညာဗဟုသုတတိုးပွားစေ မယ့် ဟောပြောပွဲလေးတွေ၊ စာအုပ်ဈေးရောင်းပွဲတော် လေးတွေ အခုလိုပဲရှိစေချင်တယ်။ ဒီပွဲတော်ကို လာကြတဲ့ ကလေးတွေရဲ့ လွတ်လပ်ပေါ့ပါးစွာ စာအုပ်တွေရွေးချယ် ဝယ်ယူနိုင်ပြီး ပြင်ပဗဟုသုတတွေလည်း အများကြီးရရှိစေ လို့ နှစ်စဉ်နှစ်တိုင်း ကျင်းပပေးစေချင်ပါတယ်" ဟု ပြောကြား သည်။

နတ်တလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ





**မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်လဲ့ဝါမြင့်**

ရေးဦးစီးမှူး ဒေါ်လဲ့ဝါမြင့်က "ကျွန်မတို့ဌာနအနေနဲ့ အခုပွဲမှာ စက္ကူခေါက်၊ ဆေးရောင်ခြယ်၊ အရုပ်ဆက် ပြိုင်ပွဲတွေနဲ့ ရှန်တီအဖွဲ့ကပံ့ပိုးထားတဲ့ ကလေးစာပေတွေ ကိုလည်း ကလေးတွေလွတ်လပ်စွာ ဖတ်ရှုနိုင်ဖို့ စီစဉ် ဆောင်ရွက်ပေးထားပါတယ်" ဟု ပြောကြားသည်။

**သတင်း-ဇေယျာထွန်း(ကြို့ပင်ကောက်)**
**ဓာတ်ပုံ-ပေါက်စ(မင်းလှ)**

ရွှေထီပ်တန်း Ph:09-5403844, 09-5044830
• ပြည်၊ အကောက်တောင် 22000 • ရှင်သီဝလိခြေတော်ရာ၊ စပ်လဲရေတံခွန် 20000
• တောင်ငူ၊ သံတောင်၊ ပသီချောင်း၊ နော်ဘူဘောတောင်၊ မြတ်စောညီနောင် 30000
• ဘားအံဂူ(၅)ဂူ၊ ကျိုက်ထီးရိုး၊ ကျုံထော်ရေတံခွန်၊ ချစ်သူမြင်ဥယျာဉ် 30000
• ဘားအံဂူ(၅)ဂူ၊ မော်လမြိုင်ဘုရားစုံ၊ ကျိုက္ကမီ၊ စက်ခကမ်းခြေ 35000

## ပျောက်ဆုံးကြောင်း

ကနီမြို့နယ်၊ ယာကြီးအုပ်စု ရေယဉ်ရွာနေ မဇင်မာထူး [၅/ကနန(နိုင်)၀၈၄၈၄၅]၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၈၃၁၀၃၄၆**

## မွန်ပြည်နယ်၊ သထုံမြို့ အထက(၁) မြတ်ဆရာပူဇော်ပွဲ

သထုံမြို့၊ အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၁၂-၁-၂၀၁၉ရက် (စနေနေ့) ညနေ ၃း၀၀နာရီတွင် သထုံမြို့ အထက(၁) နဝဒေးခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဆရာကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့**

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ သမင်သတ်ကျေးရွာနေ မသီတာဝင်း [၅/ယမပ(နိုင်)၀၉၉၀၉၂]၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၈၀၄၄၆၉၉**

"မနောဖြူ"
အိမ်ခြံမြေအကျိုးဆောင်
မြောက်ဒဂုံ၊ အရှေ့ဒဂုံနှင့်
ဒဂုံဆိပ်ကမ်းတောင်ပိုင်းရှိ
မြေကွက်များဝယ်လိုသည်။
ပွဲခပေးရန်မလို။
ဆက်သွယ်ရန်-မဖြူ
09-250002947

# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့် ကျောက်တံခါးမြို့နယ်အသင်း (ရန်ကုန်)၏ နာယကကြီး **ဒေါ်စန်းစန်းရီ** (ဥက္ကဋ္ဌ၊ Super One Holdings Co.,Ltd)အား **သုဓမ္မသီဂီတွဲ့**တံဆိပ်ကို ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ကျောက်တံခါးမြို့နယ်သူ၊ မြို့နယ်သားများနှင့်အတူ လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ဘာသာသာသနာအကျိုးကို ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)**

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉) ဖြင့် သူရဲကောင်းမှတ်တမ်းဝင် [ခိုလုံလီရှောတိုင်းရင်းသားဥက္ကဋ္ဌနှင့် (၂၁) ရာစုပင်လုံညီလာခံကိုယ်စားလှယ်] ဦးကျော်မြင့်၏ ဇနီး **ဒေါ်ဝင်းမြင့်**အား (၇၁) နှစ်မြောက်လွတ်လပ်ရေးနေ့ မင်္ဂလာအခါသမယတွင် **သီရိသုဓမ္မသီဂီတွဲ့** တံဆိပ်တော်ကို ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အမျိုးဘာသာသာသနာအကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

**ချစ်ခင်ပွန်း - ဦးကျော်မြင့် [သူရဲကောင်းမှတ်တမ်းဝင်၊ ခိုလုံလီရှောတိုင်းရင်းသား ဥက္ကဋ္ဌနှင့် (၂၁) ရာစုပင်လုံညီလာခံကိုယ်စားလှယ်]**
**ချစ်သမီးကြီး- မသီတာဦး-သမက် ကိုကျိန်တာ (Hot Pot King)**
**ချစ်သားကြီး- ကိုညဏ်လင်းဦး (ပန်းဆေးပြည်သူ့စစ်ခေါင်းဆောင်)**
**ချွေးမ မအားဟုန်**
**ချစ်သားလတ်-ကိုဇော်လင်းဦး (Director, Royal Pansay Co.,Ltd)**
**ချွေးမ Ooi Chuan Mei @ Jeesyn**
**ချစ်သားငယ် - ကိုထွန်းလင်း(Director, Royal Pansay Co.,Ltd**
**ချစ်မြေးမကြီး - Victoria @ Vi Vi (Grade 5, ISY)**
**ချစ်မြေးမ - Elizabeth Yang @ သုန္ဒရီ @ ရန်မင်မင့် (Grade 4, YIS)**
**ချစ်မြေးကြီး - Victor @ Lu Lu (Grade 1, MIS)**
**ချစ်မြေးငယ်- ချန်ဝေယံလင်း @ ရန်မင်ကျယ် (Gymboree)**

သင့်
ကြော်
ငြာ
မ
လောင်
ပါ
စေ
နှင့်

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၇) မြေကွက်အမှတ်(၈၄၂) ဧရိယာ(၄၀ ပေ × ၆၀ ပေ)ရှိသည့် ဦးဟန်သိန်း(CA-၀၀၃၆၃၃)အမည်ပေါက် ပါမစ်မြေကွက် အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း


အထက်ဖော်ပြပါမြေကွက်( အရပ်အခေါ်-အမှတ်(၈၄၂) သမာဓိလမ်း (ပ/၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် )ကို ဒေါ်ရည်ရည်မွန်( ၁၂/သဃက(နိုင်)၀၈၃၀၀၀) က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းရှင်းစွာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါကြောင်း နှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေကမှုဂျီက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသ(စရန်ငွေ)များ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ

| | |
|---|---|
| ဦးသန့်ခင် ( LL-B ) | ဒေါ်မာန်ခန္တနိုင် ( LL-B ) |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၇၃၄၄) |
| Ph-09-253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀) ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။



ဆရာရှင်မင်း(B.A)
မနောစွမ်းအား
09-421164758,09977226292

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၂၄-က+ခ)ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ (၈)ထပ်ခွဲတိုက်ရှိ (၄)လွှာတိုက်ခန်းကို ဦးဝင်းဆွေ(ကန်ထရိုက်တာ ဝတီဦးဆောက်လုပ်ရေး)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၅-၁-၂၀၁၉ရက်တွင် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းချိုဦး LL.B,D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၇၀/၂၀၁၁)**
**ဖုန်း-၀၉-၇၃၀၃၆၁၃၉**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ မစန္ဒာဝင်း [၁၂/ရပသ(နိုင်)၀၂၄၇၈၇] နှင့် မောင်အောင်စည်သူထွန်း [၁၂/တကန(နိုင်)၁၁၃၄၀၈]တို့သည် ၅-၁-၂၀၁၉ ရက်တွင် သက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **မစန္ဒာဝင်း** | **ဒေါ်နုနုလွင် ( LL.B)** |
| **[၁၂/ရပသ(နိုင်)၀၂၄၇၈၇]** | **အထက်တန်းရှေ့နေ(စဉ်-၄၅၉၈၅)** |
| | **အမှတ်(၄၉၃)၊ အခန်း(၁)၊ ပထမထပ်၊** |
| | **နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊** |
| | **မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၇၇၈၀၃၄၆၈၉** |

သင့်သွေးဖြင့် အသက်ကယ်ပါ

## “အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း”

မြန်မာသက္ကရာဇ် ၁၃၈၀ ခု၊ နတ်တော်လပြည့်ကျော် (၁၃) ရက် ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ (၄) ရက်၊ (၇၁) နှစ်မြောက် ၊ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၊ နိုင်ငံတော်သမ္မတရုံး အမိန့် ကြော်ငြာစာ အမှတ် ၁ / ၂၀၁၉ ဖြင့် ချီးမြှင့်သော **“သီရိသုဓမ္မသိင်္ဂီ”** ဘွဲ့တံဆိပ်ကို ထိုက်တန်စွာရရှိသော **ဒေါ်လှယဉ်ဝင်း** Managing Director , Pride Myanmar Co., Ltd. - Pride International School Myanmar အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် ရှေ့ဆက်၍ ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာစွာဖြင့် ချစ်သောမိသားစုနှင့်အတူ အမျိုးဘာသာ သာသနာတော်အကျိုး၊ နိုင်ငံနှင့်လူမျိုးအကျိုးတို့ကို ဆတက်တိုး၍ စွမ်းဆောင် နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ချစ်ခင်ပွန်း ဦးထွန်းရွှေ**

**သမီး မသူသူ ၊ သား မောင်စင်မြတ်**

## အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အမိန့် ကြော်ငြာစာအမှတ် - ၁/၂၀၁၉ နတ်တော်လပြည့်ကျော် ၁၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ **ဒေါ်ခင်ငြိမ်းဦး(ခ)ဒေါ်စနိုး** အား သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**ခင်ပွန်း၊ သား၊ သမီး၊ မြေး**

## လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့် ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် **ဒေါ်နန်းသက်စုလှိုင်ထွန်း** (မိုးမာဃသီးနှံပွဲရုံ)အား ၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ မင်္ဂလာအခါသမယတွင် **“အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ”** ဘွဲ့တံဆိပ်တော်ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်းခံရသည့် အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုး၊ တိုင်းပြည်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

**မိုးမာဃသီးနှံပွဲရုံ**

**ဝန်ထမ်းများမိသားစု**

**Khayann Treasure Land Co.,Ltd.**
**KTL Construction & Home Decoration**

အိမ်အတွင်း၊ အပြင် နိုင်ငံတကာဒီဇိုင်းများဖြင့်အလှဆင်ပေးခြင်း။
PAE လုံးချင်းအိမ်များနှင့် Steel Structure များ တည်ဆောက်ပေးခြင်း။
Home Renovation များ ပြုပြင်မွမ်းမံပေးခြင်း။
အခန်းဖွဲ့ခြင်းလုပ်ငန်းများ အုတ် Partition ၊ အလူမီနီယံ၊ မှန်၊ Composite P.V.C များဖြင့် အခန်းဖွဲ့ပေးခြင်း။ Celing မျက်နှာကြက်များဖြင့် အလှဆင်ပေးခြင်း။ အိမ်အတွင်းအပြင် ဆေးသုတ်ခြင်းလုပ်ငန်း၊ ကြွေပြားကပ်ခြင်း/ခင်းခြင်း၊ ပါကေးခင်းခြင်း၊ အလူမီနီယံများ၊ Composite များ Deisign များဖြင့် အလှဆင်ခြင်း။ အလူမီနီယံ Slide Door ၊ သံပန်း၊ Sunshade ၊ စတီးလ်၊ လီဗာတံခါးများ တပ်ဆင်ခြင်း။
No.42, 94 Street, Mingalar Taung Nyunt Township,Yangon, Myanmar.Tel : 09-73242372, 09-420127578, 09-421126097

ဥတုရာသီ တောကိုမှီ၏

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ ရှင်စောပုလမ်း၊ တိုက်အမှတ်(၁၇)၊ WINDSOR TOWER (၁၂)ထပ်ခွဲတိုက်ရှိ ၇-လွှာ၊ အခန်းအမှတ် (၇၀၃)ဟုခေါ်တွင်သော အကျယ်(၁၅၀၀) စတုရန်းပေခန့်ရှိသော ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်စိန်မြ [၁၂/အစန(နိုင်)၀၁၄၁၃၂] မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးလှဝေ(စဉ်-၇၁၂၄)၊ ဒေါ်ဘီဘီသိန်း(ခ) ဒေါ်ဘေဘီ(စဉ်-၈၇၉၁)၊ ဒေါ်ဖြိုးဖြိုးမြင့် (စဉ်-၁၁၅၇၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂၊ ၀၉-၄၃၁၁၅၄၃၂**

### ဖခင်အမည်မှန်

ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်၊ နဝရတ်၊ အလက စတုတ္ထတန်း(ခ)မှ မောင်အောင်ကောင်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်နိုင် [၁၀/ကထန(နိုင်)၁၉၂၈၄၄]ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်နိုင်**

### ပျောက်ဆုံးခြင်း

ကျွန်တော်ဦးတင်ထွန်း [၁၂/ကမတ(နိုင်)၀၅၄၄၇၀] ကိုင်ဆောင်သော (စမဒ-၁၃၉/၉၆) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၃၅၁၁၉၈၀

Air.con ရေကျလို့လား? Servicing လုပ်လိုက်ရင် ကောင်းသွားမှာပါ။



**AAS Air.con Services**
- သသင်္ဃန်းကျွန်း ဆိုင်ခွဲ 01-573811,578957
- တာမွေ ဆိုင်ခွဲ 09-5054228
- မြောက်ဒဂုံ ဆိုင်ခွဲ 09-8614140
- လမ်းမတော် ဆိုင်ခွဲ 09-420033454
- မန္တလေး ဆိုင်ခွဲ 09-450236294 09-772013711

# အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့်

## (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင်

## ဦးကျော်ဝေယျ (Managing Director)

## Diamond Wall Construction Co., Ltd.

အား **"သီဟသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်ချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အမျိုးဘာသာ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Diamond Wall Construction Co., Ltd.**

**ကုမ္ပဏီဝန်ထမ်းများ(နေပြည်တော်)**

---

### "အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ နတ်တော်လပြည့်ကျော် ၁၃ရက် (၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့ မင်္ဂလာအချိန်အခါသမယတွင် နိုင်ငံတော်သမ္မတမှ သာသနာတော်ဆိုင်ရာ **"သီဟသုဓမ္မာသိင်္ဂီ"** ဘွဲ့တံဆိပ်တော်အားချီးမြှင့်ခြင်းခံရသည့် **"ဒေါ်လှကြည်(ခ)ဒေါ်ရီရီမြင့်"**နှင့် **"သုဓမ္မာသိင်္ဂီ"** ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံရသည့် **"ဒေါ်သင်းသင်းလင်း"**တို့အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နောင်တွင် အမျိုးဘာသာ သာသနာအကျိုးများကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**"ကြယ်စင်နန်းတော် စိန်ရွှေရတနာဆိုင်မှ ဝန်ထမ်းများ"**

---

### သီဟသုဓမ္မသိင်္ဂီ "ဒေါ်ဝေဝေ" အတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၉ ဖြင့်သီဟသုဓမ္မသိင်္ဂီ ဘွဲ့ထူးချီးမြှင့်ခြင်းခံရသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရပ်ကွက်၊ ကမ္ဘောဇလမ်းသွယ် (၁)၊ အမှတ် (၈၀/ပီ)နေ စစ်တက္ကသိုလ် အမှတ်စဉ် (၁၁)မှ ဝဏ္ဏကျော်ထင် ဦးဉာဏ်ထွန်းအောင် ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ၏ဇနီး ဒေါ်ဝေဝေအတွက် သူငယ်ချင်းမိသားစုများက ချီးကျူး၊ ဂုဏ်ယူဝမ်းမြောက် မှတ်တမ်းတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ် (၁၁) မှ သူငယ်ချင်း မိသားစုများ**

---

### သီဟသုဓမ္မမဏိဇောတဓရ "ဦးချစ်ခိုင်" အတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၉ ဖြင့်သီဟသုဓမ္မမဏိဇောတဓရဘွဲ့ထူး ထပ်ဆင့်ချီးမြှင့်ခြင်းခံရသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် မြောက်ပိုင်း (၃၄)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ် (၂၉)နေ စစ်တက္ကသိုလ် အမှတ်စဉ် (၁၁)မှ သုဓမ္မမဏိဇောတဓရ ဦးချစ်ခိုင်အတွက် သူငယ်ချင်းမိသားစုများက ချီးကျူး၊ ဂုဏ်ယူဝမ်းမြောက် မှတ်တမ်းတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ် (၁၁) မှ သူငယ်ချင်း မိသားစုများ**

---

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**

---

### အထူးကျေးဇူးတင်လွှာ

ဦးမြင့်ကြည်-ဒေါ်မျိုးမျိုးသက်တို့၏ ၄-၁-၂၀၁၉ရက်တွင် ရွှေမန်းကျောင်းတိုက်၌ ကျင်းပပြီးစီးသော ရဟန်းခံရှင်ပြုနားသ မဟာဒါနအလှူတော်မင်္ဂလာသို့ မေတ္တာရှေ့ထား၍ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းအပေါင်းအားလည်းကောင်း၊ အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ ရှင်ပြုနားသ မင်္ဂလာ အကောင်းဆုံးဝတ်စုံများအား ဆင်မြန်းပေးပါသော သီတဂူမိသားစုအားလည်းကောင်း၊ အလှဖန်တီးရှင်မိတ်ကပ်(ဉာဏ်ဉာဏ်)(လှည်းတန်း)နှင့်အဖွဲ့အားလည်းကောင်း၊ ဗုဒ္ဓဝိဟာရ မင်္ဂလာစည်တော်အဖွဲ့အားလည်းကောင်း၊ မှတ်တမ်းတင်ရှိပါကြောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပေးသော ကိုအာသာနှင့်အဖွဲ့အားလည်းကောင်း၊ အလှူရှင်မိသားစုတို့မှ ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ တစ်ဦးချင်းတစ်ယောက်စီအား အလှူရှင်မိသားစုမှ လှိုက်လှဲစွာကျေးဇူးဥပကာရ အထူးကျေးဇူးတင်ရှိပါကြောင်း။

**အလှူဒါယကာ ဦးမြင့်ကြည်-အလှူဒါယိကာမ ဒေါ်မျိုးမျိုးသက်**
**မိသားစု**

---

### ရန်ကုန်စီးပွားရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန သင်တန်းဆင်းပွဲအတွက် ဓါတ်ပုံနှင့်ဗီဒီယိုရိုက်ကူးခွင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ ခေါ်ယူသည့်တင်ဒါ - ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၏ လက်မှတ်ရသင်တန်းနှင့်ဒီပလိုမာသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားတွင် ဘွဲ့နှင်းသဘင်ခန်းမအတွင်း ဓါတ်ပုံရိုက်ကူးရေးလုပ်ငန်း

၂။ တင်ဒါသက်တမ်း - (၂၂-၁-၂၀၁၉) မှ (၂၃-၁-၂၀၁၉)

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်) သင်တန်းရေးရာဌာန

၄။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်-၇-၁-၂၀၁၉ ရက် (တနင်္လာနေ့)

၅။ တင်ဒါတင်သွင်းရမည့်နောက်ဆုံး-၁၁-၁-၂၀၁၉ ရက် (သောကြာနေ့) ရက်၊ အချိန်၊ နေရာ နံနက်(၁၁:၀၀)နာရီ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်) သင်တန်းရေးရာဌာန

၆။ အသေးစိတ်အချက်အလက်များကို အထက်ပါတင်ဒါပုံစံ ရောင်းချမည့် နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊တယ်လီဖုန်းအမှတ်(၅၂၆၆၁၃၊၀၉၇၃၂၄၁၀၀၈)သို့ဖြစ်စေ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရန်ကုန်စီးပွားရေးတက္ကသိုလ်

---

### ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးဝင်းခိုင်၏ ဒုတိယတန်းစက်ခန်းအုပ်လက်မှတ် အမှတ်-စမဒ-၁၆၂/၂၀၁၈ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၀၁၉၀၇၃၇**

---

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ထားဝယ်စုရပ်၊ သီရိမင်္ဂလာလမ်းနေ (ဘ)ဦးမြင့်အောင်နှင့် (မိ)ဒေါ်ခင်ကြူတို့၏သမီးထွေး မဝေသဇင်ဦး [၆/မမန(နိုင်)၁၈၂၁၇၉]ကိုင်ဆောင်သူသည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများအား အမျိုးမျိုး စိတ်ဆင်းရဲအောင်ပြုလုပ်၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးမြင့်အောင်-ဒေါ်ခင်ကြူ**

---

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြော်ငြာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ(၄)လမ်း၊ အမှတ် (၁၁၃၁/ခ) ဟုခေါ်တွင်သည့် (၂၀ပေ×၆၀ပေ) အကျယ်ရှိ ဦးမင်းမင်းအောင် အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁၆. ၅ပေ×၄၄ပေ) အကျယ်ရှိ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁) ထပ်အိမ်အဆောက်အဦးနှင့် အကျိုးခံစားခွင့် အရပ်ရပ်အား ဝယ်ယူပိုင်ဆိုင်ထားသည်ဟု အဆိုရှိသူ ဦးမင်းမင်းအောင် (ဘ)ဦးကျော်ကျော် [၉/အမဇ(နိုင်)၀၂၁၅၅၆] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးသန်းလွင် (ဘ) ဦးစိန်ရဲ [၁၂/သကတ(နိုင်)၀၇၈၆၄၂] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးအပ်ပြီး ဖြစ်သဖြင့် အထက်ပါ အိမ်မြေနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့် တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပေါင်အနှံ၊ အရှုပ်အရှင်းကင်းသည်ဟု ယူဆပြီး အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးသန်းလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးမောင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၀၁)**
**ရုံး-တိုက်အမှတ်(၁၆)၊ ပထမထပ်၊ (၁၆၄)လမ်း၊**
**တာမွေကြီး၊ (ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-258137753, 09-443196056**

---

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**




စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များ ရှိသည်။ ကြော်ငြာထားသည့် လေယာဉ်နှုန်းများထဲတွင် အခွန်များ နှင့် အပိုဆောင်းခံမှုများ ပါဝင်ပြီး ဖြစ်သည်။ ၂၀၁၉ စက်တင်ဘာ ၃၀ ရက် မတိုင်မီ ပြည်ပ ခရီးထွက်ရန် ၂၀၁၉ ဇန်နဝါရီ ၂၈ ရက် မတိုင်မီ မှာယူခဲ့သည့် လက်မှတ်များ အတွက် ချိုသာသော ဈေးနှုန်းများ ရှိမည်။

## "အရဟံ စေတီ" တည်ကြမည်

ဘုရားဒကာ , ဘုရားအမများ ကြွရောက်ပါရန် ဖိတ်ခေါ်ပါသည်။

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော်အရှင်မြတ် ဦးဆောင်၍ "အရဟံ စေတီ" တည်ပါမည်။ တပေါင်းလပြည့်နေ့ ထီးတော်တင်လှူပါမည်။ တစ်ဦးလျှင် ကျပ်တစ်သိန်း မှုဖြင့်ကုသိုလ်ပါဝင်နိုင်ပါသည်။ [စေတနာ သဒ္ဓါထက်သန်ပါက ပိုမိုလှူဒါန်းနိုင်ပါသည်။]

ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက်၊ (၄၂) ရပ်ကွက်၊ ဗိုလ်မှူး ဗထူးလမ်းမ၊ မြောက်-ဒဂုံ၊ ရန်ကုန်။ ဖုန်း ၀၉ ၇၈ ၇၈ ၇၇ ၉၆၉ [ဘဏ်မှ လွှဲပို့လိုပါက မြောက်ဥက္ကလာပ ကမ္ဘောဇဘဏ်အကောင့်အမည် အရှင်အာစာရာလင်္ကာရ ၀ ၇၀ ၃၀ ၁၀ ၁၆၀၀ ၅၁ ၄၀၀ ၁]


**RUBY** အားနီးလုံးငှားသည်
09-51-77212, 535100, 519100
ခရီးစဉ်မျိုးစုံအတွက် (၄၅)ခုံ၊ (၂၄)ခုံ၊ (၁၆)ခုံ ခရီးသည်တင်ယာဉ်များနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ဒဂုံမြို့သစ်
(တောင်ပိုင်း)၊(ဆိပ်ကမ်း)
မြေကွက်များဝယ်လိုသည်
ဖုန်း -0943075129

## ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး ရာဇာဇော်ဝင်း(LL.B.)နှင့်သာဆက်သွယ်ပါ

*( WIPO,DL-101 Switzerland )*

ရှေးမှမျက်မှောက်ထိလူပသောနာမည်လှလှလေးများကိုခုနှစ်သာဆက်လိုက်ပါကောင်းမွန်၊ တပ်ရက်အစမဲ/မင်္ဂလာဆောင်ကွန်း/စာတာ/ဂဏန်းဗေဒင်အဟောများ/နက္ခတ်အဟောများ/မိတ်နာမည်တွဲသုံးပုံလမ်းညွှန်/တစ်သက်တာဟောစာတမ်းများ/နာမည်ပေးပါရ



ဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးချွန်သောကလေးဖြစ်စေရန်အာမခံသည်ရင်သွေးငယ်၏အနာဂတ်အလုံးစုံပါဝင်သောအကြားအမြင်ဟောစာတမ်းပါဦးမည်ကလေးအတွက်အနုပါသည်နယ်သို့စာတိုက်မှပို့မည်လူကြီးများလိုရာမကွန်ပြူတာဖြင့်နာမည်မပေးပါ။ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ရှုပ်၍ပို့သည်။ အမှတ်-(၉) ဒုတိယဂဝံလမ်းမင်္ဂလာတောင်ညွန့်ရန်ကုန်မြို့ (ပိတ်ရက်မရှိ)
☎01-399136-09401146514-0973009994-095152521

## "အနာဂတ်ဘဝခိုင်မာဖို့ အတတ်ပညာတွေ သင်ယူစို့"

**Diploma in Engineering (UK NQF Level 2,3, 4, 5) သင်တန်းများ**

- Electrical / Electronic Eng , Mechanical Eng , Construction Eng , Refrigeration and Air Conditioning တို့မှနှစ်သက်ရာ ရွေးချယ်တက်နိုင်သည်။
- NQF Level (4) = HNC အဆင့်ကို တစ်နှစ်ခွဲအတွင်း၊ NQF Level (5) = HND အဆင့်ကို နှစ်နှစ်ခွဲအတွင်း ရယူနိုင်ပါသည်။ (၁၀)တန်းအဆင့်သင်ယူဖူးသူတိုင်း တက်ရောက်နိုင်သည်။
- GLORY သည် သင်တန်းကျောင်းသက်တမ်း (၁၄)နှစ် အတွင်းလေ့ကျင့်ပြီးသင်တန်းဆင်း စုစုပေါင်း (၂၀,၀၀၀)ကျော်မွေးထုတ်ခဲ့ပြီး ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုရှင် (၄)ဦးကို မွေးထုတ်ပေးခဲ့ပါသည်။

**GLORY** အမှတ် ၃/၄၊ တထပ်၊ ဗိုလ်မြတ်ထွန်းလမ်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်။ 09-73121717,09-5197817

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၁၀၀/မမ/CE | Neoprene Bearing Pad (248-Nos) ဝယ်ယူရန် |
| ၂ | ၁၀၁/မမ/CE | FFU Synthetic Sleeper (6949-Nos) ဝယ်ယူရန် |
| ၃ | ၁၀၂/မမ/CE | **တိုင်းအမှတ်(၄)ကလော** သာစည်-ရွှေညောင်လမ်းပိုင်းရှိ အောင်ပန်း-ကမ်းနားကြား မိုင်(၃၈၀/၄-၅)ရှိ တံတားအမှတ် (၃၀၅) (3 x20'-0") ခန်းဖွင့်တံတား၏ ရေလည်တိုင်အမှတ်(၁) နှင့် ကမ်းကပ်ခုံအမှတ်(၂)တို့ကို ဖြိုဖျက်၍ အသစ်တည်ဆောက်ခြင်းလုပ်ငန်း |
| ၄ | ၁၀၃/မမ/CE | **တိုင်းအမှတ်(၇)ရန်ကုန်** မလွှကုန်းယာဒ်ဝင်း Pit Line စစ်ဆေးရေးကျင်း (၉)လမ်း အကြီးစားပြုပြင်ခြင်း (၁၂၀၀-ပေ) |
| ၅ | ၁၀၄/မမ/CE | ရန်ကုန်-ပြည်လမ်းပိုင်း၊ သနပ်ချောင်းဘူတာနှင့် ဖလုံဘူတာကြား မိုင်(၄၉/၁၉-၂၀)ရှိ တံတားအမှတ် (၁၃၈)လက်ရှိ 20'-0" Span Girder အစား 40'-0" Span Steel Girder ပြောင်းလဲတပ်ဆင်ခြင်းနှင့် ရန်ကုန်ဘက်ခြမ်း Abutment ပြုပြင်တည်ဆောက်ခြင်း |
| ၆ | ၁၀၅/မမ/CE | **ရန်ကုန်ဘူတာကြီး (Development)** ရန်ကုန်ဘူတာကြီး လက်မှတ်တန်းစီ နေရာတွင် အဆင်ပြေစေရေး အတွက် စတီး လက်ရမ်း များ တပ်ဆင်ပေးခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့် နေ့/အချိန် -အမှတ်စဉ် (၁) (၂၂.၁.၂၀၁၉)(အင်္ဂါနေ့)(၁၄:၃၀)နာရီ
-အမှတ်စဉ် (၂)မှ (၆) (၇.၂.၂၀၁၉)(ကြာသပတေးနေ့)(၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၇.၁.၂၀၁၉) ရက်နေ့မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

## တော်ဝင်စကားပြန်ကုမ္ပဏီလီမိတက်

လိပ်စာ အမှတ်(၃၁)၊ စကားပြန်ြ၊ မဟာမြိုင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဆက်သွယ်ရန်ဖုန်း – 01 – 539980, 2305599, 500555

**ဝန်ထမ်းအလိုရှိသည်။(ပြည်တွင်း၌သာ ခန့်ထားရန်။)**

**(၁) အတွင်းရေးမှူး ကျား/မ(၁)ဦး**

- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူဖြစ်ရမည်။ အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်း ဖြစ်ရမည်။
- ကွန်ပျူတာအခြေခံအသုံးပြုနိုင်သူဖြစ်ရမည်။ အင်္ဂလိပ်စာ(အရေး၊ အဖတ်၊ အပြော) အခြေခံတတ်ကျွမ်းရမည်။
- လိုအပ်ပါကအချိန်ပိုဆင်းနိုင်ရမည်။
- အကျင့်စာရိတ္တကောင်းမွန်၍ ရိုးသားကြိုးစားပြီး ရေရှည်လက်တွဲ လုပ်ကိုင်နိုင်သူဖြစ်ရမည်။
- လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်၍ လစာ ညှိနှိုင်းပေးမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်း၊ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူ၊ ရဲစခန်းထောက်ခံစာနှင့်အတူ ကြော်ငြာပါသည့် နေ့မှစ၍ အထက်ပါ လိပ်စာသို့ လာရောက်လျှောက် ထားနိုင်ပါသည်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## Daw Violet Khin Aung (ခ) ဒေါ်ခင်ဝင်း

အသက် (၉၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကမာကြည်ဥယျာဉ်အိမ်ရာ၊ အမှတ်(S-14)နေ [ဒုဗိုလ်မှူးကြီး ခင်အောင်(ရေ-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဒေါ်စန္ဒာခင်အောင်၊ ဒေါ်သီတာခင်အောင် (ကျောင်းအုပ်ကြီး-ငြိမ်း၊ အထက-သုဝဏ္ဏ)၊ ဦးအောင်ခင်-ဒေါ်သစ်သစ်ပိုင်၊ ဦးနေလ(တရားလွှတ်တော်ရှေ့နေ)-ဒေါ်မာလာခင်အောင်၊ ဒေါ်ဥမ္မာခင်အောင်၊ ဦးဝင်းမြင့်အောင်၊ ဦးခင်အောင်ဝင်း-ဒေါ်အေးအေးလွင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၅-၁-၂၀၁၉ (စနေနေ့) နံနက် ၅း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိခင်ကြီး၏ဆန္ဒအတိုင်း ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးများနှင့် မိတ်သင်္ဂဟများသိစေရန် အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၁၉ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်အရှဏ်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်စန်းရီ (ပခုက္ကူ)

အသက် (၈၈) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၄)လမ်း၊ အမှတ်(၂၀၅/ခ)နေ (ဦးဘိုးဝန်-ဒေါ်ရွှေရင်)တို့၏သမီး၊ (ဦးဘိုးချုပ်-ဒေါ်ပန်းနွယ်)တို့၏သမီးချွေးမ၊ (ရန်ကုန် တပ်ကလပ် အခလွတ်တန်းမြင့်ကျောင်းအုပ်ဆရာကြီး ဦးဘကျော်)၏ဇနီး၊ ဦးကြည်(ရဲအုပ်-ငြိမ်း)-ဒေါ်စိန်လှ၊ ဦးမျိုးညွှန့်(ဒုရဲမှူး-ငြိမ်း)-(ဒေါ်ခင်သန်းဝင်း)၊ ဦးအေးဟန်(အထည်စက်ရုံ-တောင်သာ၊ ငြိမ်း)-ဒေါ်လှချစ်(New General Ltd)၊ ဦးမြင့်ဆွေ (ဒုဦးစီးမှူး-ငြိမ်း၊ ပြန်/ဆက်)-ဒေါ်ရီရီဝင်း၊ ဦးတင်ဌေး၊ (ဒေါ်ကြည်လေး)၊ ဒေါ်အေးအေးနွယ်(ဒုဦးစီးမှူး၊ ကညန-ငြိမ်း)၊ ဗိုလ်မှူးထွန်းထွန်းစန်း (ငြိမ်း၊ ညွှန်ကြားရေးမှူး၊ ပင်စင်ဦးစီးဌာန၊ နေပြည်တော်)-ဒေါ်နီနီစော(National Manager၊ ရိုးမဘဏ်လီမိတက်ရုံးချုပ်၊ ရန်ကုန်မြို့)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁ နာရီတွင် မြောက်ဥက္ကလာပ OSC ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်အေးမြင့်

အသက်(၈၁)နှစ်

ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ကံကွင်းအုပ်စု၊ ပမ္မဝတီကျေးရွာနေ (ဦးဗိုလ်လှ)၏ဇနီး၊ နေပြည်တော်နေ ဗိုလ်ကြီးဌေးအောင်(ငြိမ်း)-ဒေါ်ချိုချိုခိုင်တို့၏မိခင် ဒေါ်အေးမြင့် အသက်(၈၁)နှစ် သည် ၅-၁-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉၈)မှ**
**ကျောင်းဆင်းသူငယ်ချင်းများ**

---

ဝမ်းနည်းကြေကွဲခြင်း

### ဦးဇော်ဝင်း(ဒုရဲမှူး-ငြိမ်း)

အသက်(၇၄)နှစ်

**သူရ(၆)ဖောင်ကြီးရဲအရာရှိသင်တန်းဆင်း**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ အမှတ်(၄၉)၊ ပထမထပ်နေ ဒေါ်မြင့်မြင့်ဝင်း(ခ)ဒေါ်ချိန်မေဟွာ၏ခင်ပွန်း ဦးဇော်ဝင်း (ဒုရဲမှူး-ငြိမ်း)သည် ၄-၁-၂၀၁၉ ရက် ည ၉း၄၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**သူရ(၆)ဖောင်ကြီးရဲအရာရှိဟောင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ဝေဝေကြည်

**ဒုတိယညွှန်ကြားရေးမှူး၊**
**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

အသက် (၅၉) နှစ်

ရန်ကုန်မြို့၊ အမှတ်(၈၁)၊ နတ်စင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးဝင်းမောင်)-ဒေါ်ခင်ကြည်တို့၏သမီးကြီး ဒေါ်ဝေဝေကြည်သည် ၆-၁-၂၀၁၉ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ ဝန်ထမ်းမိသားစုများ**
**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးခင်မောင် (ဆက်သွယ်ရေး)

အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ ရောဝတီရေတပ်စခန်းဌာနချုပ်၊ ရောမြိုင်လမ်း၊ အမှတ်(၇)နေ (ဦးမောင်ချိန်-ဒေါ်အေးကြည်)တို့၏သား၊ ဒေါ်ခင်သိုက်၏ခင်ပွန်း၊ (ဦးမြင့်လွင်)၊ ဦးမျိုးလွင်-ဒေါ်ဌေးရှင်၊ ဦးဝင်းမြင့်-(ဒေါ်ခင်နှင်းလွင်)၊ ဒေါ်အေးအေးဟန်၊ ဗိုလ်မှူးချုပ်ထိန်ဝင်း(တပ်မတော်-ရေ)-ဗိုလ်ကြီးဒေါ်သီတာလွင်(ငြိမ်း)၊ ဒေါ်စန္ဒာလွင်တို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၅-၁-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၇)၊ ရောမြိုင်လမ်း၊ ရောဝတီရေတပ်စခန်းဌာနချုပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

### ဦးဇော်ဝင်း

အသက် (၇၄) နှစ်

ရန်ကုန်မြို့နေ (ဦးလှမြင့်-ဒေါ်သန်းဆွေ)တို့၏သားကြီး၊ တာချီလိတ်မြို့နေ (ဦးစိန်ဝင်းကြည်-ဒေါ်လှိုင်ကင်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ အမှတ်(၄၉)၊ ပထမထပ်နေ ဒေါ်မြင့်မြင့်ဝင်း (ခ) ဒေါ်ချိန်မေဟွာ၏ခင်ပွန်း၊ ဒေါ်အေးပပဝင်း-ဦးမြတ်ဇော်မင်း၊ ဦးဗိုလ်ကျော်ကျော်သိန်းဝင်း-ဒေါ်စန္ဒာလွင်၊ ဒေါ်အေးကြည်စမ်း-ဦးအောင်ညီညီတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ကောင်းစည်သူ၊ မောင်ကောင်းစည်သာ၊ မောင်မြတ်သူကို၊ မောင်ဘုန်းမြတ်သူ၊ မောင်လင်းမြတ်မင်းတို့၏ချစ်လှစွာသောအဘိုးသည် ၄-၁-၂၀၁၉ ရက် ည ၉း၄၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### မောင်စည်သူလင်းမြတ် (၁၀)နှစ်

**(Grade-IV, B၊ အထက-၆၊ ဗိုလ်တထောင်)**

ရန်ကုန်မြို့နေ(ဦးသန်းဌေး-ဒေါ်သိန်းကြည်)(ဦးပြည်သိမ်း-ဒေါ်အုန်းမြင့်)တို့၏မြေး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇/အနောက်)ရပ်ကွက်၊ ဇိနမာန်အောင်ဘုရားလမ်း၊ အမှတ် (၁၀၇၂)၊ တတိယထပ်(A+B)နေ ဦးအောင်ကိုကို-ဒေါ်မြမြသိန်းတို့၏သားကြီး၊ မအိမ့်မှူးအောင်၊ မအိမ့်ဖူးအောင်(KG-A၊ အထက-၄၊ ဗိုလ်တထောင်) အမြွာညီအစ်မတို့၏အစ်ကိုသည် ၄-၁-၂၀၁၉ (သောကြာနေ့) ည ၉း၃၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဦးငြိမ်းမောင်(ကျိုက်လတ်မြို့)

အသက်(၉၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ အပိုင်း(၃)၊ ဂန္ဓကော်ရိပ်သာလမ်း၊ အမှတ် (၃၅၂)နေ ဒေါ်တင်တင်ဝေ၏ခင်ပွန်း၊ ဦးစိန်ဝင်း-ဒေါ်ချိုမာ၊ မသန်းသန်းနု၊ ကိုသန်းနိုင်-မလင်းလင်းထွန်း၊ မခင်သန့်ဇင်၊ မောင်ထိန်လင်း၊ ဦးသိန်းဝင်း-မဥမ္မာငြိမ်းတို့၏ဖခင်၊ မအေးသူသူသော်၊ မောင်ရဲနိုင်လင်း၊ မောင်ဘုန်းပြည့်နိုင်၊ မောင်ကံရာဇာ၊ မောင်ကောင်းရာဇာ၊ မချမ်းမြေ့လင်းလက်၊ မောင်သွင်ထူးအောင်တို့၏ဘိုးဘိုး ဦးငြိမ်းမောင်သည် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

### ပုသိမ်အသင်း(ရန်ကုန်)

### ဦးကြည်လွင်

အသက်(၇၃)နှစ်

ပုသိမ်မြို့၊ မာတရပ်နေ (ဦးလှိုင်ဟုတ်)-ဒေါ်ယိုဝါးတို့၏သား၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ တတိုင်းမွှေးလမ်း၊ အမှတ်(၅၁/၂)နေ ပုသိမ်အသင်း(ရန်ကုန်)အမှုဆောင် ဒေါ်လှလှမြင့်၏ ခင်ပွန်း၊ မလဲ့လဲ့ချို၊ ဒေါက်တာသဲစုစုမျိုးတို့၏ ဖခင်၊ ရာသက်ပန်အသင်းဝင် ဦးကြည်လွင် (ရာ/၁၆၂၆)သည် ၃-၁-၂၀၁၉(ကြာသပတေးနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

### ဦးတင်လှိုင်

အသက်(၆၅)နှစ်

**မြန်အောင်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာလမ်း၊ လမ်း(၅၀)ထောင့်၊ အမှတ်(၁၁၃)၊ ညာ(၇/၈)လွှာနေ (ဦးချိန်ဟုတ်-ဒေါ်ရင်တီ)တို့၏ သား၊ ဒေါ်ရီရီခိုင် ၏ ချစ်လှစွာသောခင်ပွန်း၊ (ကိုနေမျိုးလှိုင်)-မအိရွှေစင်၊ ကိုထွန်းဝင်းအောင်-မဖြူသန့်ခိုင်၊ ကိုဇေယျာမျိုးလှိုင်-မအေးခိုင်ခိုင်မြင့်၊ စဝင်းဆွေ-မချိုဇင်၊ မဝတ်ရည်နှင်းတို့၏ မွေးသဖခင်၊ မမျိုးထိပ်ထား၊ မောင်လင်းဘုန်းမြတ်၊ မောင်ဟန်ထူးဇော်တို့၏အဘိုးသည် ၅-၁-၂၀၁၉ (စနေနေ့) နံနက် ၁၁း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဒေါ်ဝေဝေကြည်

အသက်(၅၉)နှစ်

**ဒုတိယညွှန်ကြားရေးမှူး**
**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ**
**ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ပို့ဆောင်ရေးနှင့်**
**ဆက်သွယ်ရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၈၁)၊ နတ်စင်လမ်းနေ (ဦးဝင်းမောင်)-ဒေါ်ခင်ကြည်တို့၏ သမီးကြီး၊ (ဦးဘိုနီ)၊ (ဦးဘိုဝါ)၊ ဦးမိုးကြည်ဖြူ၊ (ဦးကျော်စွာမြင့်)-ဒေါ်သိန်းသိန်းဦး၊ ဦးမင်းဟန်-ဒေါ်သီဂီဝင်း(Germany)၊ ဦးငယ်လေး-ဒေါ်ခင်မမထွေးတို့၏ အစ်မ၊ မမေဖြူဖြူမြင့်၊ မအေးနန္ဒီလွင် (MMA)၊ မရတနာလွင်၊ မအိမ့်ရတီလွင်တို့၏ ကြီးကြီး ဒေါ်ဝေဝေကြည်သည် ၆-၁-၂၀၁၉ ရက် နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မြင့်ရီ (ခ) ဒေါ်ဖွားကြီး (ကျောက်တန်း)

အသက် (၈၉) နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၅၁)၊ ငုဝါလမ်းနေ ဦးကျင်မောင်၏ဇနီး၊ ဦးမောင်မောင်-ဒေါ်ခင်ခင်ဆွေ၊ ဦးကြီးရှိန်-ဒေါ်တင့်တင့်၊ ဦးခင်မောင်စိုး၊ ဦးအုန်းဝင်း-ဒေါ်နန့်ပါမလာထွန်း၊ (ဒေါ်မေမေသန်း)၊ ဦးအုန်းလင်း၊ ဦးထွန်းဝင်း-ဒေါ်သန်းသန်းတင့်တို့၏မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၅-၁-၂၀၁၉ (စနေနေ့) နံနက် ၁၁း၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဦးသိန်းအောင်

အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေအရှေ့(၃)လမ်း၊ အမှတ်(၂၃)နေ (ဦးပွ-ဒေါ်ကြာညို)တို့၏ သား၊ ဒေါ်သန်းစိန်(ခ)ဒေါ်ဝတုတ်၏ခင်ပွန်း၊ ဦးဝင်းနိုင်-ဒေါ်ဘေဘီ၊ ဦးသက်ထွန်း-ဒေါ်ခင်ခင်ရီ၊ ဦးထွန်းလင်းကျော်-ဒေါ်ခင်ဝင်းမြင့်၊ ဦးသော်တာထွေး-ဒေါ်အေးသန္တာဦး၊ ဦးဗိုလ်ဗိုလ်အောင်-ဒေါ်ခင်မာအောင်တို့၏မွေးသဖခင်၊ မြေး ၁၃ ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၅-၁-၂၀၁၉ (စနေနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကျိုစုအအေးတိုက်မှ ကျိုစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဒေါ်ကျင်စိန် (နတ်တလင်း)

**စက္ကူ-ဓာတ်ပုံ (ကုန်သွယ်ရေး-၉)**

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အဿက(၂၆)လမ်း၊ အမှတ်(၇၈၆/က)၊ ငါးလွှာနေ (ဦးဘိုးတင်-ဒေါ်ရီ)တို့၏သမီး၊ ဦးမြင့်သိန်း၏ဇနီး၊ (ဦးအေးကြူ)-ဒေါ်အေးအေးမြင့် တို့၏ အစ်မ၊ ဦးဆန်းနိုင်-ဒေါ်လဲ့လဲ့ဝင်း၊ ဒေါ်ထားထား(ခိုင်ချောင်းသာဟိုတယ်)တို့၏မိခင်၊ ဦးမြခိုင်-ဒေါ်အေမီမွန်တို့၏အဒေါ်၊ မဆုလဲ့ဝေ(KBZ သစ္စာလမ်းဘဏ်ခွဲ)၊ မဆုမေသော်၊ မောင်ဟိန်းသူထက်၊ မောင်အေခန့်သူတို့၏အဘွားသည် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၄း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၉ (အင်္ဂါနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဦးအောင်ခင် (၆၁)နှစ်

**(ယခင်ဆေးသုတေသန)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ထွန်းသီရိလမ်း၊ (၃၀)ရပ်ကွက်၊ အမှတ်(၁၅/ခ)နေ (ဦးဘိုကြီး-ဒေါ်ကျင်ပို့)တို့၏သား၊ ဦးမောင်မောင်-ဒေါ်မြင့်မြင့်ကြည်(တောင်ကြီး)၊ ဦးသိန်းသန်း-ဒေါ်တင်တင်ဝင်း၊ (ဦးမြင့်ဦး-ဒေါ်မြနု)၊ (ဦးရဲမြင့်)-ဒေါ်တင်တင်မြင့်၊ ဒေါ်သောင်းသောင်းတို့၏ ညီ/မောင်၊ (ဦးချမ်းသာ)-ဒေါ်မူမူဝင်းတို့၏အစ်ကိုသည် ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၈ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### မောင်ဝေယံဖြိုး

အသက် (၂၃)နှစ်

ရွှေပြည်သာမြို့နယ်နေ (ဦးလှစောမောင်)-ဒေါ်သောင်းညွန့်တို့၏ မြေးကြီး၊ ဦးအောင်ဝင်း-ဒေါ်မိုးမိုးမြင့်တို့၏ သားကြီး၊ (ဦးလှညွှန့်-ဒေါ်ခင်လှိုင်ဦး)တို့၏ သားသမက်၊ (ဦးကိုကိုလွင်)-ဒေါက်တာဒေါ်ခင်မျိုးသန့် (တွဲဖက်ပါမောက္ခ-မြိတ်တက္ကသိုလ်)တို့၏ တူ/သားမက်၊ မောင်ဖြိုးမင်းကျော်၊ မောင်ရဲလင်းအောင်တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ဒေါပုံမြို့၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၉)၊ ငါးလွှာ(A)နေ မနှင်းဝတ်ရည်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်လင်းဘုန်းမြတ်၏ မွေးသဖခင်ကျေးဇူးရှင်သည် ၄-၁-၂၀၁၉ (သောကြာနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### မဟာသဒ္ဓမ္မဇောတိကဓဇ၊ သီတဂူ ဦးဟန် (BA.BL)

**တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်(ရွှေတောင်မြို့)**
**သီတဂူအပြည်ပြည်ဆိုင်ရာသာသနာပြုအဖွဲ့၊**
**သက်တော်ရှည်ဂုဏ်ထူးဆောင် ဥက္ကဋ္ဌကြီး**
**ဆူးလေစေတီတော်ဂေါပကအဖွဲ့ဝင်(ငြိမ်း)**

ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး၊ ပရိယတ္တိစာသင်တိုက်ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့၊ မလွန်ဆန်လျှအသင်းကြီး အောက်မြန်မာပြည်တာဝန်ခံ၊ ပန်းဘဲတန်းမြို့နယ်၊ မလွန်ဆန်လျှသင်းထောက်ဥက္ကဋ္ဌကြီး အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ နာယက အသက်(၉၅)နှစ်သည် ၄-၁-၂၀၁၉ (သောကြာနေ့) နံနက် ၁၀း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သီတဂူဦးမြတ်သူ (အာရှတော်ဝင်)-ဒေါက်တာခင်ချိုဦး (တော်ဝင်)**
**သီတဂူ ဦးကျော်ညွန့်ရည်-ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ)**

# MFF ချာရတီဖလားပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း အနိုင်ရဗိုလ်စွဲ



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ရှမ်းယူနိုက်တက်အသင်းအား ဆုဖလားချီးမြှင့်စဉ်။

**ရန်ကုန် ဇန်နဝါရီ ၆**

၂၀၁၉ ရာသီကြို MFF ချာရတီဖလားပြိုင်ပွဲကို ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်အသင်း ပင်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရဗိုလ်စွဲခဲ့သည်။

**ရှမ်းယူနိုက်တက် - ငါးဂိုး**
**ရန်ကုန် - လေးဂိုး**

ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့ မိနစ် ၉၀ တွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်နေ၍ ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ ရှမ်းယူနိုက်တက်အသင်းက ပင်နယ်တီသွင်းဂိုး အပါအဝင် ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရကာ ချာရတီဖလားကို ဒုတိယအကြိမ် ရယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီတွင် ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရန်ကုန်အသင်းအား ရှုံးနိမ့်ခဲ့သည့်ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ချာရတီဖလားကို လေးကြိမ်မြောက်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းကို ဒုတိယအကြိမ် အရှုံးပေးခဲ့ရသည်။

ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ကစားပုံပိုကောင်းခဲ့ပြီး ဂိုးဖန်တီးမှုပိုမိုပြုလုပ်နိုင်ခဲ့သည်။ ၂၅ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း ဂိုးစရခဲ့ပြီး မေကွန်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ကစားပုံပိုကောင်းခဲ့ပြီး ၃၄ မိနစ်တွင် ရွှေကို၏ ကန်ချက်တိုင်ထိထွက်ခဲ့၍ ရှမ်းယူနိုက်တက်အသင်း နစ်နာခဲ့ရသည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး ငါးဦးစလုံး လူစားလဲခဲ့သည်။ ဒုတိယပိုင်းအစတွင် ရန်ကုန်အသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၅၂ မိနစ်တွင် **စာမျက်နှာ ၄ ကော်လံ ၄ သို့** ○


ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံ၌ ဆေးလိပ်ငွေ့ကင်းစင်နယ်မြေအဖြစ် လူထုလှုံ့ဆော်လှုပ်ရှားပွဲအခမ်းအနား ကျင်းပစဉ်။

# ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်အား ဆေးလိပ်ငွေ့ကင်းစင်နယ်မြေအဖြစ် သတ်မှတ်

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်အား ဆေးလိပ်ငွေ့ကင်းစင်နယ်မြေအဖြစ် ယနေ့မှစ၍ သတ်မှတ်လိုက်ပြီး လူထုလှုံ့ဆော်လှုပ်ရှားပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်)ဦးမောင်မောင်စိုးက ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှု ကင်းစင်စေရေးကို အဓိကထားကာ လူမှုအကျိုးပြုလုပ်ငန်းတစ်ခုအနေဖြင့် ပထမခြေလှမ်းဖြစ်ကြောင်း၊ ဆေးလိပ်ငွေ့ကင်းစင်ရေးသည် လူထုအပေါ်မူတည်ပြီး သက်ဆိုင်ရာက ပံ့ပိုးကူညီရန်တာဝန်ရှိကြောင်း အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

"အဓိကကတော့ ဆေးလိပ်သောက်တဲ့လူထက် မသောက်တဲ့လူတွေကို အကာအကွယ်ပေးဖို့ဖြစ်ပါတယ်။ လူထုကို ပညာပေးမယ်ဆိုရင် လူထုကအသိဖြစ်ပြီး ဆေးလိပ်သောက်တဲ့လူက ဆေးလိပ်မသောက်ရမယ့်နေရာမှာ မသောက်တဲ့အကျင့် ပါသွားမှာဖြစ်ပါတယ်။ ဒီလိုရည်ရွယ်ပြီးတော့ စီမံဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကျောက်တံတားမြို့နယ်မှာ ၂၀၁၉ ခုနှစ်မကုန်ခင် ဆေးလိပ်ငွေ့ကင်းစင်အောင် ဆောင်ရွက်မယ်"ဟု ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က ပြောသည်။

ယင်းကဲ့သို့ ဆေးလိပ်ငွေ့ကင်းစင်နယ်မြေသတ်မှတ်ရန် ၂၀၁၇ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးတစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်ရေးအတွက် **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✻

# မုန်တိုင်းငယ်အရှိန်ကြောင့် အချိန်အခါမဟုတ် မိုးရွာနိုင်


**နေပြည်တော် ဇန်နဝါရီ ၆**

ယနေ့ ညနေ ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့ တောင်-အနောက်တောင်ဘက် မိုင် ၁၅၀ ခန့်၊ ဟိုင်းကြီးကျွန်း၏ တောင်-အနောက်တောင်ဘက် ၂၇၅ မိုင်ခန့်နှင့် အိန္ဒိယနိုင်ငံ ကပ္ပလီကျွန်းစုကို ပို့ဘလဲယားမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေးသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သော်လည်း မြန်မာနိုင်ငံ ကိုကိုးကျွန်းသည် အားကောင်းသောမုန်တိုင်းငယ်၏ အဝန်းအဝိုင်းအတွင်းသို့ ကျရောက်နိုင်သဖြင့် အားကောင်းသောမုန်တိုင်းငယ်၏ သက်ရောက်မှုအန္တရာယ်ကို ခံစားရနိုင်သည်။

မုန်တိုင်းငယ်သည် ယနေ့ ညနေ ၆ နာရီခွဲအချိန်တွင် မြောက်လတ္တီကျု ၁၁. ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၂. ၇ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ နှုန်းဖြစ်ပြီး မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၁၂ နာရီအတွင်း မုန်တိုင်းငယ်အဖြစ် အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ■





ဦးဘဂျမ်း ချည်ချောလုံချည်
UBG
၁၀၀% ချည်သားစစ်စစ်ဖြင့်အထူးယက်လုပ်ထားပါသည်။
ကျောင်း၊ ရုံး၊ ကုမ္ပဏီ၊ အသင်းအဖွဲ့များအတွက် တူညီပုဆိုးများအထူးအော်ဒါလက်ခံပါသည်။
မြန်မာတစ်နိုင်ငံလုံးသို့ထုတ်လုပ်ဖြန့်ချိရောင်းချပေးနေပါပြီ...။
(ပင်ရင်း) မင်္ဂလာဈေး၊သိမ်ကြီးဈေး၊ရန်ကုန်မြို့၊၀၁ - ၂၀၅၀၃၀၊ ၀၁ - ၉၀၀၀၈၇၅၊ ၀၁ - ၈၆၁၉၄၇၅၊ ၀၉ - ၅၁၃၆၉၀၀၊